

တက္ကသိုလ်
ဝ မ် အ င် း ၏ ထိ ရှ က် ကျ
ပထမပိုင်း

မှိုးတက်ရွေး--၀၁၈

တက္ကသိုလ်

# သိန်းဖေအောင်

# ဓားကျိုး

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၈၃၁၁၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၆၀၉၁၁၀၈

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

တိုးတက်ရေး-၈၁၈၆

## မျက်နှာစိမ်းဧည့်သည်

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

အလင်းရောင် အားနည်းလာပြီး အမှောင်ရိပ်များ လွှမ်းမိုးလာသည်။

တောရိပ်တောင်ရိပ် လွှမ်းခြုံထားသော ဝှားချီကျေးရွာမှာ ညအမှောင် ဝင်လာသည်နှင့် မီးအိမ်များ ထွန်းညှိထားလိုက်ကြလေသည်။

ဝှားချီကျေးရွာသည် အိမ်ခြေတစ်ရာခန့်သာ ရှိသော ကျေးရွာလေး ဖြစ်ပါသည်။

ငါးမိုင်ခန့် ကွာဝေးသော သုဖန်းကျေးရွာနှင့်စာလျှင် ဗုားချီကျေးရွာမှာ ရွာသိမ်ရွာငယ်လေးတစ်ခုပမာ ဖြစ်သွားလေတော့သည်။

အမှန်တော့ ထိုသို့မဟုတ်ဘဲ ဗုားချီရွာက မြို့ကလေးတစ်မြို့အလား စည်ကားသိုက်မြိုက်ခဲ့ပြီး သုဖန်းကျေးရွာက ရွာသိမ်ရွာငယ် တစ်ခုသာ ဖြစ်ခဲ့သည်။

အချိန်ကာလ ကြာညောင်းလာသည်နှင့်အမျှ အရာရာသည် ပြောင်းလဲသွားသကဲ့သို့ ဗုားချီကျေးရွာနှင့် သုဖန်းကျေးရွာတို့၏ အခြေအနေလည်း ပြောင်းလဲသွားခဲ့သည်။

စည်ကားသော ဗုားချီကျေးရွာက ခြောက်သွေ့သွား၏။

ခြောက်သွေ့သော သုဖန်းကျေးရွာက စည်ကားသွားလေသည်။

နေဝင်ဖြိုးဖျအချိန်...

ဗုားချီကျေးရွာအတွင်းသို့ လူတစ်ယောက် ရောက်ရှိလာသည်။

ထိုလူမှာ ရွာသားတစ်ယောက် မဟုတ်ဘဲ မျက်နှာစိမ်းဧည့်သည်တစ်ယောက် ဖြစ်ပါသည်။

မျက်နှာစိမ်းသည် ရွာလမ်းမအတိုင်း လျှောက်လှမ်းလာယင်း ရွာလယ်ပိုင်းသို့ တဖြည်းဖြည်း ရောက်ရှိလာသည်။

လမ်းပေါ်၌ လူသွားလူလာ လုံးဝမရှိသလောက်ပင်၊ လမ်းဘေးတစ်ဘက်တစ်ချက်မှ အိမ်များသည် အချို့က မှောင်မှောင်မည်းမည်း ရှိနေပြီး အချို့အိမ်များကား မီးရောင်ရှိနေသည့်တိုင်အောင်



တံခါးများ ပိတ်ထားကြလေသည်။

ဗုားချီကျေးရွာ ဤမျှ တိတ်ဆိတ်ခြောက်ကပ်သွားရခြင်းကို မျက်နှာစိမ်းဧည့်သည် အံ့သြနေပါသည်။

"ဘာကြောင့်များ ဒီလောက်တောင် တိတ်ဆိတ်ခြောက်သွေ့သွားရတာလဲ"

မျက်နှာစိမ်းက ရှေ့တွင်ယင်း နှစ်ထပ် အဆောက်အဦးကြီးတစ်ခုရှေ့၌ ခြေလှမ်းရပ်လိုက်သည်။

နှစ်ထပ်အဆောက်အဦးကြီးသည် ရွာလယ်လမ်းလေးခွဆုံအနီး အချက်အခြာကျသော နေရာ၌ ရှိနေခြင်း ဖြစ်သည်။

ထိုအဆောက်အဦးကြီးသည် ယခင်က အလွန်စည်ကားသော စားသောက်ဆိုင်နှင့် တည်းခိုခန်း တွဲဖက်ဖွင့်လှစ်ထားသော ဆိုင်ကြီးတစ်ဆိုင် ဖြစ်ခဲ့လေသည်။

ယခုတော့ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

အတွင်းဘက်၌ ထွန်းညှိထားသော မီးရောင်အချို့က အပြင်ဘက် ဖြာကျနေ၏။

မျက်နှာစိမ်း စိတ်ပျက်သွားသည်။

"ဆိုင်ပိတ်ထားလိုက်ပြီ ထင်တယ်"

စားသောက်ဆိုင်နှင့် တည်းခိုခန်းကိုသာ ပိတ်ထားလိုက်ပါလျှင် ခက်ရမည်ဟုတွေးကာ စိတ်ပျက်သွားခြင်း ဖြစ်သည်။

ထိုစဉ် အဆောက်အဦးအတွင်းမှ အဘိုးအိုတစ်ယောက် ထွက်လာလေသည်။

မျက်နှာစိမ်းဧည့်သည်ကို ဦးညွတ်ကာ ဖိတ်ခေါ်လာလေသည်။

"ဆိုင်ထဲကို ကြွပါလား မောင်ရင်လေး"

အဘိုးအိုရဲ့စကားကြောင့် မျက်နှာစိမ်း ဝမ်းသာသွားလေသည်။

"ကျွန်တော်က ဆိုင်ပိတ်သွားပြီ ထင်နေတာ"

ပြောယင်း အဘိုးအိုနှင့်အတူ အတွင်းဘက် လှမ်းဝင်သွား၏။

စားသောက်ဆိုင်တစ်ဆိုင်၏ ထုံးစံအတိုင်း ပြင်ဆင်ထားခြင်း ဖြစ်လေသည်။

အဘိုးအိုက မျက်နှာစိမ်းဧည့်သည်(ဝါ)လူရွယ်အား စားပွဲတစ်လုံး၌ နေရာချထားပေးလိုက်သည်။

"ကျုပ်က ဆိုင်ဖွင့်ထားပါတယ်၊ စားသောက်မယ့်လူတွေကသာ ကျုပ်ဆိုင်ကို ရောက်မလာကြတော့တာပါကွယ်"

စားသောက်မည့်သူများ ရောက်မလာသဖြင့် ရောင်းမကောင်းနိုင်တော့ပါ။

ရောင်းမကောင်းလျှင် ဆိုင်ပိတ်ရမည့် အခြေအနေ ရောက်သွားလိမ့်မည် မဟုတ်ပါလား။

အဘိုးအိုက ယခုတိုင် ဆိုင်ဖွင့်ထားခြင်းမှာ သူ၏ဆိုင်ကို အလွန်သံယောဇဉ်တွယ်တာ၍ဖြစ်ကြောင်း ထင်ရှားနေပါသည်။

အဘိုးအို အားတုန့်အားနာဖြင့် ပြောလာသည်။

"မောင်ရင်လေးကိုတော့ အားနာပါတယ်ကွယ်၊ ကျုပ်ဆိုင်



မှာ စားသောက်စရာ စုံစုံလင်လင် မရနိုင်တော့တာ အမှန်ပဲ"

လူရွယ်က…

"ကိစ္စမရှိပါဘူး ခင်ဗျာ၊ ရှိတာသာ ယူခဲ့ပါ"

ပြောယင်း ငွေတုံးကလေးတစ်တုံး ထုတ်ပေးလိုက်သည်။

အဘိုးအို ဝမ်းသာအားရ ဖြစ်သွား၏။

သို့သော် သူ၏မျက်နှာ ချက်ခြင်း ညှိုးလျော်သွားသည်။

"မောင်ရင်လေး ငွေပေးတာတော့ ဟုတ်ပါပြီ၊ ကျုပ်မှာ ပြန်အမ်းစရာ မရှိဘူးကွဲ့"

"ကိစ္စမရှိပါဘူး၊ ပြန်မအမ်းပါနဲ့တော့ဗျာ"

"မောင်ရင်လေး တော်တော်သဘောကောင်းတာပဲ၊ ကျုပ်ဆိုင်ကို မောင်ရင်လေးလို ဧည့်သည်မျိုး တစ်လတစ်ယောက်လောက် ရောက်လာယင် သိပ်ကောင်းမှာပဲ"

ထို့နောက် သူ၏ဆိုင်၌ ရှိသမျှ စားသောက်စရာအားလုံး ယူလာပေတော့သည်။

အပေါစားအရက်တစ်အိုး ဘဲဥပြုတ် မြေပဲကြော် အသီးအရွက်ကြော်များ ဖြစ်လေသည်။

"ကောင်းလိုက်တာ၊ ကျွန်တော် ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

လူရွယ်က အားရပါးရ စားသောက်လိုက်လေသည်။

အဘိုးအို စိတ်သက်သာရာရသွားသည်။

သူ၏စားသောက်ဖွယ်ရာများသည် လူငယ်ပေးသည့် ငွေ၏ဆယ်ပုံတစ်ပုံဖိုးပင် ရှိမည် မဟုတ်ပါ။

လူရွယ်က သူစိတ်သက်သာရာရအောင် တမင်ပြောပြီး အားရပါးရ စားသောက်ပြလိုက်ခြင်း ဖြစ်သည်ဟုလည်း နားလည်မိသည်။

ယခုမှ တွေ့ဖူးသော်လည်း လူရွယ်သည် အလွန်သဘောထားပြည့်ဝပြီး စိတ်ကောင်းစေတနာရှိသူဖြစ်ကြောင်း နားလည်မိလေတော့သည်။

"ဂူကျူးရှိကြောင့်သာ မဟုတ်ယင် ခုလို ဖြစ်စရာအကြောင်း မရှိပါဘူး"

အဘိုးအို စိတ်မကောင်းစွာ ညည်းတွားလိုက်သံကြောင့် လူရွယ် ခေါင်းမော့ကြည့်လိုက်လေသည်။

အဘိုးအိုက...

"ဂူကျူးရှိ ပေါ်လာမှ သည်လိုဖြစ်ရတာ"

ဟုထပ်ပြီး ညည်းတွားလိုက်၏။

လူရွယ်သည် 'ဂူကျူးရှိ'ဆိုသည့်အမည်ကို စိတ်ဝင်စားသွားလေသည်။

သို့သော် မေးမြန်းခြင်း မပြုပါ။

အဘိုးအို ညည်းတွားနေသော်လည်း ကြောက်ရွံ့ထိတ်လန့်သည့်သဘော ရှိနေသည် မဟုတ်ပါလား။

မေးမြန်းလျှင်လည်း ပြောပြမည် မဟုတ်ဟု နားလည်ထားခြင်းကြောင့် ဖြစ်လေသည်။

စားစရာရှိသည်ကိုသာ ဆက်၍ စားသောက်နေလိုက်၏။

လူရွယ် စားသောက်ပြီးစီးသွားတော့မှ အဘိုးအိုက မေးလာ



လေသည်။

"ညမိုးချုပ်နေပြီ၊ မောင်ရင်လေး သည်မှာပဲ တည်းခိုမှာလား၊ ကျုပ်အိပ်ရာပြင်လိုက်မယ်လေ"

လူရွယ် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် သည်မှာ ညအိပ်ဖြစ်မယ် မထင်ပါဘူးဗျာ"

"မောင်ရင်လေး ခရီးဆက်မလို့လား၊ ညကြီးအချိန်မတော်ကွယ်၊ သည်နယ်မြေက အေးချမ်းတာလည်း မဟုတ်ဘူးကွဲ့"

လူရွယ်က စေတနာထားခြင်းကြောင့် အဘိုးအို၏စေတနာရောင်ပြန်ဟပ်လာသည်။

"ကျွန်တော် ခရီးဆက်စရာရှိလို့လဲ မဟုတ်သေးပါဘူးခင်ဗျာ"

"မောင်ရင်လေးက..."

"ကျွန်တော် လူတစ်ယောက်နဲ့ သည်နေရာမှာ ချိန်ထားလို့ပါ၊ သူရောက်လာမှ ဘာဆက်လုပ်ဖြစ်မယ်ဆိုတာ ပြောနိုင်မှာမို့ပါ"

အဘိုးအို ပိုပြီး ဖွံ့ဩသွားလေသည်။

လူရွယ်က...

"ကျွန်တော်နဲ့ ချိန်းထားတဲ့လူကို သည်မှာ ထိုင်စောင့်လို့ဖြစ်တယ် မဟုတ်လားဗျာ"

"ဖြစ်ပါတယ်...ဖြစ်ပါတယ်ကွယ်"

အဘိုးအိုသည် လူရွယ်၏ထူးခြားမှုကြောင့် လွတ်ခနဲ မေးလိုက်မိလေသည်။

"မောင်ရင်လေးနဲ့ ချိန်းထားတဲ့လူက ညအချိန်မတော်

ရောက်လာမှာလား"

လူရွယ် ခေါင်းညိတ်လိုက်သည်။

"ယွဲ့ဖိန်းဟာ လာမယ်လို့ပြောထားယင် လာဖြစ်အောင်ကို လာမယ့်လူတစ်ယောက်ပါ ခင်ဗျာ"

အဘိုးအိုမှာ မျက်နှာစိမ်းလူရွယ်ကို မသိသလို 'ယွဲ့ဖိန်း'ဆို သူကိုလည်း မသိပါ။

ယွဲ့ဖိန်းနှင့် မျက်နှာစိမ်းလူရွယ်တို့ အဘယ်ကြောင့် ချိန်း ထားကြသည်ကို ပို၍ပင် မသိနိုင်ပါချေ။

သိဖို့လည်း မကြိုးစားလိုပါ။

အကြောင်းကား မျက်နှာစိမ်းလူရွယ်မှာ သိုင်းလောကသား တစ်ယောက်ဖြစ်ကြောင်း သိထားခြင်းကြောင့် ဖြစ်လေသည်။

စားသောက်ဆိုင်နှင့် တည်းခိုခန်းပိုင်ရှင်တစ်ယောက်ဖြစ်၍ လူအမျိုးမျိုး စိတ်အထွေထွေကို တွေ့ကြုံခဲ့ဖူးပြီ ဖြစ်ပါသည်။

လူရွယ်သည် ထူးခြားသူ ဖြစ်နေသည်။

သိုင်းသမားတို့သည် သာမန်လူများထက်ပို၍ ထူးခြားသူ များ မဟုတ်ပါလော။

ထို့ကြောင့်လည်း လူရွယ်မှာ သိုင်းသမားဖြစ်ကြောင်း မည် သူမျှ ပြောပြစရာ မလိုဘဲ အဘိုးအို သိရှိနေခြင်း ဖြစ်ပါတော့သည်။

ထို့အပြင် သိုင်းသမားများနှင့် ပတ်သက်ပြီး အဘိုးအို ကောင်းစွာ သိရှိနားလည်ထားသော အချက်များ ရှိနေပါသေး၏။

မေးမြန်းစပ်စုခြင်းကို ရှောင်ကြဉ်ရမည်ဆိုသော အချက်ကို အဓိက လက်ဆုပ်လက်ကိုင်ထားရန် ဖြစ်လေသည်။



သိုင်းသမားတို့နှင့် ဆက်ဆံရာတွင် ထိုအချက်က ပို၍ အဓိကကျသည်ဟု နားလည်ထားပေတော့သည်။

"ကောင်းပါပြီကွယ်၊ မောင်ရင်လေးနဲ့ ချိန်းထားတဲ့လူကို စောင့်မယ်ဆိုယင်လည်း စောင့်လို့ရပါတယ်၊ လိုအပ်တာရှိယင် ကျုပ် ကို လှမ်းခေါ်လိုက်ပါ"

သိုင်းသမားများနှင့် ဝေးဝေးရှောင်ရမည်ဆိုသော နောက် ထပ်ခံယူချက်တစ်ခုကို လက်တွေ့ကျင့်သုံးလိုက်ခြင်း ဖြစ်သည်။

အဘိုးအို ဆိုင်အနောက်ဘက်သို့ ဝင်သွားသောအခါ လူရွယ် မှာ ဆိုင်တံခါးပေါက်ကို မျက်နှာမူ၍ထိုင်လျက် တစ်ယောက်ထဲ ကျန် ရစ်ခဲ့လေတော့သည်။

♣ ♣ ♣

အမှောင်ထုသည် ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလိုက်ပြီ ဖြစ်လေသည်။

ဇွားချီကျေးရွာကလေးမှာ မှောင်နှင့် မည်းမည်း ဖြစ်သွား၏။

အသံဗလံဟူ၍ စိုးစဉ်းမျှ မကြားရအောင်လည်း တိတ်ဆိတ် ငြိမ်သက်သွားလေသည်။

စားသောက်ဆိုင်ထဲ၌ကား ဝါကျင့်ကျင့် မီးရောင်ရှိနေဆဲ။

မျက်နှာစိမ်းဧည့်သည် လူရွယ်သည် တံခါးပေါက်ကို မျက်နှာမူကာ ကျောက်ရုပ်အလား တုတ်တုတ်မျှမလှုပ်ဘဲ ထိုင်နေ၏။

ဆိုင်ထဲ၌ အလင်းရောင်ရှိနေသဖြင့် အပြင်ဘက်မှ ကြည့်လျှင် ထိုင်နေသော လူရွယ်ကို အတိုင်းသား တွေ့ရမည် ဖြစ်ပေသည်။

သို့သော် အပြင်ဘက်၌ မှောင်မှောင်မည်းမည်း ရှိနေခြင်းကြောင့် ဆိုင်ထဲမှ လူရွယ်သည် အပြင်ဘက်သို့ ကောင်းစွာ တွေ့မြင်ရမည် မဟုတ်ပါ။

သို့တိုင် လူရွယ်သည် တစ်စုံတစ်ခုကို တွေ့မြင်ရတော့မည့်အလား မမိုတ်မသုန် ကြည့်နေသည်။

သူနှင့် ချိန်းထားသူအား စောင့်မျှော်နေခြင်း ဖြစ်သည်။

ချိန်းထားသည့် ယွဲ့ဖိန်းဆိုသူ မလွဲမသွေ ရောက်ရှိလာမည် ဟုလည်း ယုံကြည်ထားပုံရလေသည်။

ယွဲ့ဖိန်းမှာ မည်သူ ဖြစ်ပါသနည်း။

လူရွယ်ကကော မည်သူ ဖြစ်ပါသနည်း။



အဘယ်သို့သော အကြောင်းကိစ္စဖြင့် ဤနေရာ၌ ချိန်းဆိုထားကြပါသနည်း။

လူရွယ်မှာ မုယုံကျင်း ဖြစ်ပါသည်။

မုယုံကျင်းနှင့် ယွဲ့ဖိန်းတို့သည် ပညာသင်ဘက် သွေးသောက်ညီအစ်ကိုများ ဖြစ်ကြသည်။

ထို့အပြင် ပြိုင်ဘက်များလည်း ဖြစ်ကြလေသည်။

မုယုံကျင်းက ဇွားချီကျေးရွာသို့ ရောက်ရှိလာခြင်းမှာ သွေးသောက်ညီအစ်ကိုယွဲ့ဖိန်းနှင့် သိုင်းပညာ ယှဉ်ပြိုင်ဖို့ ဖြစ်ပေသည်။

မုယုံကျင်းသည် ယွဲ့ဖိန်းနှင့် ယှဉ်ပြိုင်ရန် အကြောင်းပေါ်ပေါက်လာသည့် အတိတ်က ဖြစ်ရပ်များကို ပြန်လည်မြင်ယောင်လာမိလေတော့သည်။

♣ ♣ ♣

# ထိပ်ဆုံး

ပညာရှင်ဝမ်းသည် သိုင်းလောကနှင့် ပတ်သက်၍ နှစ်ပေါင်းများစွာလေ့လာသုံးသပ်ပြီး သိုင်းလောက၌ အတော်ဆုံး သိုင်းသမား၊ အကောင်းဆုံး သိုင်းပညာ၊ အထက်မြက်ဆုံး လက်နက် စသည်ဖြင့် စာရင်းပြုစုခဲ့သည်။

ပညာရှင်ဝမ်း၏စာရင်း၌ 'စစ်လိန်တောင်'မှ 'ခုံကျူးရသေ့' သည် အတော်ဆုံး သိုင်းသမားအဖြစ် ဖော်ပြထားသည်။

အထက်မြက်ဆုံး သိုင်းပညာမှာ 'ရှောင်လင်ကျောင်း'မှ 'တာမိုသိုင်းကျမ်း' ဖြစ်သည်။

အထက်မြက်ဆုံးလက်နက်ကား 'ဓားကျိုး' ဖြစ်လေသည်။



မုယုံကျင်းနှင့် ယွဲ့ဖိန်းတို့သည် အတော်ဆုံး သိုင်းသမား ခုံကျူးရသေ့ထံ၌ သိုင်းပညာ သင်ယူခဲ့ကြသော သွေးသောက်ညီအစ်ကိုများ ဖြစ်လေတော့သည်။

♣ ♣ ♣

လွန်ခဲ့သော သုံးနှစ်က ဗားချီကျေးရွာသည် ယခုကဲ့သို့ ရွာပျက်ကြီးအလား ခြောက်သွေ့တိတ်ဆိတ်နေခြင်းမျိုး မဟုတ်ဘဲ အလွန်ပင် စည်ကားသိုက်မြိုက်ခဲ့လေသည်။

လယ်ယာကိုင်းကျွန်းလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ခြင်း၊ သယံဇာတ ပေါကြွယ်ဝခြင်းတို့ကြောင့် ချမ်းသာကြွယ်ဝခဲ့လေသည်။

အနယ်နယ်အရပ်ရပ်မှ အလုပ်အကိုင် လာရောက်ရှာဖွေကြသူများ၊ ကုန်သည်ပွဲစားများလည်း ဝင်ထွက်သွားလာမစဲ ရှိခဲ့သည်။

စည်းစိမ်စားသောက်ဆိုင်သည် ဗားချီကျေးရွာသို့ ရပ်ဝေးမှ ရောက်ရှိလာသူများအတွက် အကောင်းဆုံးဆိုင် ဖြစ်ခဲ့ပြီး အမြဲမပြတ် လူစည်ကားနေတတ်သည်။

ထို့ကြောင့်လည်း မုယုံကျင်းနှင့် ယွဲ့ဖိန်းတို့ ဗားချီကျေးရွာသို့ ရောက်ရှိလာကြသောအခါ စည်းစိမ်စားသောက်ဆိုင်၌ အနားယူ စားသောက်ခဲ့ကြလေသည်။

နှစ်ယောက်သား စစ်လိန်တောင်မှ ခုံကျူးရသေ့ထံ၌ ဆယ်နှစ်ဆယ်မိုး သိုင်းပညာသင်ကြားပြီး ပညာပြည့်စုံ၍ ပြန်လာခဲ့ကြခြင်း ဖြစ်ပါသည်။

စည်းစိမ်စားသောက်ဆိုင်မှ အရက်နှင့် ဟင်းလျာများက အရသာရှိလှသည်။

ခရီးပမ်းခဲ့သည့်အပြင် ဆာလောင်မွတ်သိပ်နေခြင်းကြောင့် မုယုံကျင်း အားရပါးရ စားသောက်လိုက်သည်။

ယွဲ့ဖိန်းကား မုယုံကျင်းကဲ့သို့ မဟုတ်ပါ။

တို့ကနန်းဆိတ်ကနန်းစားပြီး အရက်တစ်ခွက်ပြီးတစ်ခွက် သောက်နေ၏။

ယွဲ့ဖိန်း အရက်သုံးခွက်သောက်ပြီးနောက် တစ်ခွက် ထပ်ငှဲ့လိုက်သောအခါ မုယုံကျင်း သတိပြုမိသွားလေသည်။

"ယွဲ့ဖိန်း၊ မင်းသုံးခွက်သောက်ပြီးပြီ၊ နောက်ထပ်တစ်ခွက် သောက်ဦးမလို့လား"

ယွဲ့ဖိန်းက...

"မင်းကော ဘာကြောင့် သည်လောက်တောင် စားနေရတာလဲကွ"

"ငါဗိုက်ဆာနေပြီလေ စားလို့ကောင်းလို့ပေါ့"

"အေး... ငါလည်း သောက်လို့ကောင်းလို့ပေါ့"

"ဟေ"

ယွဲ့ဖိန်း၏စကားကြောင့် မုယုံကျင်း အံ့သြသွားသည်။

"ယွဲ့ဖိန်း မင်းဘယ်လို ပြောလိုက်တာလဲ"

"မင်းက စားလို့ကောင်းလို့စားတယ်၊ ငါက သောက်လို့ကောင်းလို့သောက်တယ်၊ ဒါပဲလေ"

"ယွဲ့ဖိန်း မင်းဘယ်လို ဖြစ်နေတာလဲ"



ယွဲ့ဖိန်း နောက်ပြောင်နေသည် ထင်မိသော်လည်း သူ၏ မျက်နှာ ခပ်တည်တည် ရှိနေသဖြင့် အတည်ပြောနေခြင်းဖြစ်ကြောင်း မုယုံကျင်း သိလိုက်ရ၏။

မုယုံကျင်းမှာ ယွဲ့ဖိန်းအား ပညာသင်ဘက် သွေးသောက် ထက်ပို၍ တကယ့် ညီအစ်ကိုအရင်းပမာ သဘောထားမိခဲ့လေသည်။

မုယုံကျင်းသည် မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက် ဖြစ်သည်။

သူတို့၏ရွာမှ ဘုံကျောင်းစောင့်အဘိုးအိုက သနားသဖြင့် ကျွေးမွေးစောင့်ရှောက်ထားခဲ့သည်။

တစ်နေ့တွင် ခုံကျူးရသေ့သည် ခရီးကြုံသဖြင့် ဘုံကျောင်း၌ ဝင်ရောက်ဖူးမျှော်ကန်တော့ယင်း ဝေယျာဝစ္စများ လုပ်ကိုင်ပေးနေသည့် မုယုံကျင်းအား တွေ့သွားခဲ့လေသည်။

ထိုစဉ်က မုယုံကျင်းမှာ အသက်ဆယ့်သုံးနှစ်သာ ရှိသေး၏။

မုယုံကျင်း၏ဘဝကို သိရှိသွားသော ခုံကျူးရသေ့က သနားပြီး စစ်လိန်တောင်သို့ ခေါ်သွားကာ သိုင်းပညာ သင်ကြားပေးခဲ့သည်။

မုယုံကျင်း စစ်လိန်တောင်သို့ ရောက်ပြီး နောက်တစ်နှစ်တွင် ယွဲ့ဖိန်း ရောက်လာခြင်း ဖြစ်သည်။

ယွဲ့ဖိန်းသည် ခုံကျူးဆရာတော်၏ ငယ်သူငယ်ချင်းဖြစ်သော သူဌေးသားနန်းကုန်း၏မြေး ဖြစ်သည်။

သူဌေးသားနန်းကုန်း၏မျက်နှာကို ထောက်ထားကာ ခုံကျူးရသေ့က ယွဲ့ဖိန်းအား တပည့်အဖြစ် လက်ခံလိုက်ရလေသည်။

မုယံကျင်းနှင့် ယွဲ့ဖိန်းတို့သည် စစ်လိန်တောင်၌ ဆယ်နှစ်ဆယ်မိုး နေထိုင်ကာ သိုင်းပညာ သင်ယူခဲ့ကြသည်။

အရွယ်ရောက်ပြီး သိုင်းပညာ ပြည့်စုံသောအခါ ခုံကျူးရသေ့က စစ်လိန်တောင်မှ ဆင်းသွားခွင့်ပြုခဲ့လေသည်။

မုယုံကျင်းနှင့် ယွဲ့ဖိန်းတို့သည် စစ်လိန်တောင်မှ ထွက်ခွာလာယင်း ဝှားချီကျေးရွာ၌ ခရီးတစ်ထောက် နားခဲ့ကြခြင်း ဖြစ်လေသည်။

ဆယ်နှစ်လုံးလုံး ညီအစ်ကိုများပမာ ရင်းနှီးချစ်ခင်စွာ နေထိုင်ခဲ့ပြီး ယခုမှ ယွဲ့ဖိန်းက တစိမ်းဆန်နေသောကြောင့် မုယုံကျင်း မချင့်မရဲ ဖြစ်သွား၏။

"ယွဲ့ဖိန်း မင်းဘယ်လို ဖြစ်နေတာလဲ အရက်မူးနေပြီလား"

ယွဲ့ဖိန်းက...

"အရက်သုံးခွက် မပြောနဲ့ သုံးအိုးသောက်တောင် ငါဘာမှ ဖြစ်မှာ မဟုတ်ဘူးကွ"

"ငါက မင်းကို စေတနာနဲ့ ပြောခဲ့တာလေ"

ယွဲ့ဖိန်း ရုတ်တရက် ပြုံးလိုက်သည်။

မုယုံကျင်းကို စိုက်ကြည့်လိုက်သည်။

"မင်း တကယ်ပဲ ငါ့အပေါ် စေတနာထားတာလား"

"ဒါပြောနေစရာ လိုသေးသလား၊ စစ်လိန်တောင်မှာ အတူအိပ်၊ အတူစား၊ သိုင်းပညာ အတူတကွ သင်ယူခဲ့ကြတယ်၊ တို့နှစ်



ယောက်ဟာ သွေးသားမတော်စပ်ပေမယ့် ဆရာရသေ့ရဲ့ အရိပ်အောက်မှာ တကယ့် ညီရင်းအစ်ကိုတွေလို ဖြစ်ခဲ့ကြတာပဲ မဟုတ်လား"

ယွဲ့ဖိန်းက...

"ငါ့အပေါ် တကယ်ပဲ စေတနာထားတယ် မထားဘူးဆိုတာသာ သိချင်တာ"

"ဟာ... မင်းကလည်း တစ်ယောက်နဲ့တစ်ယောက် ညီရင်းအစ်ကိုတွေလို ဖြစ်နေမှတော့ ဘာကြောင့် စေတနာ မထားနိုင်ရမှာလဲကွ"

"အေး... ငါ့အပေါ်မှာ စေတနာထားတယ်ဆိုယင် မင်းရဲ့ ဇာတိကျေးရွာကို ပြန်ပြီး လယ်ယာကိုင်းကျွန်း လုပ်ပေတော့"

"ဟေ"

မုယုံကျင်း အံ့သြသွားရပြန်လေသည်။

"လယ်ယာကိုင်းကျွန်းလုပ်ရမယ် ဟုတ်လား၊ ယွဲ့ဖိန်း ပညာပြည့်စုံလို့ စစ်လိန်တောင်က ဆင်းနိုင်ပြီဆိုယင် သိုင်းသမားဘဝနဲ့ သိုင်းလောကမှာ ကျင်လည်ကျက်စားသွားမယ်လို့ မင်းကို ငါပြောခဲ့ဖူးတာ မင်းမေ့သွားပြီလားကွ"

ယွဲ့ဖိန်း ခေါင်းခါယမ်းလိုက်သည်။

"ငါမမေ့ပါဘူး"

"ဒါဖြင့် ငါ့ကို ရွာပြန်ပြီး လယ်ယာကိုင်းကျွန်းလုပ်ဖို့ ဘာကြောင့် ပြောရတာလဲ၊ ငါသိုင်းပညာ သင်ထားတာတွေ အလကား ဖြစ်သွားတော့မှာပေါ့"

"အေးလေ၊ ငါကလည်း ငါ့အပေါ် စေတနာထားယင် လယ်ယာကိုင်းကျွန်း ပြန်လုပ်ဖို့ပြောတာ မင်းမလုပ်ချင်ယင်လည်းနေပေါ့ကွာ"

ရုတ်တရက် မုယုံကျင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တောင့်တင်းသွားလေသည်။

စေတနာထားလျှင် လယ်ယာကိုင်းကျွန်း ပြန်လုပ်ရမည်။

လယ်ယာကိုင်းကျွန်း ပြန်လုပ်လျှင် သိုင်းလောကသို့ သွားစရာ မလိုတော့ပါ။

ယွဲ့ဖိန်းက အဘယ်ကြောင့် သိုင်းလောကသို့ မသွားစေလိုရပါသနည်း။

မုယုံကျင်း မျက်လုံးပြူးကာ ယွဲ့ဖိန်းကို ကြည့်လိုက်သည်။

အံ့သြစရာကောင်းအောင်ပင် ယွဲ့ဖိန်းအား ယခုမှ တွေ့ဖူးမြင်ဖူးသူတစ်ယောက်ပမာ ခံစားလိုက်ရ၏။

ဆယ်နှစ်ဆယ်မိုး ညီအစ်ကိုပမာ နေထိုင်ခဲ့သော ယွဲ့ဖိန်းမှာ မည်သည့်နေရာသို့ ရောက်သွားမှန်းမသိတော့ပါ။

ယခု တွေ့နေရသော ယွဲ့ဖိန်းသည် လူစိမ်းတစ်ယောက်ကဲ့သို့ ဖြစ်နေပါတော့သည်။

"ငါက လယ်ပြန်မလုပ်ဘူးဆိုယင် မင်းကို စေတနာ မထားဘူးလို့ မင်းပြောချင်တာ မဟုတ်လား၊ မင်းကို စေတနာထားတာနဲ့ ရွာပြန် လယ်လုပ်တာနဲ့ ဘာဆိုင်လို့လဲကွ"

ယွဲ့ဖိန်းက...

"သိပ်ဆိုင်တာပေါ့ကွာ၊ မင်းသာ ရွာမပြန်ဘဲ သိုင်းလောက



ထဲ သွားမယ်ဆိုယင် 'ဓားကျိုး'ကို လိုချင်လို့ပဲ ဖြစ်ရမှာပေါ့"

မုယုံကျင်းက...

"စစ်လိန်တောင်က ဆင်းပြီးယင် သိုင်းလောကထဲ သွားကြမယ်၊ 'ဓားကျိုး'ကို ရအောင် ကြိုးစားကြမယ်လို့ မင်းနဲ့ ငါ တိုင်ပင်ထားကြဖူးတာပဲ မဟုတ်လား၊ တို့ရဲ့ ဆရာရသေ့ကလည်း 'ဓားကျိုး'ကိုရအောင် ကြိုးစားသင့်တယ်လို့ မှာလိုက်သေးတာပဲ မဟုတ်လားကွာ"

ယွဲ့ဖိန်းက...

"ဓားကျိုးကို ဘယ်သူရသင့်တာလဲ"

"ငါတို့နှစ်ယောက်ပေါ့"

မုယုံကျင်းက အဖြေပေးလိုက်သည်။

ယွဲ့ဖိန်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးပါဘူး၊ ငါတို့လို့ ပြောပေမယ့် မင်းလိုချင်နေတာပါ၊ ဓားကျိုးက တစ်ချောင်းထဲရှိတယ်၊ မင်းလိုချင်နေတော့ ငါဘယ်လိုလုပ်ရနိုင်တော့မှာလဲ"

မုယုံကျင်းက...

"ငါရတော့ကော မင်းရတာနဲ့ အတူတူပဲ မဟုတ်လား၊ တို့နှစ်ယောက် ခွဲခြားလို့မှမရတာ"

"မဖြစ်နိုင်ဘူး၊ မင်းရတာ ငါရတာ မတူဘူး၊ ရတဲ့လူ မရတဲ့လူ ကွဲပြားတယ်"

"ဒါဆိုလည်း မင်းယူလိုက်ပေါ့"

ယွဲ့ဖိန်းက မုယုံကျင်းအား စိုက်ကြည့်လိုက်သည်။

"မင်းတကယ် ပြောတာလား"

"ဒါပေမယ့် မင်းရလည်း ငါရတာပဲလို့ ငါသဘောထားနိုင်တာပေါ့ကွာ"

"မဆိုးဘူး၊ ဒါဖြင့် မင်းက လယ်ယာကိုင်းကျွန်း ပြန်လုပ်တော့မှာပေါ့"

"ဟာ...ငါက သိုင်းလောကထဲသွားမှာ၊ သိုင်းသမားတစ်ယောက်ဘဝ ခံယူသွားမယ်လို့ မင်းကို ပြောပြီးပြီလေ"

ယွဲ့ဖိန်း ခေါင်းခါယမ်းလိုက်သည်။

"ဒါဆို မဖြစ်သေးဘူး"

"ဘာကို မဖြစ်ရမှာလဲ"

"မင်းက သိုင်းလောကထဲသွားမယ်၊ ငါကလည်း ဓားကျိုးကိုရပြီး သိုင်းလောကထဲမှာ ရှိမယ်၊ ဒါဆို မင်းနဲ့ ငါ တစ်နေ့မှာ ပြိုင်ဘက်တွေ ဖြစ်မလာဘူးလို့ ဘယ်သူပြောနိုင်မှာလဲ"

"ဘာကွ"

မုယုံကျင်း၏အသံ ကျယ်လောင်သွားလေသည်။

နံဘေး စားပွဲဝိုင်းများ၌ စားသောက်နေကြသူများက လှည့်ကြည့်လာကြလေသည်။

ယွဲ့ဖိန်းက မျက်နှာထားတင်းတင်းဖြင့် ကြည့်လိုက်သောအခါ အလှို့အလှို့ မျက်နှာလွှဲသွားကြလေသည်။

ယွဲ့ဖိန်းက အရက်တစ်ခွက် ငှဲ့သောက်ပြီး မုယုံကျင်းဘက်ပြန်လှည့်လိုက်သည်။

မုယုံကျင်း မယုံနိုင်အောင် ဖြစ်နေသည်။



"မင်း...မင်း ဘယ်လိုပြောလိုက်တာလဲကွာ"

ယွဲ့ဖိန်း ပြုံးလေသည်။

"တစ်နေ့ကျယင် တို့နှစ်ယောက် ပြိုင်ဘက်တွေ ဖြစ်လာနိုင်တယ်လို့ ပြောတာလေ"

"မဖြစ်နိုင်တာပဲ"

"မုယုံကျင်း၊ လောကကြီးဟာ ထာဝရပြောင်းလဲနေတာကွ၊ မဖြစ်နိုင်တာ ဘာမှမရှိဘူး၊ သည့်ရှာနဲ့ သည့်စားသောက်ဆိုင် ဘယ်လောက်ပဲ စည်ကားနေပါစေ တစ်နေ့ တိတ်ဆိတ်ခြောက်ကပ်မသွားဘူးလို့ ဘယ်သူပြောနိုင်မလဲ"

"မင်းတော်တော် ခက်ပါလား"

မုယုံကျင်း ညည်းတွားလိုက်လေသည်။

ယွဲ့ဖိန်းက...

"တို့ရဲ့ ဆရာရသေ့ဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတယ်၊ အားလုံး လက်ခံတယ်၊ ကြည်ညိုလေးစားကြတယ်၊ ဆရာရသေ့အိုမင်းမစွမ်း ရှိလာတဲ့အခါ သူ့ရဲ့ သိုင်းပညာတွေ အကျိုးမဲ့ ဖြစ်ကုန်မှာ စွေးပြီး ပညာအမွေဆက်ခံမယ့် တပည့်တစ်ယောက် ရှာခဲ့တယ်၊ ဒါပေမယ့် တပည့်ရတော့ နှစ်ယောက် ဖြစ်နေတယ်"

အကြောင်းရှိ၍ ပြောနေမှန်း မုယုံကျင်း ရိပ်မိကာ ငြိမ်နေလိုက်လေသည်။

"ဆရာရသေ့က သူ့ရဲ့ပညာနဲ့ သူ့လက်ထက်မှာ ပြိုင်ဘက်ကင်းခဲ့ပေမယ့် တို့လက်ထက်ရောက်လာတော့ တစ်ယောက်ထဲမဟုတ်ဘဲ နှစ်ယောက် ဖြစ်နေပြီ၊ ဒါကြောင့် ပြိုင်ဘက်မကင်းနိုင်

တော့ဘူး၊ ပြိုင်ဘက်ရှိနေပြီပေါ့ကွာ"

မုယုံကျင်း မနေနိုင်တော့ပေ။

"ယွဲ့ဖိန်း၊ မင်းဘာတွေတွေးပြီး ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်းအတွေးခေါင်နေပြီကွ"

"ဟား...ဟား...ဟား"

ယွဲ့ဖိန်း ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းဟာ ငါ့ရဲ့ပြိုင်ဘက် ဖြစ်နေပြီလေကွာ"

"မင်း...မင်း"

"မင်းက ဓားကျိုးလိုချင်တယ်၊ သိုင်းလောကမှာ ပြိုင်ဘက်ကင်းသိုင်းသမား ဖြစ်ချင်တယ် မဟုတ်လား"

"ဘာဆိုင်လို့လဲ"

"မုယုံကျင်း၊ မင်းရွာမပြန်တော့ဘဲ သိုင်းလောကမှာ ကျင်လည်ကျက်စားတော့မယ်ဆိုကတည်းက မင်းမှာ ဘယ်လိုသဘောထားရှိတယ်ဆိုတာ ငါသိပါတယ်ကွာ"

"ယွဲ့ဖိန်း၊ မင်းမဟုတ်တာတွေ လျှောက်ပြောမနေနဲ့နော်"

"မုယုံကျင်း၊ ငါက မင်းကို တကယ် တအူတုံဆင်း ညီရင်းအစ်ကိုတစ်ယောက်လို သဘောထားခဲ့တယ်၊ ဒါပေမယ့် မင်းကတော့ ဓားကျိုးကို ရဖို့ ပြိုင်ဘက်ကင်းသိုင်းသမားဖြစ်ဖို့လောက်ပဲ အဓိကထားရည်ရွယ်နေတယ်ဆိုတာ ငါကောင်းကောင်း သိပါတယ်ကွာ"

မုယုံကျင်း ဒေါသဖြစ်လာလေသည်။

"ယွဲ့ဖိန်း၊ မင်းရဲ့စကားတွေကို မင်းပြန်ရုပ်သိမ်းပါ၊ မဟုတ်တာတွေ တွေးပြီး ငါ့ကို မစွပ်စွဲနဲ့၊ မင်းထင်သလို မဟုတ်ဘူးကွ"



ယွဲ့ဖိန်းက...

"ငါတို့ ဆယ်နှစ်ဆယ်မိုး အတူတူ နေလာခဲ့ကြတာပါ၊ မင်းအကြောင်းကို ငါသိတာပေါ့၊ ဆရာက သူ့ရဲ့ခြေရာကို ငါတို့နှစ်ယောက်ထဲက တစ်ယောက်နင်းနိုင်လိမ့်မယ်၊ ဓားကျိုးကို ရအောင်ယူပြီး ပြိုင်ဘက်ကင်းသိုင်းသမား ဖြစ်လာလိမ့်မယ်လို့ ဟောကိန်းထုတ်ခဲ့ကတည်းက မင်းမှာ ဘယ်လိုသဘောထားရှိတယ်ဆိုတာ ငါသိလိုက်တာပေါ့"

မုယုံကျင်း အံကြိတ်လိုက်သည်။

"ယွဲ့ဖိန်း၊ မင်းအရက်မူးနေပြီ၊ မင်းပါးစပ်ပိတ်ထားလိုက်ယင် ကောင်းမယ်"

ယွဲ့ဖိန်း ခေါင်းခါယမ်းလိုက်သည်။

"ငါ ဘာကြောင့် အရက်မူးရမှာလဲ၊ နောက်ထပ် ဆယ်အိုးသောက်တောင် မမူးဘူးကွ၊ စစ်လိန်တောင်က ဆင်းလာတဲ့ လမ်းခရီးတစ်လျှောက်လုံး မင်းပျော်မြူးနေတယ်၊ သိုင်းလောကအကြောင်းချည့် ပြောနေတယ်၊ သည်တော့ မင်းမှာ ဘယ်လိုရည်ရွယ်ချက် ရှိနေပြီဆိုတာ ငါသိလိုက်တာပေါ့"

မုယုံကျင်းက...

"မင်းဆက်ပြီး မတရားစွပ်စွဲနေမယ်ဆိုယင် ငါသည်းခံတော့မှာ မဟုတ်ဘူး"

တင်းတင်းမာမာ ပြောလိုက်တော့သည်။

ယွဲ့ဖိန်းက...

"ငါသည်လို ပြောတာနဲ့တောင် မင်းဒေါသ ဖြစ်နေယင် သိုင်း

လောကထဲမှာ ငါနာမည်ရလာခဲ့ယင် ပိုလို့တောင် ကျေနပ်နိုင်မှာ မဟုတ်ဘူး၊ မင်းပြိုင်ဘက်ကင်းဖြစ်ဖို့ ငါဟာ အနှောင့်အယှက်တစ်ခု လို့ သဘောမထားဘဲ နေတော့မှာလား"

"မင်း...မင်း..."

"သိုင်းလောကက တခြားစွမ်းရည်ပြည့်စုံတဲ့ သိုင်းသမား တွေကို ခဏထားလိုက်ပါဦး၊ ငါဟာ မင်းနဲ့ တစ်ဆရာတည်းအတူတူ ပညာသင်ခဲ့တော့ ငါ့ကို ပိုပြီး မနာလို ဖြစ်မိမှာပဲ"

မုယုံကျင်း အေးတိအေးစက် ပြောလိုက်သည်။

"မင်းသည်လောက်တောင် ဖြစ်နေယင်လည်း နောင်တစ် ချိန်ကို စောင့်နေစရာ မလိုတော့ပါဘူးလေ"

ယွဲ့ဖိန်း၏မျက်နှာတွင် ထူးခြားသော အရိပ်အရောင်များ ဖြစ်ပေါ်လာလေသည်။

"အခုပဲ ယှဉ်ပြိုင်ချင်လို့လား"

မုယုံကျင်းက...

"တစ်နေ့ ပြိုင်ဘက် ဖြစ်လာမယ်လို့ မင်းပြောတာပဲ၊ ဘာ ကြောင့် အဲသည်တစ်နေ့ကို အချိန်ကုန်ခံပြီး စောင့်နေရတော့မှာလဲ ကွ"

"ကောင်းပြီလေ၊ ခုကတည်းက ဖြေရှင်းထားလိုက်ယင် နောင်တစ်ချိန်အတွက် စိတ်ပူစရာ မလိုတော့ဘူးပေါ့"

ယွဲ့ဖိန်း ထိုင်ရာမှ ထလိုက်သည်။

"တို့ သည်ရွာထဲ ဝင်လာတုန်းက ရွာစွန်မှာ မြေကွက်လပ် တစ်ခု ရှိနေတာ တွေ့ခဲ့တယ် မဟုတ်လား၊ လူလည်းရှင်းတယ်၊ အဲ



သည် မြေကွက်လပ်ကို သွားကြတာပေါ့"

"စိန်လိုက်လေ"

ထို့နောက် ကျသင့်ငွေပေးချေကာ နှစ်ယောက်သား ဆိုင်ထဲ မှ ထွက်သွားကြလေတော့သည်။

♣ ♣ ♣

## ယှဉ်ပြိုင်ခြင်း

ရွာစွန်၌ သိုင်းပညာ ယှဉ်ပြိုင်ရန် နေရာကောင်းတစ်ခုသဖွယ် ဖြစ်သည့် ကျယ်ဝန်းသော မြေကွက်လပ်တစ်ခု ရှိနေသည်။

မြေကွက်လပ်နံဘေး၌ သစ်ပင်ကြီးသုံးလေးပင်နှင့် ချုံနွယ်အချို့သာ ရှိနေသည်။

မြေကွက်လပ်ကြီးနှင့် မလှမ်းမကမ်း၌ သင်္ချိုင်းမြေ ရှိနေခြင်းကြောင့် လူသွားလူလာလည်း မရှိသလောက် တိတ်ဆိတ်ခြောက်ကပ်နေသည်ဟု ဆိုနိုင်သည်။

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့ မြေကွက်လပ်သို့ ရောက်ရှိသွားကြပြီး မျက်နှာချင်းဆိုင် နေရာယူလိုက်ကြသည်။



ပညာသင်ဘက်များဘဝမှ ပြိုင်ဘက်များဘဝသို့ ရုတ်တရက် ကူးပြောင်းသွားသည်မှာ ကံတရားကြောင့်ဟုပင် ဆိုရပေတော့မည်။

မုယုံကျင်းသည် ယွဲ့ဖိန်းနှင့် တကယ်တမ်း ယှဉ်ပြိုင်ရမည်ဆိုသောအခါ စိတ်မကောင်း ဖြစ်သွားလေသည်။

"ယွဲ့ဖိန်း၊ မင်းနဲ့ ငါ မယှဉ်ပြိုင်ချင်တော့ဘူး"

ဟုပြောလိုက်သည်။

"ဟောဗျာ"

ယွဲ့ဖိန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"မင်းအပြောင်းအလဲ မြန်လှချည်လား၊ စောစောကပဲ ငါနဲ့ ယှဉ်ပြိုင်မယ်လို့ ပြောခဲ့တယ် မဟုတ်လား"

"ဒါက ငါ့ကို စွပ်စွဲနေတော့ ရုတ်တရက် ဒေါသထွက်ပြီး ပြောမိတာပါလေ၊ တကယ်တော့ မင်းနဲ့ ငါ ညီအစ်ကိုတွေလို ဖြစ်နေပါပြီ၊ ဘာမှ စိတ်ဝမ်းကွဲစရာမလိုဘူး၊ ယှဉ်ပြိုင်စရာလည်း မလိုပါဘူးကွာ"

ယွဲ့ဖိန်း ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်တော့ဘူးကွ"

"ဘာကို မဖြစ်တာလဲ"

"မင်းက အခုယှဉ်မယ်ပြောပြီး အခုပဲ မယှဉ်ချင်တော့ဘူးပြောတယ်၊ နောင်အခါကျမှ ယှဉ်ချင်တယ်ပြောယင် ဘယ်လိုလုပ်မလဲ"

"မဖြစ်နိုင်တာပဲကွာ"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ အခုပဲ သက်သေရှိနေပြီ၊ ဒါတောင် ငါ့စကားကို မင်းမကျေမနပ် ဖြစ်ရုံရှိသေးတာ၊ နောက်ပိုင်း သိုင်းလောကမှာ ထင်ပေါ်ကျော်ကြားလာပြီး အပြိုင်အဆိုင် ဖြစ်လာယင် မင်းဘယ်နည်းနဲ့မှ သည်းခံနိုင်မှာ မဟုတ်တာ သေချာတယ်"

မုယုံကျင်း မည်သို့ ပြောရမှန်းမသိ ဖြစ်နေတော့သည်။

ယွဲ့ဖိန်းက…

"နောင်ပေါ်ပေါက်လာမယ့် ပြဿနာကို အခုကတည်းက ကြိုတင်ဖြေရှင်းထားတာ အကောင်းဆုံးပဲဆိုတာ ကျုပ်နားလည်ထားပြီးပါပြီ၊ မင်းငြင်းမနေပါနဲ့တော့ကွာ"

"ယွဲ့ဖိန်း"

"တို့ ယှဉ်ပြိုင်စရာရှိတာ ယှဉ်ပြိုင်လိုက်ကြတာပေါ့"

ယွဲ့ဖိန်းက ပြတ်သားနေပြီ ဖြစ်သည်။

မုယုံကျင်းသည် ယွဲ့ဖိန်း သူ့အပေါ် အထင်လွဲနေသည်ကို စိတ်မကောင်း ဖြစ်နေ၏။

ယွဲ့ဖိန်း ကျေနပ်အောင် ယှဉ်ပြိုင်ပြီးမှ သူ့အား ထင်မှတ်နေသလို မဟုတ်ကြောင်း ဖြေရှင်းခြင်းက ပိုကောင်းမည်ဟု ယူဆလိုက်သည်။

ယွဲ့ဖိန်းက ယှဉ်ပြိုင်မည်ဆိုသည်ကို လက်ခံလိုက်လေသည်။

"ကောင်းပြီလေ၊ ယှဉ်ပြိုင်လိုက်ကြတာပေါ့"

ယွဲ့ဖိန်၏မျက်နှာ ပြုံးယောင်သန်းသွား၏။

ယခုယှဉ်မည် ယခုမယှဉ် အပြောင်းအလဲ မြန်လှသည် ဟူသော သဘောအဓိပ္ပါယ်ဆောင်သည့် အပြုံးမျိုးဖြစ်ကြောင်း မုယုံ



ကျင်း နားလည်သော်လည်း လှစ်လျူရှုထားလိုက်တော့သည်။

"ခြွမ်း"

ယွဲ့ဖိန်းက ဓားဆွဲထုတ်လိုက်သည်။

ဝိုးခနဲမြည်အောင် တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

"တို့နှစ်ယောက် သိုင်းလေ့ကျင့်နေတာ မဟုတ်ဘူး၊ သရုပ်ပြယှဉ်ပြိုင်တာမျိုးလည်း မဟုတ်ဘူး၊ ပြိုင်ဘက်ချင်း အသာရယူနိုင်အောင် တိုက်ခိုက်နေကြတယ်ဆိုတာ မှတ်ထားပါ"

နောက်ဆုတ်ရန် မဖြစ်နိုင်တော့မှန်းသိ၍ မုယုံကျင်း လက်ခံလိုက်ရလေသည်။

"ကောင်းပြီလေ"

"ဒါဖြင့် မင်းသတိထားပါ"

ယွဲ့ဖိန်းက ဝမ်းခေါင်းသံကြီးဖြင့် ညာသံပေးကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

♣ ♣ ♣

မုယုံကျင်းလည်း ဓားဆွဲထုတ်လိုက်လေသည်။

ထို့နောက် ဓားဝှေ့ယမ်းကာ ယွဲဖိန်းအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ယွဲဖိန်း ကျေနပ်အောင် ယှဉ်ပြိုင်လိုက်ခြင်း ဖြစ်ပါသည်။

သို့သော် ယွဲဖိန်း၏ဓားချက်များ အဆက်မပြတ် တိုးဝင်လာသောအခါ မုယုံကျင်းလည်း သိုင်းကွက်များ ဖော်ထုတ်၍ ခုခံတားဆီးလိုက်ရလေသည်။

သိုင်းတစ်ကွက်မှ နှစ်ကွက်... သုံးကွက်...

ထို့နောက် ရပ်တန့်ဖို့ မဖြစ်နိုင်တော့ဘဲ သိုင်းကွက်ပေါင်းများစွာကို ဆက်တိုက်ဆိုသလို ထုတ်ဖော်လိုက်ရတော့သည်။

ယွဲဖိန်းက ညာသံပေးကာ အဆက်မပြတ် တိုက်ခိုက်နေပြီ မဟုတ်ပါလား။

ယှဉ်ပြိုင်ပွဲ စမိသည်နှင့် နောက်ဆုတ်၍ မရတော့ချေ။

ထို့အပြင် ယွဲဖိန်းက ပြောထားသည့်အတိုင်း ပြိုင်ဘက်တစ်ယောက်အဖြစ် သဘောထားကာ ပြတ်သားစွာ တိုက်ခိုက်လာခြင်းကြောင့် ပေါ့ဆ၍ မရဘဲ အကောင်းဆုံး သိုင်းကွက်များ ထုတ်ဖော်ရင်ဆိုင်ရတော့သည်။

ပညာသင်ဘက် သွေးသောက်ညီအစ်ကိုနှစ်ယောက်မှာ မဟာပြိုင်ဘက်ကြီးများပမာ ဖြစ်သွားတော့သည်။

ယွဲဖိန်း၏သိုင်းပညာ ထက်မြက်လှသကဲ့သို့ မုယုံကျင်း၏ သိုင်းပညာလည်း ထက်မြက်နေပါသည်။

"သိုင်းလောက လူငယ်လူရွယ်တွေထဲမှာ မင်းတို့နှစ်ယောက်ကို ယှဉ်နိုင်မယ့်လူ ရှိတော့မှာ မဟုတ်ဘူး"



ဆရာရသေ့ကလည်း ချီးကျူးပြောဆိုခဲ့ဖူးသည် မဟုတ်ပါလား။

ပညာသင်ဘက်ချင်း ဖြစ်ရကား တစ်ယောက်အကြောင်း တစ်ယောက် ကောင်းစွာ သိနေကြပြီး တစ်ယောက်ကိုတစ်ယောက် အနိုင်ရဖို့ မဖြစ်နိုင်သလောက်ပင်။

"ဟိတ်"

"ယား"

"ခြွမ်း...ခြွမ်း...ခြွမ်း"

ညာသံပေးသံများ၊ ဓားနှင့်ဓားချင်း ထိတွေ့မိသော အသံများ ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းထားလိုက်လေတော့သည်။

မုယုံကျင်းနှင့် ယွဲဖိန်းတို့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြရာ သိုင်းကွက်သုံးရာကျော်သို့ ရောက်ရှိလာလေတော့သည်။

နှစ်ယောက်သား ချွေးတစ်လုံးလုံး ဖြစ်လာကြလေသည်။

မောဟိုက်ပင်ပန်းလာကြတော့သည်။

သို့တိုင် ဆက်လက်ယှဉ်ပြိုင်နေကြဆဲ...

သူတို့၏တိုက်ကွက်များမှာ ပို၍ပင် ဆန်းကြယ်လာပြီး အန္တရာယ်ကြီးမားသော သိုင်းကွက်များ ဖြစ်လာသည်။

တစ်ချက်ကလေး မှားယွင်းလိုက်မိသည်နှင့် အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိလာလေတော့သည်။ ဤတွင် မုယုံကျင်း သတိဝင်လာလေတော့သည်။

♣ ♣ ♣

ယွဲ့ဖိန်း၏တားချက်များသည် မိုးသီးမိုးပေါက်များအလား အဆက်မပြတ် ရှိနေ၏။

မုယုံကျင်းလည်း သွက်လက်စွာ ရင်ဆိုင်ခုခံချေဖျက်ပြီး ပြန်လည်တိုက်ခိုက်နေရလေသည်။

ခုခံခြင်းကား သူ၏အသက်အန္တရာယ် မထိခိုက်ရလေအောင် ကာကွယ်ခြင်းဖြစ်ပြီး တိုက်ခိုက်ခြင်းမှာ ယွဲ့ဖိန်း ထပ်မံမကြိုးစားနိုင်အောင် တားဆီးခြင်း ဖြစ်လေသည်။

ယွဲ့ဖိန်းနှင့် သိုင်းကွက်သုံးရာကျော် ယှဉ်ပြိုင်ပြီးနောက် မုယုံကျင်း အသိဝင်လာလေသည်။

"သည်အတိုင်း သုံးရက်သုံးည ယှဉ်ပြိုင်တာတောင် တိုက်ပွဲပြီးမှာလည်း မဟုတ်ဘူး၊ အဖြေပေါ်လာမှာလည်း မဟုတ်ဘူး၊ ကံမကောင်းယင် တစ်ယောက်မဟုတ်တစ်ယောက် ထိခိုက်သွားနိုင်သေးတယ်၊ ဘာမှ အကျိုးမရှိဘဲ ဆက်ပြီး တိုက်ခိုက်နေလို့ မဖြစ်တော့ဘူး"

ဆက်၍ တိုက်ခိုက်ခြင်း မပြုလိုသော်လည်း ယွဲ့ဖိန်းက လက်ခံမည် မဟုတ်ပါ။

ယွဲ့ဖိန်း လက်မခံသမျှ တိုက်ပွဲကို ရပ်တန့်၍ရမည် မဟုတ်ပါ။

မည်သို့ဆိုစေ ယခုလောက် ယှဉ်ပြိုင်ရလျှင် ယွဲ့ဖိန်း ကျေနပ်လောက်ပြီဟု ယူဆလိုက်သည်။

သူက အနိုင်မယူနိုင်သဖြင့် နောင်တစ်ချိန်၌ ပြိုင်ဘက်ဖြစ်လာတော့မည် မဟုတ်ဟုလည်း လက်ခံသွားနိုင်သည်ဟု ယုံကြည်မိ



လော်သည်။

ခုခံခြင်း၊ တိုက်ခိုက်ခြင်းများဖြင့် သံသရာရှည်မနေတော့ဘဲ ရှောင်တိမ်းကာ တိုက်ပွဲကို အဆုံးသတ်လိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

"ယွဲ့ဖိန်း သတိထား"

မုယုံကျင်းက ဆုံးဖြတ်ချက်ချပြီးသည်နှင့် အော်ဟစ်သတိပေးလိုက်သည်။

သိုင်းငါးကွက်အထိ တရစပ် ဖော်ထုတ်ပြီး ဖိ၍ တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ကွက်ကြောင့် ယွဲ့ဖိန်းက ခုခံသည့်အသွင် ပြောင်းလဲလိုက်ရသည့် တဒင်္ဂအချိန်လေးအတွင်းမှာပင်...

"ဟိတ်"

မုယုံကျင်းလည်း မြေပေါ်ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် ငှက်တောင်လေးတစ်ခုအလား ပေါ့ပါးစွာဖြင့် လေထဲ ရောက်ရှိသွားပြီး ကျွမ်းသုံးပတ် ပစ်လိုက်လျှင်...

"ဟူး...ဟူး"

လေထဲမှာပင် လျှင်မြန်စွာ ရွေ့လျားသွားကာ မြေကွက်လပ်နံဘေးမှ သစ်ပင်ကြီးတစ်ပင်အနီးသို့ ရောက်ရှိသွားလေတော့သည်။

ယွဲ့ဖိန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သို့သော် ချက်ခြင်း သတိဝင်လာသည်။

"မပြေးနဲ့"

အော်ငေါက်ယင်း တဟုန်ထိုး ပြေးလိုက်သွားသည်။

ဓားငေ့ယမ်းကာ လေထဲမှ မုယုံကျင်းအား တိုက်ခိုက်လိုက်သေး၏။

သူ၏တိုက်ကွက်များ အဆက်မပြတ် ထုတ်ဖော်လိုက်ခြင်း ဖြစ်သည်။

မုယုံကျင်း လေထဲ ရောက်နေခိုက် အခွင့်အရေးယူကာ တိုက်ခိုက်ခြင်းလည်း ဖြစ်လေသည်။

မုယုံကျင်းကလည်း လေထဲကျွမ်းပစ်ယင်း ယဲ့ဖိန်း လိုက်လံတိုက်ခိုက်သမျှ ခုခံနေယင်း သစ်ပင်ကြီးအနီးသို့ ရောက်ရှိသွားသည်။

မုယုံကျင်း သစ်ပင်ပေါ်ခုန်တက်ကာ ရှောင်တိမ်းသွားတော့မည်ဟု ယဲ့ဖိန်း ယူဆလိုက်သည့် တဒင်္ဂအချိန်လေးမှာပင်...

"ဟိတ်"

မုယုံကျင်းက သစ်ပင်ကို ခြေနှစ်ချောင်းဖြင့် စုံကန်လိုက်ပြီး တစ်ပတ်ကျွမ်းပစ်ကာ အောက်သို့ ခုန်ဆင်းလိုက်ရာ ယဲ့ဖိန်း၏နောက်ကျောဘက်သို့ ရောက်ရှိသွားလေတော့သည်။

ယဲ့ဖိန်း တဒင်္ဂလေး မှင်တက်မိသွားချိန်၌ မုယုံကျင်းသည် ယဲ့ဖိန်း၏နောက်ကျောဘက်သို့ ဖုတ်ခနဲ ကျသွား၏။

မုယုံကျင်းက တိုက်ပွဲကို အဆုံးသတ်နိုင်လိုက်ပြီဟုတွေးကာ ကျေနပ်သွားလေသည်။

"ကဲ...တို့ယှဉ်ပြိုင်ပွဲ ပြီးသွားပြီကွ"

ယဲ့ဖိန်း မလှုပ်မယှက် ဖြစ်သွားလေသည်။

♣ ♣ ♣



လေငေ့ယမ်း တိုက်ခတ်လာသည်။

သစ်ရွက်ကလေးတစ်ရွက် ကြွေကျလာသည်။

မုယုံကျင်းသည် ကျောခိုင်းယင်း ကျောက်ရုပ်ပမာ ဖြစ်နေသည့် ယဲ့ဖိန်းကို အံ့သြသွားသည်။

"ယဲ့ဖိန်း"

ယဲ့ဖိန်းထံမှ သက်ပြင်းချသံ ထွက်ပေါ်လာသည်။

မုယုံကျင်းဘက်သို့ ဖြည်းဖြည်းချင်း လှည့်လာသည်။

"ငါရှုံးသွားပြီ"

"ဟာ"

မုယုံကျင်း ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ပါဘူးကွာ၊ မင်းသည်လောက်တောင် သဘောမထားနေစမ်းပါနဲ့"

ယွဲ့ဖိန်းသည် ရှုံးနိမ့်သွားပြီဟု သတ်မှတ်ကာ ခံစားနေရသည် မဟုတ်ပါလား။

ယွဲ့ဖိန်းက…

"မင်းက ငါ့ရဲ့နောက်ကျောဘက်ကို ရောက်လာပြီး တိုက်ခိုက်လိုက်ယင်ကော"

"ငါက တိုက်ခိုက်ခဲ့တာမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် ငါရှုံးသွားပြီ"

"မင်း ဘယ်လိုဖြစ်နေတာလဲ၊ ငါတို့နှစ်ယောက်ဟာ ပြိုင်ဘက်တွေလည်း မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ရှုံးတယ်နိုင်တယ်ဆိုတာလဲ မရှိဘူး"

မုယုံကျင်းက ရှင်းပြလိုက်သည်။

"ငါက မင်းနဲ့ ယှဉ်ပြိုင်ခဲ့တာ၊ မင်းကျေနပ်အောင်ပါကွာ၊ မင်းကို အနိုင်ယူချင်လို့ မဟုတ်ပါဘူး၊ မင်းနဲ့ ပြိုင်ဘက်မဟုတ်သလို တို့နှစ်ယောက်ကြားမှာ ဘယ်တော့မှ ယှဉ်ပြိုင်စရာအကြောင်း ရှိလာမှာ မဟုတ်ဘူးဆိုတာ သက်သေပြချင်လို့ပါ"

ယွဲ့ဖိန်း လက်မခံပါ။

"မင်းအနိုင်ရသွားပြီဆိုတော့ လူကြီးလူကောင်းဆန်တဲ့ စကားမျိုး ဟန်လုပ်ပြောနိုင်ပြီပေါ့ကွာ"

"ဟာ…မဟုတ်တာ"

"ဆရာရသေ့ဆီကို ငါ့ထက် တစ်နှစ်စောပြီး မင်းရောက်ခဲ့တော့ ငါ့ထက် ပိုသာနေတာ မဆန်းပါဘူးလေ၊ သည်လို ဖြစ်လာလိမ့်မယ်ဆိုတာ ငါတွေးမိပြီးသားပါ"



မုယုံကျင်း စိတ်ပျက်သွားတော့သည်။

ယွဲ့ဖိန်းအား မည်သို့မှ ဖျောင်းဖျပြောဆို၍ ရနိုင်တော့မည် မဟုတ်ကြောင်းလည်း နားလည်လိုက်လေသည်။

ယွဲ့ဖိန်း၏မျက်လုံးများတွင် ခံပြင်းနာကျည်းသည့် အရိပ်အရောင်များ အထင်းသား ပေါ်လွင်နေပါသည်။

"ဆရာရသေ့က ငါတို့နှစ်ယောက်ကို အတူတူ သင်ပေးတယ်ပဲထားဦး၊ ငါ့ထက် တစ်နှစ်ပိုစောပြီး ရောက်နေတဲ့ မင်းက အချိန်တန်ယင် သာနေမှာပဲ၊ ခုတော့ မင်း ကျေနပ်သွားပြီ မဟုတ်လား"

"ငါက ဘာကို ကျေနပ်ရမှာလဲ"

"ငါ့ကို အနိုင်ရလိုက်လို့လေ"

"မဟုတ်တာပဲ၊ ငါ့မှာ သည်လို သဘောမျိုး လုံးဝမရှိဘူးကွ"

ယွဲ့ဖိန်း အံကြိတ်လိုက်သည်။

"ငါက ကြိုးစားမယ်၊ တစ်နေ့ အောင်မြင်လာယင် မင်းထက်သာသွားမှာကို လိုလားဦးမှာ မဟုတ်ဘဲ ငါ့ကို ယှဉ်ပြိုင်အနိုင်ယူဖို့ ကြိုးစားဦးမှာပဲ၊ သည်တော့ ငါက မင်းကို ယှဉ်ပြိုင်အနိုင်ယူနိုင်မှ ဖြစ်တော့မယ်"

"ယွဲ့ဖိန်း၊ မင်းဘာတွေ ပြောနေတာလဲ"

"ငါဘာပြောတယ် သိချင်ယင် နောက်သုံးနှစ်ကြာတဲ့အခါ သိရမှာပေါ့"

"မင်းက…"

"သည်ကနေ့ကစပြီး ရေတွက်လို့ သုံးနှစ်ပြည့်တဲ့နေ့မှာ

သည်နေရာမှာ ငါစောင့်နေမယ်၊ မင်းလာခဲ့ပါ၊ ငါတို့ထပ်ပြီး ယှဉ်ပြိုင်ကြတာပေါ့"

မုယံကျင်း အံ့သြနေသည်။

ယွဲ့ဖိန်း အဘယ်ကြောင့် သဲကြီးမဲကြီး ဖြစ်နေသည်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။

မည်သို့ ရှင်းပြရမှန်းလည်း မသိတော့ပါ။

မုယံကျင်း ငေးငိုင်နေစဉ်မှာပင် ယွဲ့ဖိန်း ချာခနဲလှည့်ကာ ပြေးလွှားသွားလေတော့သည်။

♣ ♣ ♣



## ပြောင်းလဲမှုနိယာမတရား

ညသည် ပို၍ နက်ရှိုင်းလာသည်။

အေးစိမ့်သော လေများက ဖွင့်ထားသော တံခါးမကြီးမှတဆင့် ဆိုင်ထဲသို့တိုင်အောင် တိုးဝင်တိုက်ခတ်လာသည်။

မုယံကျင်း မလှုပ်မယှက် ထိုင်နေဆဲ။

ဆိုင်ရှင်အဘိုးအိုသည် အနောက်ဘက်သို့ ဝင်သွားပြီး ပြန်ထွက်မလာတော့ပါ။

ကြွက်ကလေးသုံးလေးကောင်ကသာ အစာရှာယင်း ဟိုသည်ပြေးလွှားနေသည်ကို တွေ့ရလေသည်။

မုယံကျင်းက အဘိုးအိုကိုလည်းကောင်း၊ ကြွက်ကလေးများ

ကိုလည်းကောင်း စိတ်မဝင်စားပါ။

သူစိတ်ဝင်စားနေသည်မှာ ယွဲ့ဖိန်းသာ ဖြစ်လေသည်။

ယနေ့သည် ယွဲ့ဖိန်း ချိန်းသွားသောနေ့ ဖြစ်သည်။

သူရောက်လာပြီ ဖြစ်သော်လည်း ယခုတိုင် ယွဲ့ဖိန်း ရောက်မလာသေးပါ။

ညဥ့်နက်လာပြီး ညသန်းကောင်ယံအချိန်သို့ပင် ရောက်တော့မည် ဖြစ်သည်။

သန်းကောင်ယံအချိန်ကို ကျော်လွန်သွားလျှင် နောက်တစ်နေ့ ကူးပြောင်းသွားပေမည်။

မည်သို့ဆိုစေ...

ယွဲ့ဖိန်းသည် ချိန်းထားသည့်အတိုင်း ရောက်လာလိမ့်မည်ဟု မုယုံကျင်း ယုံကြည်ထားသည်။

သန်းကောင်ယံအချိန် မတိုင်မီ ရောက်လာလိမ့်မည်ဟု ယုံကြည်ထားလေသည်။

ရုတ်တရက် တိုက်ခတ်လာသော ညလေအေးများ သယ်ဆောင်လာသဖြင့် တူရိယာသံများ လွင့်ပျံ့လာသည်ကို ကြားလိုက်ရလေသည်။

မုယုံကျင်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

တူရိယာသံကြောင့် တစ်စုံတစ်ယောက် ရောက်လာပြီဖြစ်ကြောင်း ထင်ရှားသည်။

ယွဲ့ဖိန်းမှလွဲပြီး မည်သူမျှ မဖြစ်နိုင်ပါချေ။



ယွဲ့ဖိန်းနှင့် ပြန်တွေ့ရတော့မည်ဖြစ်၍ မုယုံကျင်း စိတ်လှုပ်ရှားလာလေတော့သည်။

♣ ♣ ♣

အရာရာမှာ ပြောင်းလဲသွားတတ်သည့် သဘောရှိကြောင်း ယွဲ့ဖိန်း ပြောခဲ့သည်။

သူပြောသည့်အတိုင်းပင် စည်ကားသိုက်မြိုက်ခဲ့သော ဗုားချိကျေးရွာမှာ ရွာပျက်ကြီးတစ်ခုပမာ ဖြစ်သွား၏။

ယွဲ့ဖိန်းကော မည်သို့ရှိမည်နည်း။

တူရိယာသံများကို ပို၍ ပီသစွာ ကြားလာရလေသည်။

ပလွေ၊ လင်းကွင်း၊ ဗျတ်စောင်း၊ ဗုံတို စသည့် တူရိယာပစ္စည်း စုံစုံလင်လင်ဖြင့် တီးခတ်လိုက်သည့်အခါ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် အလွန်သာယာနာပျော်ဖွယ်ကောင်းအောင် ထွက်ပေါ်လာသော အသံမျိုး ဖြစ်သည်။

တူရိယာသံသည် မုယုံကျင်းအား ရွှင်ရွှင်လန်းလန်း ဖြစ်လာစေသည်။

မုယုံကျင်းက ထိုင်ရာမှထကာ တံခါးပေါက်ဆီသို့ လှမ်းသွားလိုက်လေသည်။

တံခါးဝကို ဖြတ်ကျော်ပြီး အပြင်ဘက်သို့ ခြေတစ်လှမ်း ထွက်လိုက်သည်။

အေးစိမ့်မှုကြောင့် အင်္ကျီရင်ဘတ်ကို ဆွဲစေ့ပြီး တူရိယာသံ

များ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ကောင်းကင်ပေါ်၌ လဝန်း ထွက်ပေါ်နေပြီ ဖြစ်သည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံးကို ကောင်းစွာ တွေ့မြင်နေ၏။

လရောင်အောက်တွင် လူတစ်စု လှမ်းလာနေကြသည်ကို တွေ့မြင်ရလေသည်။

မုယုံကျင်း မျက်မှောင်ကုပ်သွား၏။

သူမျှော်လင့်ထားသလို ယွဲ့ဖိန်း ရောက်လာခြင်း ဖြစ်နိုင်ပါမည်လော။

ယွဲ့ဖိန်းက လူစုလူဝေးဖြင့် လာမည်မထင်မိပါ။

ထိုလူစုသည် မီးအိမ်များလည်း ဆွဲလာကြသေးသဖြင့် ပတ်ဝန်းကျင်မှာ ပို၍ လင်းလင်းချင်းချင်း ဖြစ်လာလေသည်။

ယောကျ်ားတစ်ယောက်မှ မပါဘဲ အလွန်ချောမောလှပသော မိန်းကလေးများသည် တူရိယာများကို သာယာနာပျော်ဖွယ် တီးမှုတ်ယင်း စားသောက်ဆိုင်သို့ ဦးတည်လာနေကြခြင်း ဖြစ်သည်။

မိန်းကလေးများသည် အဖိုးတန်ပိုးဖဲအင်္ကျီများကိုလည်း အထက်တန်းကျစွာ ဝတ်ဆင်ထားသေး၏။

"ယွဲ့ဖိန်း ရောက်လာတာ မဟုတ်ယင်တော့ နယ်စားကြီး တစ်ဦးဦး ရောက်လာတာပဲ ဖြစ်မယ်"

မုယုံကျင်းသည် မိန်းမချောလေးများကို ကြည့်ပြီး စိတ်ထဲမှ မှတ်ချက်ချလိုက်လေသည်။

မီးအိမ်များမှ အလင်းရောင်ကြောင့် စားသောက်ဆိုင်ရှေ့၌



နေ့ဘက်နှင့်မခြား လင်းလင်းချင်းချင်း ဖြစ်သွားသည်။

မိန်းကလေးများ ညီညာစွာ ရပ်တန့်လိုက်ကြသည်။

တူရိယာတီးမှုတ်ခြင်းကိုလည်း ရပ်တန့်လိုက်သည်။

မုယုံကျင်း သက်ပြင်းချမိသည်။

"နယ်စားကြီးတစ်ယောက် ကြွချီလာတယ် ထင်ရအောင် ကြီးကျယ်တယ်၊ ဒါပေမယ့် မိန်းကလေးတွေ ကြည့်ရတာ သိုင်းပညာ တတ်မြောက်ထားပုံရတော့..."

သူ၏အတွေး မဆုံးမီ မိန်းမချောလေးများက ဝဲယာတစ်ဘက်တစ်ချက်သို့ ဆုတ်လိုက်ကြရာ အလယ်တွင် လမ်းပေါက်တစ်ခုကဲ့သို့ ဖြစ်သွားပြီး လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ မျက်စိကျိန်းစပ်သွားနိုင်လောက်သော ငွေရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ယောကျ်ားပီသစွာ ချောမောခန့်ညားကာ အထက်တန်းကျလှသူ ဖြစ်လေသည်။

သူ၏နောက်မှ လူသန်ကြီးလေးယောက် လိုက်ပါလာကြ၏။

လူသန်ကြီးများသည် ရွှေပိန်းချထားသော စားပွဲထိုင်ခုံများ သယ်ဆောင်လာကြသည်။

စားပွဲထိုင်ခုံများချကာ အသင့်ယူလာသော ရွှေခွက်ငွေခွက်များနှင့် စားသောက်ပွဲတစ်ခု ပြင်ဆင်လိုက်ကြသည်။

မျက်လှည့်ပြလိုက်သည့်အလား ရွှေငွေကျောက်သံပတ္တမြားအဖိုးတန်ပစ္စည်းများဖြင့် စီခြယ်ထားပြီး ထိပ်တန်းအရက်၊ အကောင်း

ဆိုး ဟင်းလျာများနှင့် ပြင်ဆင်ထားသော စားသောက်ပွဲကြီး ပေါ်ပေါက်လာလေသည်။

ငွေရောင်ဝတ်ထားသူသည် ဆင်စွယ်ရိုးတပ်နံ့သာယပ်တောင်ကို တဖျပ်ဖျပ်ခတ်ယင်း ထိုင်ခုံ၌ အခန့်သား ဝင်ထိုင်လိုက်၏။

ထိုလူ၏မျက်နှာ ပြုံးရွှင်နေ၏။

"ယွဲ့ဖိန်း"

မုယုံကျင်း လွှတ်ခနဲ ခေါ်လိုက်သည်။

မှန်ပေသည်။

ယွဲ့ဖိန်းသည် သူချိန်းဆိုခဲ့သည့်အတိုင်း မပျက်မကွက်ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

♣ ♣ ♣



ယွဲ့ဖိန်း၏ငွေရောင်အဝတ်အစားများက မီးရောင်လရောင်ဖြင့် အရောင်တဖိတ်ဖိတ် တောက်ပနေလေသည်။

မတွေ့မမြင်ရသည့် သုံးနှစ်တာ ကာလအတွင်း၌ ယခင်ကထက်ပိုပြီး ဝဖိုင့်လာသည် ထင်ရ၏။

မိန်းမချောလေးများသည် ယွဲ့ဖိန်းအား ခြေဆုပ်လက်နယ်ပြုကြသည်။

အရက်ငှဲ့ပေးကြသည်။

အနီး၌ ဝိုင်းကာ ဘာမှလိုလေသေးမရှိ ပျာပျာသလဲ ဂရုစိုက်ကာ ပြုစုနေကြသည်။

နယ်စားတစ်ဦး၊ မြို့စားတစ်ဦး ကြွရောက်လာခြင်း မဟုတ်ဘဲ ယွဲ့ဖိန်း ရောက်လာခြင်းသာ ဖြစ်ပါသည်။

"ဟား...ဟား...ဟား"

မုယုံကျင်း မအောင့်အည်းနိုင်တော့ဘဲ ရယ်ချလိုက်လေသည်။

ယွဲ့ဖိန်း အရက်တစ်ခွက်သောက်နေရာမှ တစ်ချက် လှမ်းကြည့်လိုက်သည်။

မုယုံကျင်းက...

"သုံးနှစ်လောက် မတွေ့လိုက်ရတာနဲ့ မင်းတော်တော်ပြောင်းလဲသွားတာပဲကွ"

ယွဲ့ဖိန်းက...

"မင်းကော ဘာထူးလို့လဲ"

မုယုံကျင်း ကိုယ့်ကိုကိုယ် ပြန်ကြည့်လိုက်၏။

"ငါက ဘာတွေများ ပြောင်းလဲသွားလို့လဲ"

"မင်းရဲ့အသားတွေ ညိုလာတယ်၊ ခန္ဓာကိုယ်က ပိုပြီး ကျစ်ကျစ်လစ်လစ် ဖြစ်လာတယ်၊ ကြွက်သားအပြိုင်းပြိုင်းနဲ့ ပိုပြီး သန်မာလာတာပေါ့"

မုယုံကျင်းက...

"ငါက ရွာကို ပြန်ရောက်တော့ ဘုံကျောင်းစောင့်အဘိုးကြီး ကွယ်လွန်သွားခဲ့ပြီလေ၊ ဒါကြောင့် ဘုံကျောင်းမှာ မနေတော့ဘဲ ရွာထဲမှာ သွားနေလိုက်တယ်"

"မင်းက လယ်ယာကိုင်းကျွန်းလုပ်ငန်းတွေ လုပ်ကိုင်ပြီး အချိန်ရတိုင်း သိုင်းလေ့ကျင့်နေခဲ့တာပဲ မဟုတ်လား"

"အင်း...လယ်ယာကိုင်းကျွန်းလုပ်တာ မှန်တယ်၊ အချိန်ရတာနဲ့ သိုင်းလေ့ကျင့်နေခဲ့တာလဲ အမှန်ပဲ၊ ဒါပေမယ့် အဲသည် သုံးနှစ်လုံးလုံး သိုင်းလောကထဲကို ငါမထွက်ခဲ့ဘူး"

ယွဲ့ဖိန်း သက်ပြင်းချလိုက်သည်။

"ဆရာရသေ့ဆီမှာ နေခဲ့တယ်၊ ဆယ်နှစ်အတွင်း သိုင်းလောကအကြောင်း တစ်ချိန်လုံး ကြားနေခဲ့ရတာပဲလေ၊ သုံးနှစ်လောက် မကြားရတာနဲ့ ဘာမှ မဖြစ်နိုင်ပါဘူး"

မုယုံကျင်း ရယ်မောလိုက်ပြန်သည်။

"ပြောင်းလဲမှုနိယာမတရား ရှိတယ်ဆိုတာ မင်းပြောခဲ့တာပဲ၊ သည်သုံးနှစ်အတွင်း ဘာမဆို ပြောင်းလဲသွားနိုင်တာပေါ့၊ ဥပမာ မင်းကို ပြလို့ရတယ်"

ယွဲ့ဖိန်းက...



"ငါက ဘာဖြစ်နေလို့လဲ"

"မင်းဟာ မြို့စားရွာစား သူဌေးသူကြွယ်တစ်ယောက်နဲ့ တူပြီး ပိုပြီး ခန့်ညားလာတာပေါ့"

"ငါက သိုင်းသမားတစ်ယောက်ဆိုတာ မင်းမေ့ထားလိုက်ပြီလား"

"ဒါက မင်းအပေါ်မှာ မူတည်နေတာပါပဲလေ"

ယွဲ့ဖိန်းသည် လက်ထဲမှ အရက်ခွက်ကို စားပွဲပေါ် ချကာ ထိုင်ရာမှ ထလိုက်လေသည်။

သူ၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ငါက သိုင်းသမားတစ်ယောက်ပါပဲ၊ ကဲ...ဟိုတစ်ချိန်က ငါတို့ရဲ့ မြေကွက်လပ်ကို သွားကြတာပေါ့"

စကားဆုံးလျှင် မြေပေါ် ခြေဆောင့်ကာ ခုန်ထွက်သွားလေသည်။

"ဟူး"

ယွဲ့ဖိန်း၏ခန္ဓာကိုယ်မှာ ရိပ်ခနဲရိပ်ခနဲ လှုပ်ရှားကာ အဝေးသို့ ရောက်ရှိသွားလေတော့သည်။

မုယုံကျင်း ပြုံးလိုက်သည်။

"မဆိုးဘူး"

သူလည်း ခန္ဓာကိုယ် လှုပ်ရှားလိုက်ရာ တခဏအတွင်းမှာပင် အဝေးသို့ ရောက်ရှိသွားလေတော့သည်။

♣ ♣ ♣

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး အေးမြသာယာနေ၏။

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့ မြေကွက်လပ်လေးသို့ ရောက်ရှိသွားကြပြီ ဖြစ်ပါသည်။

မြေကွက်လပ်လေးသည်လည်း ပြောင်းလဲနေသည်ဆို နိုင်လေသည်။

သစ်ပင်များက ပို၍ ကြီးထွားကာ အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်လာသည်။

ချုံပုတ်များလည်း ပို၍ တိုးပွားလာပြီး မြေကွက်လပ်အား တကယ့်ကို ကွက်လပ်ငယ်လေး ဖြစ်သွားအောင် ဖုံးလွှမ်းထားလိုက်သည်။

မုယုံကျင်းနှင့် ယွဲ့ဖိန်းတို့ မျက်နှာချင်းဆိုင် ရပ်လိုက်ကြလေသည်။



မုယုံကျင်းက ယွဲ့ဖိန်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"မင်းအတော် တိုးတက်လာတာပဲ"

ဟုလည်း ချီးကျူးစကား ပြောလိုက်လေသည်။

ယွဲ့ဖိန်းက...

"ဘာလဲ သည်တစ်ခါတော့ ငါ့ကို မယှဉ်နိုင်တော့ဘူး ထင်နေတာလား"

မုယုံကျင်း ဘာမှ မပြောဘဲ နေလိုက်လေသည်။

ယွဲ့ဖိန်းက ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။

ခုနစ်စဉ်ကြယ် အမြီးထောင် ညသန်းကောင်းယံအချိန် ရောက်တော့မည် ဖြစ်လေသည်။

"ညသန်းကောင်ကျော်တာနဲ့ နောက်တစ်နေ့ ဖြစ်သွားတော့မယ်"

ဟုရေရွတ်လိုက်၏။

တဖန် မုယုံကျင်းအား လှမ်းပြောလိုက်သည်။

"မင်းက သည်ရွာကလေးကို အယင်ရောက်လာပြီး စောင့်နေခဲ့ရတာ အားနာပါတယ်ကွာ၊ ကဲ... ငါတို့ယှဉ်ပြိုင်လိုက်ကြတာပေါ့"

မုယုံကျင်းက...

"မင်းကို ပြောစရာရှိသေးတယ်"

"နောက်မှပြောပါ၊ ကဲ... သတိထားပေတော့"

ယွဲ့ဖိန်းက ဓားဆွဲထုတ်ကာ တိုက်ခိုက်လိုက်လေသည်။

မုယုံကျင်းလည်း မတတ်သာတော့ဘဲ ပြန်လည်ယှဉ်ပြိုင်လိုက်ရသည်။

လွန်ခဲ့သော သုံးနှစ်က ဤနေရာ၌ ယှဉ်ပြိုင်ခဲ့ကြရာ မုယုံကျင်း အနိုင်ရရှိခဲ့လေသည်။

ယခုတစ်ကြိမ်ကော အနိုင်ရနိုင်ပါဦးမည်လော။

♣ ♣ ♣



လရောင်အောက်မှ ယှဉ်ပြိုင်ပွဲကား ကြောက်ခမန်းလိလိဖြစ်လေသည်။

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့ ရိပ်ခနဲရိပ်ခနဲ လှုပ်ရှားယင်း သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေသည်။

"ဟူး...ဟူး...ဟူး"

"ဝှစ်...ဝှစ်...ဝှစ်"

အဝတ်အစား လေတိုးသံများ ဓားဝှေ့ယမ်းလိုက်သောအသံများ ဖုံးလွှမ်းသွား၏။

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့ ထိပ်တိုက်ရင်ဆိုင်ပွဲမှာ ရုတ်တရက် အနိုင်အရှုံး အဖြေခန့်မှန်းဖို့ ခက်ခဲလှသည်။

မည်သူနိုင်မည် မည်သူရှုံးမည် မပြောနိုင်ပါ။

သို့သော် ယခုတစ်ကြိမ်တွင် လွန်ခဲ့သော သုံးနှစ်ကနှင့် မတူဘဲ တိုက်ပွဲကြာမြင့်လိမ့်မည် မဟုတ်ကြောင်း ပေါ်လွင်နေ၏။

"ယား"

ယွဲ့ဖိန်းက ညာသံပေးကာ ဓားခုတ်ချက်ခြောက်ချက်တိတိ ဖော်ထုတ်ကာ တရစပ်ဖိ၍ တိုက်ခိုက်လိုက်သည်။

ဓားချက်တိုင်း ဓားချက်တိုင်း ထက်မြက်ကာ အန္တရာယ်ပေးစွမ်းနိုင်လေသည်။

ဓားတစ်ချက် ခုတ်လိုက်တိုင်းရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။

ဓားခြောက်ချက် ခြေလှမ်းခြောက်လှမ်း တိုးလိုက်ခြင်း ဖြစ်သည်။

ဓားချက်များက လျှင်မြန်လှသလို ခြေလှမ်းကလည်း မြန်ဆန်သွက်လက်လှသည်။

အတင်းလူချင်းပူးကပ်ကာ ထိုက်ခိုက်လိုက်ခြင်းမျိုး ဖြစ်လေသည်။

အန္တရာယ်များသော်လည်း ထိရောက်မှု ရှိသည်။

သူသေကိုယ်သေ သိုင်းကွက်မျိုး ဖြစ်လေသည်။

ယွဲ့ဖိန်းက အဘယ်ကြောင့် ထိုသိုင်းကွက်မျိုးကို အသုံးပြုရပါသနည်း။

မုယုံကျင်းအား သတ်ပစ်ချင်လောက်အောင် မုန်းတီးနေပြီလော။

ယွဲ့ဖိန်းက ခြောက်ကွက်မြောက်ဓားချက်ကို ထုတ်ဖော်လိုက်သောအခါ မုယုံကျင်းနှင့် လူချင်းလွန်စွာမှပင် နီးကပ်နေပြီ ဖြစ်ပါသည်။

သူ၏ဓားချက်က အောက်မှအပေါ်သို့ပင် ဆွဲလိုက်ခြင်းဖြစ်ပြီး မုယုံကျင်း၏လစ်ဟာနေသော ဝမ်းဗိုက်ကို တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

"ယား"

မုယုံကျင်း ညာသံပေးကာ ချာခနဲ လှည့်လိုက်၏။

သူ၏ခြေလှမ်းလှမ်းပုံ၊ ကိုယ်လှည့်ပုံက တမူထူးခြားနေပါသည်။

ခန္ဓာကိုယ်အား လေပွေပမာ လှည့်ပတ်လိုက်ပုံမျိုး ဖြစ်သည်။



"ဗွိုး"

မုယုံကျင်း၏အဝတ်အစားများ လူးလွန့်သွား၏။

ယွဲ့ဖိန်း၏ဓားချက်ကို ရှောင်တိမ်းပြီး ယွဲ့ဖိန်း၏နောက်ကျောဘက်သို့ တမဟုတ်ချင်း ရောက်သွား၏။

သူ၏ဓားကလည်း ယွဲ့ဖိန်း၏လည်ဂုတ်ပေါ်တင်ထားပြီးသားဖြစ်သွားသည်။

"မလှုပ်နဲ့"

မုယုံချင်း၏ အမိန့်ပေးသံအဆုံးတွင် တိုက်ပွဲပြီးဆုံးသွားလေတော့သည်။

♣ ♣ ♣

## အမှောင်ရာဇာ

ယွဲ့ဖိန်းသည် အလွန်ချမ်းသာကြွယ်ဝသော မိဘမျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာသူဖြစ်သည်။

ယွဲ့ဖိန်း၏အဖိုးသည် ကျိုကျိုတက်ချမ်းသာကြွယ်ဝသူဖြစ်ပြီး ခုံကျူးရသေ့၊ ပန်းပဲဆရာသံတူတို့နှင့် ငယ်သူငယ်ချင်းဖြစ်ခဲ့သည်။

ခုံကျူးရသေ့နှင့် ပန်းပဲဆရာသံတူတို့မှာ ဆင်းရဲနွမ်းပါးသူများဖြစ်ကြ၍ ယွဲ့ဖိန်း၏အဘိုးဖြစ်သူကပင် နေရာတကာ အကုန်အကျခံကာအကူအညီပေးခဲ့ရလေသည်။

ကျိုကျိုတက်ချမ်းသာကြွယ်ဝသေး သူဌေးကြီးတစ်ဦး၏ မြေးဖြစ်ရကား ယွဲ့ဖိန်းမှာ အလွန်မာနကြီးသူတစ်ယောက် ဖြစ်ခဲ့သည်



မှာမဆန်းပါချေ။

ယခု မုယုံကျင်းနှင့်ယှဉ်ပြိုင်ရာ၌ နှစ်ကြိမ်တိုင်တိုင် အရေးနိမ့်သွားခြင်းကြောင့် ယွဲ့ဖိန်း၏မာနကို ထိခိုက်သွားတော့မည် ဖြစ်လေသည်။

မုယုံကျင်း အနိုင်ရလိုက်သော်လည်း မပျော်နိုင်သည့်အပြင် ယွဲ့ဖိန်း နားကျည်းသွားမည်ကို စိုးရိမ်နေ၏။

ချိန်းထားသည့်အတိုင်း လာရောက်ယှဉ်ပြိုင်ခြင်းမှာ အနိုင်ရသည်ဖြစ်စေ၊ ရှုံးနိမ့်သွားသည်ဖြစ်စေ သိုင်းပညာနှင့်ပတ်သက်ပြီး ပြောစရာစကားတစ်ခွန်း ရှိနေခြင်းကြောင့် ဖြစ်ပါသည်။

"ဟား...ဟား...ဟား"

ယွဲ့ဖိန်း တဟားဟား ရယ်မောလိုက်လေသည်။

သူ၏ရယ်မောသံမှာ တိတ်ဆိတ်နေသော ဝန်းကျင်၌ ကျယ်လောင်စွာထိုးဖောက်ထွက်ပေါ်လာသည်။

ခံပြင်းနာကျည်းချက်ဖြင့် ရယ်မောလိုက်ခြင်းမျိုးတော့ မဟုတ်ပါ။

အလွန်သဘောကျစရာကောင်းသောကြောင့် အူလှိုက်သည်းလှိုက် ရယ်မောခြင်းမျိုးသာဖြစ်လေသည်။

ယွဲ့ဖိန်း ဘာများသဘောကျသွားပါသနည်း။

မုယုံကျင်း အံ့သြသွား၏။

ဓားရုပ်သိမ်းကာ နောက်ဆုတ်လိုက်၏။

နောက်လှည့်ကာ မျက်နှာချင်းဆိုင်လိုက်သော ယွဲ့ဖိန်းကို ကြည့်ယင်း နားမလည်နိုင်စွာ မေးလိုက်လေသည်။

"ယွဲ့ဖိန်း မင်းဘာများ သည်လောက်တောင် သဘောကျသွားရတာလဲကွ"

ယွဲ့ဖိန်းက...

"ငါက မင်းကို ခုတစ်ကြိမ်လည်းမယှဉ်နိုင်ဘဲ ရှုံးသွားမယ်ဆိုတာသိထားတယ်၊ ငါထင်ထားတဲ့အတိုင်းပဲ ရှုံးသွားတာ ငါ့အတွေးက သွေးထွက်အောင်မှန်နေတာကို သဘောကျလို့ပေါ့ကွာ"

မုယုံကျင်း မျက်မှောင်ကုပ်သွားလေသည်။

"ငါတော့ နားမလည်နိုင်တော့ဘူးကွာ"

"နားမလည်ဘဲ မနေစမ်းပါနဲ့ကွာ၊ ပြောင်းလဲခြင်းနိယာမတရားဆိုတဲ့စကားကို မင်းလည်းပြောခဲ့သေးတာပဲ မဟုတ်လား"

မုယုံကျင်း မည်သို့ပြောရမှန်းမသိ ဖြစ်နေ၏။

ယွဲ့ဖိန်းက...

"ငါလည်း ပြောင်းလဲနေပြီလေကွာ"

"မင်းဘယ်လိုပြောင်းလဲသွားတာလဲ"

မုယုံကျင်း လွှတ်ခနဲ မေးလိုက်သည်။

"မင်းအပေါ် အထင်မှားခဲ့ပြီဆိုတာကို နားလည်သဘောပေါက်လိုက်တာပေါ့"

"မင်းပြောတာက.."

"အေး...လွန်ခဲ့တဲ့သုံးနှစ်က တစ်နေ့ကျယင် မင်းဟာ သိုင်းလောကမှာထင်ရှားကျော်ကြားလာမယ်၊ ပြိုင်ဘက်တိုင်းကို အနိုင်ယူပြီး ပြိုင်ဘက်ကင်းဖြစ်လာမယ်၊ သည်အချိန်မှာ မင်းနဲ့ပညာတူတဲ့ ငါတစ်ယောက်လုံးရှိနေသေးတာကို သတိရလာပြီး ငါ့ကိုအမိကပြိုင်ဘက်တစ်ယောက်လို သဘောထားတော့မယ်လို့ ငါတွေးခဲ့တယ်"



မုယုံကျင်း ခေါင်းခါယမ်းလိုက်သည်။

"မင်းထင်သလို မဟုတ်ဘူး၊ ခင်းမှားနေပြီကွ"

ယွဲ့ဖိန်း ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်ကွာ၊ အဲသည်အချိန် ဆရာ့ဆီကထွက်လာကာစလည်းဖြစ်တယ်၊ အတွေ့အကြုံလည်း နည်းသေးတော့ ငါစဉ်းစားဆင်ခြင်ခဲ့တာ မှားယွင်းသွားတယ်"

မုယုံကျင်း မယုံနိုင်အောင် ဖြစ်သွားပြန်သည်။

"မင်း...မင်း တကယ်ပြောတာလား"

ယွဲ့ဖိန်းက...

"ငါတို့ သွေးသောက်ညီအစ်ကိုနှစ်ယောက်ကြားမှာ လိမ်ညာပြောဆိုဖို့အကြောင်းမရှိဘူးထင်တယ်၊ ငါဟာ ရင်ထဲမထားဘဲ ဘွင်းဘွင်းပြောတတ်တဲ့လူဆိုတာ မင်းသိပါတယ်လေ"

သွေးသောက်ညီအစ်ကိုဟု ယွဲ့ဖိန်းက သုံးစွဲလိုက်သဖြင့် မုယုံကျင်း၏ရင်ထဲ နွေးခနဲဖြစ်သွား၏။

ယွဲ့ဖိန်း စကားဆက်လိုက်သည်။

"မင်းနဲ့လမ်းခွဲပြီးတဲ့နောက်ပိုင်း ငါ့အမှားကို ဆင်ခြင်လာမိတယ်၊ မင်းအပေါ်မှာ အထင်လွဲခဲ့မိတာကို သုံးနှစ်လုံးလုံး စိတ်မကောင်းဖြစ်နေခဲ့မိတယ်"

မုယုံကျင်း၏မျက်နှာ ပြုံးရွှင်သွား၏။

"မင်း ပြောင်းလဲသွားပြီကိုး"

ယခုတစ်ကြိမ် မုယုံကျင်းပြောလိုက်သည့် ပြောင်းလဲခြင်းဆို

သောစကားက အဓိပ္ပါယ်အရှိဆုံးဖြစ်နေသည်။

ယွဲ့ဖိန်းက...

"မင်းကို ငါအထင်လွဲခဲ့မိတာ တောင်းပန်ချင်တယ်၊ မင်း ခွင့်လွှတ်နိုင်ပါ့မလား"

"ဟား...ဟား...ဟား"

မုယုံကျင်းကလည်း သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

♣ ♣ ♣



အခြေအနေအရပ်ရပ်က ပြောင်းလဲသွားခဲ့ပြီ ဖြစ်ပါသည်။

အထင်မှားနေသော ယွဲ့ဖိန်းသည် သူ၏အမှားကို သိရှိသွားခဲ့ပြီဖြစ်လေသည်။

မုယုံကျင်း ဝမ်းသာနေ၏။

သူတို့နှစ်ယောက် ပြိုင်ဘက်များ ဘယ်တော့မှဖြစ်လာမည် မဟုတ်ဟု ယုံကြည်လိုက်သည်။

သွေးသောက်ညီအစ်ကိုဘဝကို ပြန်ရလိုက်ပြီဟုလည်း ကျေနပ်မဆုံးရှိနေ၏။

မိဘမဲ့တစ်ကောင်ကြွက်ဖြစ်ရကား ယွဲ့ဖိန်းကို တအူတုံဆင်း ညီရင်းအစ်ကိုပမာ သံယောဇဉ်ဖြစ်ခဲ့သည်မှာ အမှန်ပင်။

"ဟား...ဟား...ဟား"

"ဟား...ဟား...ဟား"

ယွဲ့ဖိန်းနှင့်မုယုံကျင်းတို့၏ ဝမ်းသာကြည်နူးသော ရယ်မောသံများက လရောင်ဖြာကျနေသာညကို ပို၍သာယာလှပသွားစေတော့သည်။

မုယုံကျင်းက...

"မင်းက မကျေပွဲနဲ့ဖို့ သည်နေရာကို ချိန်းတယ်၊ ငါလည်း လာခဲ့တယ်၊ တကယ်ဆို ငါလာခဲ့တာကြောင့် မင်းနဲ့ယှဉ်ပြိုင်ချင်စိတ်ရှိတယ်လို့ ထင်ကောင်းထင်စရာ ဖြစ်နေလိမ့်မယ်"

ယွဲ့ဖိန်းက...

"ဒါဖြင့် တခြားအကြောင်းတစ်ခုနဲ့ လာခဲ့တာပေါ့"

"ဟုတ်တယ်၊ မင်းကို စကားတစ်ခွန်းပြောချင်လို့ လာခဲ့တာ"

"ဘယ်လိုစကားများလဲ"

မုယုံကျင်း၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ငါဟာ မိဘမဲ့တစ်ကောင်ကြွက်တစ်ယောက်ပါ၊ ထိပ်တန်း သိုင်းပညာတွေ သင်ယူပြီး သိုင်းသမားဘဝခံယူမယ်၊ သိုင်းလောက မှာ ကျင်လည်ကျက်စားမယ်၊ အများအကျိုးဆောင်ရွက်မယ်လို့ စိတ်ကူးထားခဲ့တယ်"

ယွဲ့ဖိန်း ခေါင်းညိတ်လိုက်သည်။

"အင်မတန်ကောင်းတဲ့ စိတ်ကူးပဲ မဟုတ်လား"

မုယုံကျင်းက....

"ဒါပေမယ့် တစ်နေ့မှာ ငါကမင်းကိုပြိုင်ဘက်တစ်ယောက် လိုသဘောထားမယ်၊ ပြိုင်ဘက်ကင်းသိုင်းသမားဘွဲ့ ထူးခံယူနိုင်ဖို့ သွေးသောက်ညီအစ်ကိုဆိုတဲ့ သံယောဇဉ်ကို ဘေးချိတ်ပြီး မင်းကို ယှဉ်ပြိုင်လာလိမ့်မယ်၊ ရန်ဘက်ပြိုင်ဘက်တစ်ယောက်လို သဘောထားမယ်၊ မင်းက သည်လိုယူဆသွားတာကြောင့် ငါအတော်ကို ဝမ်းနည်းမိတာ အမှန်ပဲ"

ယွဲ့ဖိန်းက...

"ငါမှားသွားတယ်၊ မင်းကိုစော်ကားမိသလို ဖြစ်သွားတာ တောင်းပန်ပါတယ်ကွာ"

နောင်တရနေဟန်ဖြင့် ထပ်မံတောင်းပန်လေသည်။

မုယုံကျင်း ပြုံးလိုက်သည်။

"ငါ မင်းကို စိတ်ဆိုးလို့ပြောနေတာ မဟုတ်ပါဘူး၊ သွေးသောက်ညီအစ်ကိုချင်း အထင်မှားစရာဖြစ်နေယင် သိုင်းလောကမှာ



ကျင်လည်ကျက်စားလည်း အဓိပ္ပါယ်မရှိနိုင်တော့ဘူး၊ ဒါကြောင့် ငါက သိုင်းလောကကိုမထွက်တော့ဘူး၊ ဇာတိရပ်ရွာမှာနေပြီး လယ်ယာ ကိုင်းကျွန်းလုပ်ကိုင်သွားတော့မယ်ဆိုတဲ့ အကြောင်း ပြောပြချင်လို့ လာခဲ့တာ"

"ဟာ"

မုယုံကျင်း၏ဆုံးဖြတ်ချက်ကို သိလိုက်ရလျှင် ယွဲ့ဖိန်းလွတ်ခနဲအော်လိုက်မိတော့သည်။

ကပျာကယာ မုယုံကျင်းအနီးသို့ ချဉ်းကပ်လာပြီး မုယုံကျင်း ၏လက်မောင်းကို ဆုပ်ကိုင်လိုက်လေသည်။

"မုယုံကျင်း မင်းဘယ်လိုပြောလိုက်တာလဲ၊ သိုင်းလောက ထဲမသွားဘဲနေတော့မယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ငါဟာ တစ်ကောင်ကြွက်ဖြစ်တော့ သိုင်း သမားဘဝခံယူသွားမယ်လို့ ရည်ရွယ်မိခဲ့တယ်၊ ဒါပေမယ့် ပြိုင်ဘက် ကင်းဘွဲ့ လိုချင်တာကြောင့် မင်းကို.."

မုယုံကျင်း၏စကားမဆုံးမီ ယွဲ့ဖိန်း ကြားဖြတ်ပြောလိုက် လေသည်။

"ငါတောင်းပန်ပါတယ်ကွာ၊ မုယုံကျင်း ငါ့ကို ပညာသင်ဘက်သွေးသောက်ညီအစ်ကိုတစ်ယောက်လို သဘောထားပြီး ခွင့်မလွှတ်နိုင်ဘူးလား"

မုယုံကျင်း ပြုံးလိုက်သည်။

"မင်းကို သွေးသောက်ညီအစ်ကိုလို သဘောထားတာ ကြောင့် ငါသည်လိုဆုံးဖြတ်လိုက်တာပေါ့ကွာ"

"ကိစ္စမရှိဘူး၊ မင်းရဲ့ဆုံးဖြတ်ချက်ကို ပြင်ရမှာပဲ"

"ငါက.."

"မင်းဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ သိုင်းသမား ဖြစ်လာရမှာပေါ့"

မုယုံကျင်းက ယွဲ့ဖိန်းအား စိုက်ကြည့်လိုက်လေသည်။

ယွဲ့ဖိန်း ပြုံးလိုက်သည်။

"ငါကတော့ ပြိုင်ဘက်ကင်းသိုင်းသမားမုယုံကျင်းရဲ့ သွေးသောက်မိတ်ဆွေအဖြစ်နဲ့ သိုင်းလောကမှာ ဂုဏ်ယူဝင့်ကြွားခွင့်ရယင် လုံလောက်ပြီလေ"

မုယုံကျင်း သက်ပြင်းချလိုက်လေသည်။

"ယွဲ့ဖိန်း...မင်းတကယ်ကို ပြောင်းလဲသွားပြီလား"

"မင်းကငါ့ကို ခုထိမယုံသေးဘူးလား"

"မယုံနိုင်တာ မဟုတ်ပါဘူးကွာ၊ အိပ်မက်တစ်ခုလို ဖြစ်နေလို့ပါ"

"ဖြစ်မှဖြစ်ရလေကွာ"

ယွဲ့ဖိန်းက ညည်းတွားပြီးမှ တဟားဟားရယ်မောလိုက်လေသည်။

"မင်း ခုလို ရတ်တရက်ဝေခွဲမရအောင် ဖြစ်နေတာ ငါ့ကြောင့်ပါပဲ၊ ငါသာမဟုတ်တာတွေ လျှောက်တွေးပြီး မင်းအပေါ်မှာ သံသယမဝင်ခဲ့ဘူးဆိုယင် သည်လိုဖြစ်စရာဘယ်ရှိမလဲ"

မုယုံကျင်းက...

"ထားပါတော့လေ၊ တို့နှစ်ယောက်ယှဉ်ပြိုင်ဖို့အထိ ဖြစ်ခဲ့ကြတာတွေကို အိပ်မက်တစ်ခုလို သဘောထားပြီး မေ့ပစ်လိုက်ဖို့ပဲ ရှိတော့တာပေါ့ကွာ"



ယွဲ့ဖိန်းက...

"ကဲ..ငါတို့တစ်ယောက်ကိုတစ်ယောက် နားလည်သွားကြပြီဆိုယင် အယင်ကလိုပဲ သွေးသောက်ညီအစ်ကိုတွေအဖြစ် ပြန်ပြီးဆက်ဆံကြမယ်၊ မင်းလည်း သိုင်းလောကမှာ ကျင်လည်ကျက်စားရလိမ့်မယ်၊ ဒါကို သဘောတူရလိမ့်မယ်"

"ငါသဘောတူပါတယ်ကွာ၊ သိုင်းလောကမှာ ပြန်ပြီးကျင်လည်ကျက်စားနိုင်ခွင့်ရမယ်ဆိုတာ အိပ်မက်ကြီးတစ်ခုပဲ၊ ငါ့ဘဝအတွက် အထိုက်တန်ဆုံး ဆုလာဘ်ကြီးတစ်ခုရလိုက်တာပဲကွ"

"သည်လိုမှပေါ့ကွာ၊ ကဲ တို့နှစ်ယောက် အမြင်ရှင်းသွားပြီ၊ သွေးသောက်ညီအစ်ကိုဘဝကို ပြန်ရောက်သွားကြတဲ့ အထိမ်းအမှတ်နဲ့စားသောက်ပွဲကျင်းပလိုက်ကြယင် မကောင်းဘူးလား"

"သိပ်ကောင်းတာပေါ့ကွာ"

ယွဲ့ဖိန်း၏အစီအစဉ်ကို မုယုံကျင်း သဘောတူလိုက်၏။

သို့သော် ယွဲ့ဖိန်းက...

"ငါတို့ သည်ရွာမှာတော့ ဘာမှရနိုင်မှာမဟုတ်ဘူးကွ၊ တစ်နေရာကိုသွားကြယင် ကောင်းမယ်"

မုယုံကျင်းက...

"မင်းရဲ့လူတွေကော.."

ယွဲ့ဖိန်းသည် အခြေအရံအစုံအလင် လိုအပ်သောပစ္စည်းအစုံအလင်ဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။

ရွေခွက် ရွေပန်းကန်များ အသုံးပြုကာ မုယ့်ကျင်းအားကျွေးမွေး
အောင်စားသောက်ပြခဲ့သည် မဟုတ်ပါလား။

ယွဲ့ဖိန်း၏လူများသည် စားသောက်ဆိုင်ရှေ့၌ ကျန်ရစ်ခဲ့ကြခြင်းဖြစ်လေသည်။

ယွဲ့ဖိန်းက...

"ငါစားသောက်ဆိုင်ရှေ့က ထွက်သွားတာနဲ့ သူတို့ကိုလည်း အိမ်ပြန်ဖို့မှာထားခဲ့တယ်၊ သူတို့ရှိကြတော့မှာ မဟုတ်ဘူး၊ ပြန်သွားလောက်ပြီ"

"သည်လိုကိုး၊ ဒါဆို ဟိုစားသောက်ဆိုင်ကိုပဲ ပြန်သွားကြတာပေါ့"

ယွဲ့ဖိန်း ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်သေးဘူးကွ"

"ဘာကြောင့်လဲ"

"အဲသည်ဆိုင်မှာ တို့နှစ်ယောက်ထဲ အေးအေးချမ်းချမ်း စားသောက်လို့ရမှာ သေချာတယ်၊ ဒါပေမယ့် အရက်ကောင်းကောင်းနဲ့စားစရာစုံစုံလင်လင် ရနိုင်မှာမဟုတ်ဘူး"

မုယ့်ကျင်းသည် ညဦးပိုင်းက သူစားသောက်ခဲ့ရပုံကို သတိရလာပြီး ပြုံးလိုက်မိလေသည်။

ယွဲ့ဖိန်းက...

"ငါက မင်းကိုထိုက်ထိုက်တန်တန် ကျွေးမွေးပြုစုချင်တာ"

"မင်းက တစ်နေရာရာကိုသွားမယ်လို့ စိတ်ကူးထားတာလား"



"ဟုတ်တယ်"

"ဘယ်ကိုသွားမှာလဲ"

"ရွှင်ပျော်ပျော်. စားသောက်ဆိုင်ကို သွားကြမယ်"

ယွဲ့ဖိန်း၏စကားကြောင့် ရွှင်ပျော်ပျော်စားသောက်ဆိုင်ဆိုသည့်အမည်ကို မုယ့်ကျင်း စိတ်ဝင်စားသွားလေတော့သည်။

♣ ♣ ♣

## စိတ်ဆက်လာတဲ့လူ

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

လဝန်းသည် အရှေ့ဘက်သို့ ရွေ့လျားသွားပြီဖြစ်သည်။

လရောင်မှေးမှိန်သွားသော်လည်း အမှောင်ထုကို ဖြိုခွင်းမည့်အာရုံဦး၏ ရောင်နီများအရှေ့ဘက်မှ ထွက်ပေါ်လာစပြုနေပြီဖြစ်ပါသည်။

မကြာမီ မိုးစင်စင်လင်းလာပေတော့မည်။

မုယုံကျင်းနှင့်ယွဲ့ဖိန်းတို့သည် ပြေလည်သွားကြပြီးနောက် ရှွင်ပျော်ပျော်စားသောက်ဆိုင်သို့သွား၍ စားသောက်ပွဲကျင်းပကြတော့မည်ဖြစ်ပါသည်။



ရှွင်ပျော်ပျော်စားသောက်ဆိုင် မည်သည့်နေရာ၌ရှိသည်ကို မုယုံကျင်းမသိပါ။

သို့သော် သူစိတ်မပူပါ။

ယွဲ့ဖိန်း သိထားလိမ့်မည် မဟုတ်ပါလား။

ယွဲ့ဖိန်းသည် အစစအရာရာ ကြိုတင်ပြင်ဆင်ကာ စီစဉ်ထားပုံမျိုးဖြစ်လေသည်။

မုယုံကျင်းသည် ယွဲ့ဖိန်းနှင့်အတူ လိုက်သွားရန်ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ဝှစ်...ဝှစ်...ဝှစ်"

လေတိုးသံများ ထွက်ပေါ်လာသကဲ့သို့ အမှောင်ရိပ်ထဲမှ လက်နက်ပုန်းကလေးများ ပစ်လွှင့်လာလေသည်။

မုယုံကျင်း၏နောက်ကျောဘက်သို့ ဦးတည်ပစ်လွှင့်လာခြင်းဖြစ်သည်။

အမှောင်ရိပ်ထဲမှ တစ်စုံတစ်ယောက်က တိတ်တဆိတ်ချောင်းမြောင်း တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

မုယုံကျင်းကော ယွဲ့ဖိန်းပါ ရင်ထိတ်သွားကြလေသည်။

"သတိထား"

မုယုံကျင်းက သတိပေးယင်း ယွဲ့ဖိန်းကို တွန်းထုတ်လိုက်လေစည်။

"ဟင်"

ယွဲ့ဖိန်းသည် မုယုံကျင်းတွန်းထုတ်လိုက်သည့်အရှိန်ဖြင့် ခုန်

ထွက်လိုက်ရာ အဝေးသို့ ရောက်ရှိသွားလေသည်။

မုယုံကျင်းလည်း ယွဲ့ဖိန်းလွတ်မြောက်သွားသည်နှင့် ခန္ဓာကိုယ်ယိမ်းနွဲ့ကာ လက်နက်ပုန်းကလေးများအား ရှောင်တိမ်းလိုက်သည်။

ယွဲ့ဖိန်းလွတ်မြောက်သွားစေဖို့ တွန်းထုတ်နေရခြင်းကြောင့် ထိုတဒင်္ဂအချိန်လေးသည် ပစ်လွှင့်လာသော လက်နက်ပုန်းကလေးများအား ရှောင်တိမ်းရန်ခက်ခဲသွားလေသည်။

မုယုံကျင်းက လက်ဝှေ့ယမ်းကာ အင်္ကျီလက်ဖြင့် လက်နက်ပုန်းကလေးများအား ရိုက်ထုတ်ပစ်လိုက်သည်။

ခန္ဓာကိုယ် တွန့်လိမ်ကာ ရှောင်တိမ်းလိုက်သည်။

အချို့ကိုဖမ်းယူထားလိုက်လေသည်။

မုယုံကျင်းသည် မျက်စိတမှိတ် လျှပ်တပြက်အချိန်လေးအတွင်းမှာပင် လှုပ်ရှားမှုသုံးမျိုးကို တပြိုင်နက်တည်း ပြုလုပ်လိုက်ခြင်းဖြစ်လေသည်။

အမှောင်ထဲမှ တိတ်တဆိတ် ချောင်းမြောင်းတိုက်ခိုက်လိုက်ခြင်းမှာ အောင်မြင်ခြင်းမရှိတော့ပါချေ။

မည်သူက ချောင်းမြောင်းတိုက်ခိုက်လိုက်ပါသနည်း။

မုယုံကျင်း တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ခင်ဗျားတို့ ထွက်လာယင် ကောင်းမယ်"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဟူး...ဟူး"



အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ အမှောင်ထဲမှလူနှစ်ယောက် ခုန်ထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♣ ♣ ♣

အမှောင်ထဲမှ .ထွက်လာသူနှစ်ယောက်အား မသဲမကွဲအလင်းရောင်ဖြင့် တွေ့မြင်လိုက်ရလျှင် မုယုံကျင်းအံ့ဩသွားလေသည်။

ထိုလူနှစ်ယောက်မှာ အရပ်အလွန်ပုသော လူပုလေးများဖြစ်နေကြသည် မဟုတ်ပါလား။

လူပုလေးနှစ်ယောက်သည် မြေကွက်လပ်သို့ရောက်ရှိလာကြပြီး မုယုံကျင်းအား ဝဲယာတစ်ဘက်တစ်ချက်မှ ဝိုင်းရံထားလိုက်ကြလေသည်။

မုယုံကျင်းက လူပုလေးနှစ်ယောက်အား ခြေဆုံးခေါင်းဆုံးကြည့်ပြီး သဘောကျစွာပြုံးလိုက်မိသည်။

လူပုလေးများကား သက်ကြီးပုများဖြစ်ကြသည်။

အရပ်သုံးပေခန့်ရှိပြီး တစ်ယောက်က ရွှေရောင်၊ ကျန်တစ်ယောက်က ငွေရောင် အဝတ်အစားများ ဝတ်ဆင်ထားကြလေသည်။

နဖူးပြောင်ပြောင်၊ မျက်လုံးပြူးပြူး၊ နှာခေါင်းကောက်ကောက်၊ ရက်စက်ကြမ်းကြုတ်မည့်အသွင်ရှိကြလေသည်။

လက်နက်ပုန်းများ အသုံးပြုကာ အလစ်ချောင်းတိုက်ခိုက်ခဲ့ကြသဖြင့် မည်သည့်နည်းနှင့်မျှ လူကောင်းများမဖြစ်နိုင်ကြတော့

ပါချေ။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

မုယုံကျင်း မေးလိုက်သည်။

ယွဲ့ဖိန်းက ကြားဝင်အဖြေပေးလိုက်သည်။

"မရဏလူပုညီနောင်ဆိုတဲ့ ကြေးစားလူသတ်သမားနှစ်ယောက်ပေါ့"

မုယုံကျင်းက ယွဲ့ဖိန်းကို လှည့်ကြည့်လိုက်လေသည်။

သူက ဇာတိရပ်ရွာသို့ပြန်ကာ လယ်သမား ယာသမားဘဝဖြင့် နေထိုင်ခဲ့သည်။

ယွဲ့ဖိန်းကား သူနှင့်လမ်းခွဲပြီး သိုင်းလောကနှင့်ပတ်သက်ခဲ့ပုံရသည်ဟု တွေးမိလိုက်၏။

ယွဲ့ဖိန်းသည် သူ့ထက်ပိုပြီး သိုင်းသမားများအကြောင်းကို သိနေသည် မဟုတ်ပါလား။

"သူတို့နှစ်ယောက်ဟာ ရုတ်တရက်ကြည့်ယင် ရယ်စရာကောင်းပေမယ့် သူတို့လက်ချက်ကြောင့် သေသွားရတဲ့လူ မနည်းတော့ဘူး၊ လူထက်ငွေကို ပိုပြီးတန်ဖိုးထားတဲ့ ကြေးစားတွေ"

ယွဲ့ဖိန်း ဆက်ပြီးရှင်းပြသည်။

မုယုံကျင်း မကျေမနပ်ဖြစ်သွားလေသည်။

"သည်လိုလူစားမျိုးတွေကို ဆုံးမသင့်တယ်"

"ဒါပေါ့ မရဏလူပုညီနောင်ကို ဆုံးမနိုင်မှ သိုင်းသမားကောင်း ပီသတော့မှာပေါ့"

"ကောင်းပြီ"



မုယုံကျင်းက မရဏလူပုညီနောင်နှင့် ရင်ဆိုင်ရန်ဟန်ပြင်လိုက်လေသည်။

ယွဲ့ဖိန်းက....

"ငါက တစ်ယောက်ကို တာဝန်ယူမယ်"

ပြောယင်းရှေ့တိုးရန် ဟန်ပြင်လိုက်သောအခါ မုယုံကျင်းဟန့်တားလိုက်လေသည်။

"ကိစ္စမရှိဘူး၊ ငါပဲဆုံးမလိုက်မယ်၊ မင်းနောက်ဆုတ်လိုက်ပါ"

မုယုံကျင်းသည် ကိုယ့်ကိုကိုယ် အထင်ကြီးပြီး ထိုသို့ပြောခြင်း မဟုတ်ပါ။

စစ်လိန်တောင်မှဆင်းလာပြီးသည့်နောက်ပိုင်း ယွဲ့ဖိန်းနှင့်လမ်းခွဲကာ ဇာတိကျေးရွာသို့ပြန်ပြီး လယ်ယာလုပ်ကိုင်နေသကဲ့သို့ သိုင်းပညာကိုလည်း အဆက်မပြတ်လေ့ကျင့်ခဲ့သည်ဖြစ်ရာ သူ၏ပညာမှာ ယခင်ကထက် ပို၍တိုးတက်နေပြီဖြစ်ပါသည်။

ယွဲ့ဖိန်းကား ကောင်းကောင်းကြီး နေထိုင်စားသောက်ကာ ဇိမ်ခံခဲ့ခြင်းကြောင့် ခန္ဓာကိုယ်ဝဖြိုးလာသကဲ့သို့ လှုပ်ရှားမှုများသည် ယခင်ကလို ပေါ့ပါးသွက်လက်ခြင်းမရှိတော့ဘဲ လေးလံထိုင်းမှိုင်းနေပြီဖြစ်သည်။

မကြာသေးမီက ယှဉ်ပြိုင်ခဲ့သည့် အခြေအနေကိုတွက်ဆပြီး ကြောက်စရာကောင်းသော လူသတ်သမားနှစ်ယောက်နှင့် ရင်ဆိုင်ရသောအခါ ယွဲ့ဖိန်းအခက်ကြုံမည်ကို စိုးရိမ်မိသဖြင့် နောက်ဆုတ်ခိုင်းကာ သူကိုယ်တိုင် ရင်ဆိုင်ရန်ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေ

တော့သည်။

ယွဲ့ဖိန်းက…

“မုယုံကျင်း..မင်း…”

“ငါ့အတွက် ဘာမှမပူနဲ့ ကိစ္စမရှိဘူး”

“အေး..မင်းဟာ မကြာခင်ပြိုင်ဘက်ကင်း သိုင်းသမားဘွဲ့ ထူးခံယူနိုင်တော့မှာပဲ၊ သူတို့နှစ်ယောက်ကို ဆုံးမဖို့ ဘာမှအပမ်းမကြီးပါဘူး”

ယွဲ့ဖိန်းက ပြောပြီး တဟားဟားရယ်မောလိုက်လေသည်။

မုယုံကျင်း မရယ်နိုင်ပါ။

ကြောက်စရာကောင်းသော ကြေးစားလူသတ်သမားနှစ်ယောက်နှင့် ရင်ဆိုင်ရတော့မည် မဟုတ်ပါလား။

မုယုံကျင်းနှင့်ယွဲ့ဖိန်းတို့ ပြောဆိုနေကြသောစကားများကြောင့် လူပုလေးနှစ်ယောက် ဒေါသထွက်သွားကြလေသည်။

“သေပေတော့”

“ယား”

ညာသံပေးကာ မုယုံကျင်းအား ဝဲယာတစ်ဘက်တစ်ချက်မှ ဝိုင်း၍တိုက်ခိုက်လိုက်ကြလေသည်။

“ဝှစ်…ဝှစ်”

“ရွမ်း”

ဝင်းလက်တောက်ပသော ဓားရောင်များထွက်ပေါ်လာသည်။

လူပုလေးတစ်ယောက်သည် တုတ်တစ်ချောင်း ဓားတစ်



လက် ထုတ်ယူလိုက်သည်။

တုတ်မှာ သံမဏိတုတ်တံဖြစ်ပြီး ထိပ်ပိုင်းရှိအခေါင်းပေါက်၌ ဓားရိုးကိုစွပ်လိုက်သောအခါ ဓားရှည်တစ်လက်ကဲ့သို့ ဖြစ်သွားသည်။

ထိုဓားရှည်သည် လူပုလေး၏အရပ်ထက်ပင် ရှည်လျားနေပါတော့သည်။

လူပုလေးက သူ့အရပ်ထက်ပိုပြီး ရှည်လျားသော ဓားကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ခြင်းမှာ အံ့သြစရာကောင်းနေပါတော့သည်။

အခြားလူပုလေးကလည်း ခါး၌ချိတ်ဆွဲထားသော ကြာပွတ်ကိုဖြုတ်ယူကာ ဝှေ့ယမ်းတိုက်ခိုက်လာလေသည်။

သူ၏ကြာပွတ်ကလည်း အတော်ရှည်လျားပေသည်။

လူပုနှစ်ယောက်စလုံး သူတို့၏အရပ်ထက်ပို၍ ရှည်လျားသောလက်နက်များအသုံးပြုကာ တိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်။

သူတို့၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။ မုယုံကျင်း ရင်ထိတ်သွားသည်။

တစ်ချက်ကလေး ပေါ့ဆလိုက်ရုံဖြင့် ဒုက္ခရောက်သွားနိုင်ကြောင်းနားလည်ထားလေသည်။

လူပုလေးများက လက်နက်များကိုင်ဆောင်ထားကြသည်ဖြစ်ရာ သူလည်း လက်ချည်းသက်သက် ရင်ဆိုင်ရန်မဖြစ်နိုင်တော့သဖြင့် ခါးမှဓားကိုဆွဲထုတ်ကာ လက်နက်ချင်းရင်ဆိုင်လိုက်ရလေသည်။

သိုင်းလောကမှာ ပြိုင်ဘက်ကင်းသော စစ်လိန်တောင်မှ ခံကျူးရသေ့၏တပည့်ဖြစ်သည့် အတိုင်း မုယုံကျင်း၏သိုင်းပညာမှာ ထူးခြားထက်မြက်နေပါတော့သည်။

မုယုံကျင်းသည် မထင်မှတ်သောရှုထောင့်မှ ဓားကွက်များ ထုတ်ဖော်လိုက်သည်။

"ခြွမ်း...ခြွမ်း"

လူပုလေးတစ်ယောက်၏ဓားနှင့် ပြင်းထန်စွာထိတွေ့မိပြီး မီးပွင့်ကလေးများပင် ထွက်ပေါ်လာလေသည်။

လူပုလေး မျက်နှာပျက်သွားသည်။

လက်ထဲကိုင်ထားသော ဓားလွတ်ကျမသွားရလေအောင် မနည်းဆုတ်ကိုင်ကာ နောက်ဆုတ်လိုက်ရ၏။

မုယုံကျင်းသည်ကြာပွတ်ကိုင် လူပုလေးအား ဆက်လက် တိုက်ခိုက်လိုက်လေသည်။

"ရွမ်း...ရွမ်း"

"ဝှစ်..ဝှစ်"

လူပုလေး၏ကြာပွတ်နှင့် မုယုံကျင်း၏ဓားတို့ တွေ့မိလိုက်သောအခါ ကြာပွတ်ရှည်က ဓားကိုရစ်ပတ်ထားလိုက်လေသည်။

"လွှတ်လိုက်စမ်း"

မုယုံကျင်း အော်ငေါက်ကာ ဆောင့်ဆွဲလိုက်သောအခါ...

"ဖုတ်"

လူပုလေး၏လက်ထဲမှ ကြာပွတ်လွတ်ကျသွားလေသည်။

"ဟင်"



"ဟာ"

လူပုလေးနှစ်ယောက် အထိတ်တလန့်ဖြစ်သွားကြ၏။

မုယုံကျင်းအား ယှဉ်နိုင်မည်မဟုတ်ကြောင်း သဘောပေါက်သွားကြလေသည်။ ထို့ကြောင့်....

"လေထန်တယ် ရှက်တင်"

"ကောင်းပြီ"

အမှောင်လောကသား အချင်းချင်း နားလည်မည့်အချက်ပေးစကားဖြင့် အချက်ပေးလိုက်ကြပြီး နောက်ဆုတ်လိုက်ကြလေသည်။ သူတို့၏လက်နှစ်ဘက်ကို ဝှေ့ယမ်းလိုက်သည်။

"ဝုန်း..ဝုန်း"

မည်းမည်းအလုံးကလေးများ ပစ်လွှင့်လာပြီး ကျယ်လောင်စွာပေါက်ကွဲသွားလေသည်။ မီးခိုးငွေ့များ အူထွက်လာပြီး ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားတော့သည်။

"သတိထား"

ယွဲ့ဖိန်း အော်ဟစ်သတိပေးလိုက်၏။

မုယုံကျင်းက မီးခိုး လုံးများကြောင့် နောက်ဆုတ်လိုက်သည့် တဒင်္ဂအချိန်လေးအတွင်းမှာပင်...

"ဝှစ်..ဝှစ်..ဝှစ်"

လူပုလေးနှစ်ယောက်က မီးခိုးလုံးများကို အကာအကွယ်ယူပြီး လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

လူပုလေးနှစ်ယောက်နှင့် မုယုံကျင်းတို့ကြား၌ မီးခိုလုံးများ ကကန့်လန့်ကာသဖွယ် ကာဆီးထားလိုက်ခြင်းဖြစ်ရာ တစ်ယောက်

၏လှုပ်ရှားမှုကို ကျန်တစ်ယောက်က တွေ့မြင်ရမည် မဟုတ်ပါချေ။

မုယုံကျင်း သတိထားနေလိုက်ခြင်းကြောင့်သာလျှင် မီးခိုးလုံးများကြားမှ ထိုးဖောက်ပစ်လွှင့်လာသည့် လက်နက်ပုန်းကလေးများအား တွေ့မြင်လိုက်ရခြင်းဖြစ်လေသည်။

ယခုတစ်ကြိမ် ပစ်လွှင့်လာသော လက်နက်ပုန်းကလေးများသည် စိမ်းဖန့်ဖန့်အရောင်သမ်းနေသဖြင့် အဆိပ်များသုတ်လိမ်းထားကြောင်းထင်ရှားနေ၏။

မုယုံကျင်းလည်း ဖမ်းယူရန်မဝံ့ရဲသဖြင့် အင်္ကျီလက်ဖြင့် ရိုက်ထုတ်ပစ်လိုက်လေသည်။

"ဟူး"

ရုတ်တရက် ထွက်ပေါ်လာသော လေပွေလှိုင်းများက လက်နက်ပုန်းကလေးများအား ရိုက်ထုတ်ပြီးသားဖြစ်သွားလေတော့သည်။

"ဝှစ်...ဝှစ်"

လက်နက်ပုန်းကလေးများသည် လာရာလမ်းအတိုင်း ပြန်လည်ပစ်လွှင့်သွားတော့သည်။

မီးခိုးလုံးများကြားသို့ လက်နက်ပုန်းကလေးများ တိုးဝင်သွားပြီး မရေးမနှောင်းမှာပင်...

"ဖုတ်..ဖုတ်"

လူနှစ်ယောက် မြေပေါ်လဲကျသွားသော်လည်းအသံများထွက်ပေါ်လာလေတော့သည်။

♣ ♣ ♣

## အမှောင်သတင်း

နံနက်ခင်း၏ အေးမြလတ်ဆတ်သော လေပြည်လေညင်းဝှေယမ်း တိုက်ခတ်လာလေသည်။

မီးခိုးလုံးများ တဖြည်းဖြည်း လွင့်ပါးပျောက်ကွယ်သွား၏။

ဝန်းကျင်တစ်ခုလုံး ရှင်းရှင်းလင်းလင်း ဖြစ်လာသည်။

ထိုအခါမှ မြေပေါ်လဲကျနေသော လူပုလေးနှစ်ယောက်အားတွေ့လိုက်ရလေသည်။

လူပုလေးနှစ်ယောက် တုတ်တုတ်မျှ မလှုပ်ဘဲငြိမ်သက်နေလေသည်။

သူတို့၏အသားအရည်များ မည်းနက်ကာ တစ်ကိုယ်လုံး

မီးသွေးတုံးပမာ ရှိနေသည်။

ပြင်းထန်သော အဆိပ်ကြောင့် အော်ဟစ်ခြင်းမပြုနိုင်ဘဲ သေဆုံးသွားကြောင်း ထင်ရှားနေပါတော့သည်။

မုယုံကျင်း စိတ်မကောင်းဖြစ်သွား၏။

သူ၏လက်ချက်ကြောင့် လူနှစ်ယောက် သေဆုံးသွားခဲ့ရပြီ မဟုတ်ပါလား။

ယွဲ့ဖိန်းက ရှေ့တိုးလာသည်။

မုယုံကျင်း သက်ပြင်းချလိုက်သည်။

"ငါက ရုတ်တရက်ဆိုတော့ ခုခံလိုက်မိတာ သူတို့ကိုသေသွားစေချင်လို့ မဟုတ်ပါဘူး"

ယွဲ့ဖိန်းက...

"မင်း စိတ်မကောင်းဖြစ်နေတာကိုး၊ သူတို့ဟာ သေသင့်သေထိုက်တဲ့လူတွေပဲ၊ သူတို့အသက်ရှင်နေသေးသမျှ ဒုက္ခရောက်ရမယ့်လူတွေ နည်းမှာမဟုတ်ဘူး၊ မင်းက သူတို့နှစ်ယောက်ကို သုတ်သင်ပြီး လူအများရဲ့အသက်ကို ကယ်တင်လိုက်တယ်လို့ပဲ သဘောထားလိုက်ပါကွာ"

မုယုံကျင်း အနည်းငယ် စိတ်သက်သာရာရသွား၏။

"အင်း...မင်းပြောသလို သဘောထားရတော့မှာပဲ"

လူပုလေးနှစ်ယောက်အား လှမ်းကြည့်ပြီး ယွဲ့ဖိန်းကိုမေးလိုက်သည်။

"သူတို့က ကြေးစားလူသတ်သမားတွေဆိုတာ သေချာရဲ့လား"



"သေချာတာပေါ့ကွာ"

"အင်း..ကြေးစားဆိုတာ ငွေမရဘဲ အပင်ပန်းခံပြီးလူသတ်ဖို့ကြိုးစားမှာမဟုတ်ဘူး၊ ငါ့ကိုကို လုပ်ကြံချင်တာ.."

မုယုံကျင်း စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ယွဲ့ဖိန်း ပြုံးလိုက်သည်။

"မင်း ဘာတွေးနေတယ်ဆိုတာ ငါသိပါတယ်၊ မင်းတွေးတာမှန်ပါတယ်၊ သူတို့ကို တစ်ယောက်ယောက်က ငွေပေးပြီး ခိုင်းလိုက်တာဖြစ်မယ်"

မုယုံကျင်းက....

"ငါက သိုင်းလောကနဲ့မပတ်သက်ဖူးဘူး၊ဘယ်သူနဲ့မှလည်း ရန်ငြိုးရန်စမရှိဖူးဘူး၊ ဘာကြောင့် ငါ့ကိုလုပ်ကြံချင်ရတာလဲ"

ယွဲ့ဖိန်း ရယ်မောလိုက်လေသည်။

"မင်း သည်နေရာကိုရောက်လာကတည်းက မင်းဘယ်သူဘယ်ဝါဆိုတာ 'အမှောင်ရာဇာ'က သိနေပါပြီကွာ၊ ဒါကြောင့် လူပုလေးနှစ်ယောက်ကိုလွှတ်ပြီး မင်းကိုမိတ်ဆက်လိုက်တာပဲ"

"ဘာ...ဘယ်လို"

မုယုံကျင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ၊ အမှောင်ရာဇာက လူပုလေးနှစ်ယောက်ကိုလွှတ်ပြီး ငါ့ကိုမိတ်ဆက်လိုက်တာ ဟုတ်လား"

"ဒါပေါ့"

"အမှောင်ရာဇာ...နေပါဦး၊ သူက ဘယ်သူလဲ၊ ငါ့ကိုဘာ

ကြောင့်မိတ်ဆက်ချင်ရတာလဲ"

ယွဲ့ဖိန်း ရယ်မောလိုက်လေသည်။

"မင်း တော်တော်အူကြောင်ကြောင် နိုင်တာပဲ၊ ငါက မိတ်ဆက်တယ်လို့ စကားလှအောင်ပြောတာကွ၊ သူက မင်းကိုသတ်ပစ်ချင်နေတာ"

"ဟေ"

မုယုံကျင်း မျက်လုံးပြူးသွားလေသည်။

"သူနဲ့ငါသိကျွမ်းဖို့မပြောနဲ့ သည်နာမည်မျိုး သည်တစ်ခါပဲ ကြားဖူးတာ၊ ဘာကြောင့် ငါ့ကိုသတ်ပစ်ချင်နေရတာလဲကွ"

"အမှောင်ရာဇာက သည်နယ်ထဲကို ရောက်လာတဲ့ အဖြူရောင်သိုင်းသမားမှန်သမျှ သုတ်သင်ရှင်းလင်းပစ်မယ်လို့ ကြွေးကြော်ထားတဲ့လူဆိုတော့ မင်းနဲ့မသိလည်း အရေးမကြီးဘူး၊ မင်းကိုသတ်ပစ်လိုက်ရလည်း အရေးမကြီးဘူး၊ သူ့ရဲ့ခံယူချက်အတိုင်း ရပ်တည်နေမှာပဲလေ"

မုယုံကျင်း မကျေမနပ်ဖြစ်သွားလေသည်။

"သည်သဘောထားမျိုး မကောင်းပါဘူးလေ၊ သည်လူက မဟုတ်တာတွေ လျှောက်လုပ်နေမယ်ဆိုယင်တော့ သူ့ကိုဆုံးမရမှာပဲ"

ယွဲ့ဖိန်း ကျေနပ်သွား၏။

"သိပ်ကောင်းတာပေါ့ကွာ၊ သူ့ကိုဆုံးမသင့်တာပေါ့"

ပြောပြီး ရယ်မောလိုက်လေသည်။

မုယုံကျင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။



"မင်း ဘာရယ်တာလဲကွ"

"မင်းကို သဘောကျလို့ပေါ့"

"ဟေ"

ယွဲ့ဖိန်း ရှင်းပြသည်။

"ငါသဘောကျတာ တခြားမဟုတ်ပါဘူး၊ မင်းကငါ့ကိုဆုံးမတယ်၊ ပြီးတော့ မရဏလူပုညီနောင်ကို ဆုံးမတယ်၊ ခုတစ်ခါ အမှောင်ရာဇာဝူကျူးရိကိုဆုံးမဦးမယ်ဆိုတော့ မင်းသိပ်ပြီး ပင်ပန်းနေမှာကို တွေးပြီး ရယ်မိတာပါကွာ"

မုယုံကျင်း ပြုံးလိုက်သည်။

"မင်းရဲ့စကားကို ဆန်းစစ်ကြည့်တာနဲ့ အမှောင်ရာဇာဟာ ဘယ်လိုလူစားမျိုးဆိုတာ ငါရိပ်မိတယ်၊ ဒါကြောင့် ဆုံးမမယ်လို့ပြောတာ၊ ဒါထက် သူ့နာမည်ကိုတောင် သိနေတယ်ဆိုတော့ မင်းကသူ့အကြောင်းကို သေသေချာချာ သိထားပုံပဲ ဟုတ်ရဲ့လား"

"ဘာလဲ မင်းက အမှောင်ရာဇာဝူကျူးရိအကြောင်း သိချင်နေပြီလား"

"သူ့ကိုဆုံးမမယ်ဆိုမှတော့ သူ့အကြောင်း သိထားရမှာပေါ့ကွာ"

ယွဲ့ဖိန်း ခေါင်းညိတ်လိုက်သည်။

"အေးပါကွာ၊ မင်းသိချင်တယ်ဆိုယင် ငါပြောပြပါ့မယ်၊ ဒါပေမယ့် မင်းပင်ပန်းနေပြီ မဟုတ်လား၊ တို့ရှင်ပျော်ပျော်စားသောက်ဆိုင်ကို သွားကြမယ်၊ စားသောက်ယင်း အေးအေးဆေးဆေး ပြောကြတာပေါ့ကွာ"

"သိပ်ကောင်းတာပေါ့ကွာ"

မုယုံကျင်းလည်း သဘောတူလိုက်လေတော့သည်။

♣ ♣ ♣

ဝှားချီကျေးရွာမှ စားသောက်ဆိုင်ရှင် အဘိုးအိုမှာ သဘောမနောကောင်းသူဖြစ်လေသည်။

ယွဲ့ဖိန်းသွားပြီး အကူအညီတောင်းသောအခါ သူ၏ဟောင်းနွမ်းနေပြီဖြစ်သော မြင်းလှည်းကို ငှားရမ်းလိုက်လေသည်။

ယွဲ့ဖိန်းသည် အဘိုးအို မနစ်နာရလေအောင် ရွှေတုံးသုံးတုံးပေးခဲ့လေသည်။

ရွှေတုံးကလေးများသည် မြင်းလှည်းသန့်သန့်တစ်စီး ဝယ်ယူနိုင်သည့် ပမာဏရှိလေသည်။

မုယုံကျင်းလည်း အဘိုးအိုက ဂူကျူးရိ၏အမည်ကို ပြောခဲ့ဖူးကြောင်း ပြန်လည်သတိရလိုက်၏။

သို့သော် အဘိုးအိုထံ၌ မေးမြန်းစုံစမ်းခြင်း မပြုတော့ပါ။

ယွဲ့ဖိန်းက ဂူကျူးရိအကြောင်းကို ပြောပြတော့မည် မဟုတ်ပါလား။

အဘိုးအို၏မြင်းလှည်းဖြင့် ဝှားချီကျေးရွာမှ ထွက်ခဲ့ကြလေသည်။

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော သူဌေးသားယွဲ့ဖိန်းကမြင်းလှည်းမောင်းနေပြီး လယ်သမားတစ်ယောက်နှင့်တူသော



မုယုံကျင်းက အေးအေးသက်သာ လိုက်ပါလာသည်ကိုတွေ့ရလျှင် လူအများ အံ့သြမိကြမည် ဖြစ်လေသည်။

ယွဲ့ဖိန်းက မည်သည့်နေရာသို့သွားမည်ကို မုယုံကျင်း မမေးပါချေ။

ပြောထားသည့်အတိုင်း ရွှင်ပျော်ပျော်စားသောက်ဆိုင်သို့ သွားလိမ့်မည်သာ ဖြစ်ပါသည်။

ရွှင်ပျော်ပျော်စားသောက်ဆိုင် မည်သည့်နေရာ၌ ရှိနေပါသနည်း။

မုယုံကျင်း မမေးပါချေ။

မြင်းလှည်းခေါ် ဆောင်ရာနောက်သို့သာ အနားယူလိုက်ပါသွားလေတော့သည်။

♣ ♣ ♣

ကျေးလက်သဘာဝ တောတောင်ရေမြေရှုခင်းများဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

နွေးထွေးသော နံနက်ခင်းနေရောင်ခြည်အောက်၌ အရာရာတိုင်းသည် လန်းလန်းဆန်းဆန်း ရှိနေသည်။

ဝန်းကျင်က သာယာလှပနေသော လမ်းတလျှောက်၌တွေ့ခဲ့ရသူများကား မျက်နှာမသာမယာဖြစ်နေကြ၏။

များသောအားဖြင့် ဒေသခံ တောင်သူလယ်သမားများ ဖြစ်ကြလေသည်။

ပေါက်တူး၊ ဂေါ်ပြား အစရှိသည့် လယ်ယာသုံးပစ္စည်းများကိုင်ကာ လယ်ယာလုပ်ငန်းခွင်သို့ သွားနေကြခြင်းဖြစ်လေသည်။

အဝတ်အစားများ ဟောင်းနွမ်းညစ်ထေးလျက် အရာရာကိုစိတ်ပျက်ငြီးငွေ့နေကြောင်း သူတို့၏မျက်နှာများ၌ အထင်းသားပေါ်လွင်နေသည်။

ထို့အပြင် ရွာသိမ်ရွာပျက်များကိုလည်း တွေ့ရသည်။

ဤအရပ် ဤဒေသမှာ စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ကာ ဒေသခံများ ချောင်ချောင်လည်လည် ရှိနေကြမှန်း မုယုံကျင်း သိထားခဲ့လေသည်။

သို့သော် ပြောင်းလဲခြင်းနိယာမတရားကို နားလည်နေပြီဖြစ်ရကား ဝေဖန်ပြောဆိုခြင်းမပြုတော့ဘဲ အသာငြိမ်နေခဲ့လေသည်။

ယွဲ့ဖိန်းက မြင်းလှည်းကို ကျင်လည်စွာမောင်းနှင်သွားယင်းများမကြာမီ မြို့ကြီးတစ်မြို့အလား စည်ကားသိုက်မြိုက်နေသောရွာကြီးတစ်ရွာသို့ ရောက်ရှိသွားတော့သည်။



♣ ♣ ♣

မုယုံကျင်းသည် ဆန့်ကျင်ဘက်ပြောင်းလဲခြင်း သဘောတရားများကို ရက်ပိုင်းအတွင်း ကြိမ်ဖန်များစွာ လက်တွေ့ကြုံလိုက်ရခြင်း ဖြစ်သည်။

ယွဲ့ဖိန်းပြောသည့် ရွှင်ပျော်ပျော်စားသောက်ဆိုင်မှာ ရွာလယ်လမ်းလေးခွဆုံ အလွန်စည်ကားသိုက်မြိုက်သောနေရာ၌ တည်ရှိလေသည်။

ဤဒေသရှိ အခြားကျေးရွာများမှာ ရွာသိမ်ရွာပျက်များကဲ့သို့ပျက်စီးနေသော်လည်း ယခုရောက်နေသော ကျေးရွာကြီးမှာ စည်ကားသိုက်မြိုက်သည့်အပြင် လူအများလည်း ပျော်ပျော်ရွှင်ရွှင်ရှိနေကြသည်မှာ ထူးခြားမှုတစ်ခုရှိရပေမည်။

အချိန်တန်လျှင် အလိုလိုသိလာရလိမ့်မည်ဟု မုယုံကျင်း ယူဆထားလိုက်လေတော့သည်။

"ဟေး"

ယွဲ့ဖိန်းက မြင်းကိုငေါက်ကာ အလွန်စည်ကားသော ထိပ်တန်းစားသောက်ဆိုင်ကြီးရှေ့၌ ရပ်တန့်လိုက်သည်။

ရွှင်ပျော်ပျော်စားသောက်ဆိုင် ဖြစ်လေသည်။

ရွှင်ပျော်ပျော်စားသောက်ဆိုင်သည် မြို့ကြီးပြကြီးများ၌သာတွေ့ရနိုင်သော ထိပ်တန်းစားသောက်ဆိုင်ကြီးများကဲ့သို့ အ

ဆောင်ဆောင်အခန်းခန်း ရှိလေသည်။

ဝင်ထွက်သွားလာနေသူများဖြင့် စည်စည်ကားကားရှိနေ၏။

ယွဲ့ဖိန်းနှင့်မုယုံကျင်းတို့ မြင်းလှည်းပေါ်မှ ဆင်းလိုက်ကြသည်။

ယွဲ့ဖိန်းက...

"သည်ဆိုင်ဆိုယင်ကော ဘယ်လိုလဲ"

မုယုံကျင်း ပြုံးလိုက်သည်။

"ဆိုင်ကိုတွေ့လိုက်တာနဲ့ ဗိုက်တောင်ဆာလာပြီကွ"

ဆိုင်ထဲမှ မွှေးကြိုင်သောအနံ့အသက်များနှင့် တေးသံသာများ ကြားနေရလေသည်။

ဆိုင်လုလင်များက မုယုံကျင်းတို့အား ကြိုဆိုလာလေ၏။

"ကြွပါခင်ဗျာ...ကြွပါ"

"ကျွန်တော်တို့ဆိုင်ဟာ အစ်ကိုလေးတို့ရဲ့ လိုအင်ဆန္ဒဟူသမျှကိုဖြည့်ဆည်းပေးဖို့ အသင့်ရှိပါတယ်ခင်ဗျာ"

ယွဲ့ဖိန်းနှင့်မုယုံကျင်းတို့ အချင်းချင်းကြည့်ကာ ပြုံးလိုက်ကြလေသည်။

ဆိုင်ထဲ လှမ်းဝင်လိုက်ကြသည်။

စားသောက်ခန်းမအတွင်းရှိ ပြတင်းပေါက်နှင့်ကပ်လျက်ရှိသောစားပွဲတစ်လုံး၌ နေရာယူကာ ယွဲ့ဖိန်းကပင် ထိပ်တန်းအရက်နှင့် ဟင်းလျာအမျိုးမျိုးမှာကြားလိုက်၏။

ယွဲ့ဖိန်း မှာကြားသောဟင်းလျာနှင့် အရက်တို့ကြောင့် မုယုံကျင်းအံ့သြသွားရလေသည်။



ယွဲ့ဖိန်း ပြုံးလိုက်သည်။

"သည်နေရာမှာ သည်လိုအရက်နဲ့ဟင်းလျာမျိုးတွေ ရနိုင်တာကိုမင်းအံ့သြနေတာလားကွ"

မုယုံကျင်း ပခုံးတွန့်လိုက်သည်။

"ခုချိန်မှာတော့ ဘာမှအံ့သြစရာမရှိတော့ပါဘူးလေ"

ဆိုင်လုလင်များသည် မှာကြားထားသော အရက်နှင့်ဟင်းလျာများ ယူလာပေးကြလေသည်။

ယွဲ့ဖိန်းက...

"ကဲ ပြောစရာရှိတာ နောက်မှပြော၊ စားစရာရှိတာ အယင်စားကြရအောင်"

"ကောင်းသားပဲ"

မုယုံကျင်း သဘောတူလိုက်သည်။

ထို့နောက် နှစ်ယောက်သား အားရပါးရ စားသောက်လိုက်ကြလေသည်။

ဆိုင်ထဲသို့ လူဝင်လူထွက်များသော်လည်း စားသောက်ခန်းမထဲ၌မူ စားသောက်သူအနည်းငယ်မျှသာရှိလေသည်။

ဝင်လာကြသူများသည် စားသောက်ခန်းမနှင့်ကပ်လျက်အခြားအဆောင်များသို့ ဝင်ရောက်သွားသည်ကများ၏။

ထိုအဆောင်များမှ တေးသံသာများနှင့် အခြားဆူဆူညံညံငြင်းခုန်သံများ ထွက်ပေါ်နေသည်ကို ကြားနေရလေသည်။

မုယုံကျင်းက စားသောက်ပြီးသွားမှ ယွဲ့ဖိန်းကို ကျေးဇူးတင်စကားပြောလိုက်လေသည်။

"ငါ့ကို ခုလိုကျွေးမွေးပြုစုတဲ့အတွက် မင်းကိုကျေးဇူးတင်ပါတယ်ကွာ"

ယွဲ့ဖိန်း ရယ်မောလိုက်လေသည်။

"မလိုပါဘူးကွာ၊ ငါတို့နှစ်ယောက်ကြားမှာ ကျေးဇူးတင်စကားပြောစရာမလိုပါဘူး၊ မင်းက သည်ဆိုင်ကို စိတ်ဝင်စားနေတယ် မဟုတ်လား"

မုယုံကျင်း ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာ မှန်ပါတယ်၊ သည်နယ်မှာ ပျက်စီးမှုတွေနေရာတကာ တွေ့ရပေမယ့် သည်နေရာမှာတော့.."

ယွဲ့ဖိန်းက...

"သည်ဆိုင်ဟာ အမှောင်ရာဇာဂူကျူးရိနဲ့ ပတ်သက်နေတယ်လို့ သတင်းတွေထွက်နေတယ်ကွ"

"ဟင်"

မုယုံကျင်း အံ့သြသွားလေသည်။

ယွဲ့ဖိန်းက...

"သည်ဆိုင်ကို ဂူကျူးရိက ငွေထုတ်ပေးပြီး နောက်ကွယ်က ကျောထောက်နောက်ခံပြုထားတာ၊ ဆိုင်ရှင်က ဟန်ပြသက်သက်ပဲ လောင်းကစား၊ အပျော်အပါး ဘာမဆိုအကုန်ရတယ်"

"ဒုစရိုက်မှုမျိုးစုံ ရနိုင်တဲ့နေရာပေါ့"

"ဟုတ်တယ်"

"ဒါဖြင့် သည်ရွာကြီးစည်ကားနေတာ ဂူကျူးရိနဲ့မကင်းဘူး ဆိုပါတော့"



"သူက သည်ရွာမှာနေတယ်လို့ ပြောကြတာပဲ"

မုယုံကျင်း၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

အန္တရာယ်အလွန်များသော နေရာတစ်ခုသို့ရောက်ရှိလာခြင်းကြောင့် သတိထားမှဖြစ်မည်ဟု ဆင်ခြင်မိလိုက်လေသည်။

ယွဲ့ဖိန်းက...

"ဒါပေမယ့် ဂူကျူးရိက လျှို့ဝှက်တယ်ကွ၊ သည်နယ်မှာ သူ့နာမည်ကို မကြားဖူးတဲ့လူမရှိဘူး၊ ဒါပေမယ့် သူဘယ်မှာရှိတယ်ဆိုတာမသိကြဘူး၊ တွေ့ဖူး မြင်ဖူးတဲ့လူလည်း အင်မတန်ရှားတယ်"

မုယုံကျင်းက...

"ဒုစရိုက်ရာဇာကြီးတစ်ယောက်ဆိုတော့ ဘယ်လာလူမြင်ခံဝံ့မလဲ၊ မင်းကော သူ့ကိုတွေ့ဖူးသလား"

ယွဲ့ဖိန်း ခေါင်းခါယမ်းလိုက်လေသည်။

"ငါလည်း မတွေ့ဖူးသေးဘူး"

ဂူကျူးရိအကြောင်းကို ဆက်၍ပြောပြလေသည်။

"ဂူကျူးရိ ဘယ်ကဘယ်လိုပေါ်လာတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ သူဟာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်သလို တပည့်တပန်းလည်း ပေါများတယ်၊ သည်နယ်ထဲ စီးပွားရေးလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ထားလိုက်တယ်၊ သူ့ကိုအာခံတဲ့လူဆိုယင် ရက်ရက်စက်စက် သတ်ပစ်တယ်၊ သူဌေးသူကြွယ်တွေ စီးပွားရေးလုပ်ငန်းရှင်တွေဆီက ဆက်ကြေးကောက်ရုံတင်မကဘူး၊ လယ်သမား၊ ယာသမား၊ လက်လုပ်လက်စားတွေဆီကပါ ဆက်ကြေးကောက်တယ်၊ မပေးယင် ပစ္စည်းတွေသိမ်းတယ်၊ လယ်တွေ အိမ်

တွေဖျက်ဆီးပစ်တယ်၊ လူသတ်တယ်"

"မကောင်းတာ အကုန်လုပ်တာပေါ့"

"ဟုတ်တယ်"

"သူ့ကြောင့် တစ်နယ်လုံးဒုက္ခရောက်နေမှတော့ သူ့ကိုဆုံးမလိုက်မှ အေးချမ်းသာယာသွားမှာပေါ့"

"ဒါအမှန်ပဲ၊ အဖြူရောင်သိုင်းသမားဖြစ်ချင်ယင် သိုင်းလောကမှာထင်ရှားကျော်ကြားချင်တယ်ဆိုယင် သူ့ကိုဦးဆုံး ဆုံးမပြီးနာမည်ယူရမှာပဲ"

မုယုံကျင်း သက်ပြင်းချလိုက်သည်။

"ငါက နာမည်လိုချင်တာမဟုတ်ပါဘူး၊ ကိုယ်တတ်ထားတဲ့သိုင်းပညာနဲ့ အများအကျိုး သည်ပိုးဆောင်ရွက်ချင်တာပါ၊ ပြိုင်ဘက်ကင်းသိုင်းသမားဘွဲ့ထူးကို တပ်မက်နေတာမျိုးလည်း မဟုတ်ပါဘူးကွာ"

ယွဲ့ဖိန်းက...

"ငါသိပါတယ်ကွာ၊ ငါက သဘောပြောတာပါ၊ ဘာပဲဖြစ်ဖြစ် ဂူကျူးရိကို မဆုံးမဘဲနေလို့တော့မဖြစ်ဘူးကွ"

မုယုံကျင်းက မေးလိုက်သည်။

"သူက မင်းကိုဒုက္ခပေးဖူးလို့လား"

ယွဲ့ဖိန်း ခေါင်းခါယမ်းလိုက်သည်။

"ငါ့ကို ဒုက္ခမပေးဖူးပါဘူး၊ ဒါပေမယ့် သည်နယ်မှာ ခြေကုပ်ယူပြီး သိုင်းလောကကို ဒုက္ခပေးလိမ့်မယ်"

မုယုံကျင်းက...



"သိုင်းလောကသားတွေက သူ့ကိုဆုံးမလိုက်ကြမှာပေါ့"

ယွဲ့ဖိန်း သက်ပြင်းချလိုက်သည်။

"သူ့ကို မင်းနဲ့ငါဆုံးမဖို့တာဝန်ရှိနေပြီကွ"

"ဘာကြောင့်လဲ"

"ဓားကျိုးကြောင့်ပေါ့"

"ဟင်"

မုယုံကျင်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

ယွဲ့ဖိန်းအား မျက်လုံးပြူး၍ကြည့်လိုက်သည်။

"ဓားကျိုး ဟုတ်လား"

"အေး..ဂူကျူးရိက ဓားကျိုးကိုရယူဖို့ကြိုးစားနေတယ်လို့ငါသတင်းကြားခဲ့ရတယ်"

မုယုံကျင်း မကျေမနပ် ဖြစ်သွားလေသည်။

ယွဲ့ဖိန်းက...

"ဓားကျိုးကို ရယူသင့်တယ်လို့ ဆရာရသေ့က ငါတို့ကိုပြောခဲ့တာပဲမဟုတ်လား"

မုယုံကျင်းလည်း ဓားကျိုးအား စိတ်ဝင်စားနေပါသည်။

သိုင်းလောက၌ ကျင်လည်ကျက်စားမည်ဆိုလျှင်သိုင်းပညာထူးချွန်ရုံတစ်ခုတည်း မပြီးဘဲ လက်နက်ကောင်းတစ်ခုရှိရန် လိုအပ်သည်ဟုဆိုခဲ့သည်။

အခွင့်သင့်လျှင် ဓားကျိုးကိုရယူရန်လည်း မှာကြားခဲ့ပေသည်။

ဓားကျိုး...။

ဓားကျိုးသည် အလွန်ထူးဆန်းသော ဓားတစ်ချောင်းဖြစ်သည်။

နာမည်နှင့်လိုက်အောင် ထက်ပိုင်းကျိုးနေသော ဓားတစ်ချောင်းလည်းဖြစ်လေသည်။

ယွဲ့ဖိန်းက…

“ငါတို့ဟာ ဆရာရသေ့ရဲ့မျက်နှာကြောင့် ဓားကျိုးကိုရဖို့ သူများထက်ပိုပြီး အခွင့်သာနေတာပဲ မဟုတ်လားကွ၊ မင်းဘယ်လို သဘောရသလဲ”

ဟုမေးလာလေသည်။

မုယုံကျင်းက…

“ဓားကျိုးကိုရယင် ပြည့်စုံသွားမှာဖြစ်ပေမယ့် ဆရာရသေ့ရဲ့အရှိန်အဝါကို အသုံးပြုပြီးရယူဖို့ ငါမလိုလားပါဘူးကွာ၊ ရာဇဝင်ရှိတဲ့ ဓားတစ်လက်ဆိုတာ ပိုင်ရှင်ကိုယ်တိုင်ကလည်း တန်ဖိုးထားမှပဲ မဟုတ်လားကွာ”

ယွဲ့ဖိန်း လက်ခံလေသည်။

“မင်းပြော မှန်ပါတယ်၊ ဒါပေမယ့် ငါတို့ကမယူဘဲ နေလို့ ဝူကျူးရိကယူသွားမယ်ဆိုယင်ကော ဝူကျူးရိက ရတဲ့နည်းနဲ့ယူမှာ သူ့ကိုဓားပိုင်ရှင် တားဖို့ခက်လိမ့်မယ်၊ သူ့လက်ထဲကို ဓားကျိုးရောက်သွားမယ်ဆိုယင်တော့ သိုင်းလောက ဒုက္ခရောက်မှာ သေချာတယ်”

မုယုံကျင်းအား စိုက်ကြည့်ပြီး စကားဆက်လိုက်လေသည်။

“ငါက သိုင်းပညာမှာ တစ်ဆရာတည်းအတူသင်ခဲ့တာ



တောင် လုံ့လစိုက်ထုတ်ပြီး လေ့ကျင့်မှုပိုင်းမှာ အားနည်းတော့ မင်းကိုမယှဉ်နိုင်ဘူး၊ ငါ့ရဲ့အခြေအနေနဲ့ပြိုင်ဘက်ကင်းသိုင်းသမား ဆိုတဲ့ ဘွဲ့ထူးကို မျှော်မှန်းလို့မဖြစ်ဘူးဆိုတာလည်း ငါသိတယ်”

မုယုံကျင်းက…

“မင်းရဲ့သဘောထားကို ငါသိနေပြီပဲကွ”

“အေး…ခုလိုထပ်တလဲလဲ ပြောနေရတာက ဓားကျိုးနဲ့ပတ်သက်ပြီး ငါလိုချင်လို့မဟုတ်ဘဲ မင်းရသွားစေချင်လို့ပြောနေတယ် ဆိုတာ မင်းနားလည် သဘောပေါက်စေချင်လို့ပဲကွ”

“ကြော်”

မုယုံကျင်း၏ရင်ထဲ ထူးခြားသော ခံစားချက်များဖြစ်ပေါ်လာလေသည်။

ယွဲ့ဖိန်းသည် သူနှင့်ပတ်သက်၍ အရာရာကိုအလျှော့ပေးခဲ့ပြီဖြစ်သည်။

ပြိုင်ဘက်ကင်း သိုင်းသမားဘွဲ့ထူးကိုလည်းကောင်း၊ ဓားကျိုးကိုလည်းကောင်း လုံးဝမမျှော်မှန်းတော့ပါ။

ယွဲ့ဖိန်း ဤသို့ပြောင်းလဲသွားရသည်မှာ ပညာသင်ဘက် သွေးသောက်ညီအစ်ကိုဆိုသော အသိစိတ်ဝင်ရောက်လာခြင်းကြောင့် ဖြစ်ရမည်ဟု နားလည်လိုက်လေတော့သည်။

ယွဲ့ဖိန်းက…

“ဆရာရသေ့ကလည်း မှာကြားခဲ့တယ်၊ မင်းကလည်းဖြစ်နိုင်ချေရှိတော့ မင်းဆက်ပြီး ကြိုးစားသွားစေချင်တယ်၊ မင်းကို ငါပိုင်းဝန်းကူညီပြီး မင်းအပေါ်အထင်မှားမိခဲ့တဲ့ အပြစ်ကိုပေးဆပ်သွား

ချင်တယ်၊ မုယုံကျင်း မင်းလက်ခံမယ် မဟုတ်လား”

မုယုံကျင်း သက်ပြင်းချလိုက်သည်။

ယွဲ့ဖိန်း အားတက်သရော ပြောနေသလောက် သူကဓားကျိုးကိုလည်းကောင်း၊ ပြိုင်ဘက်ကင်းသိုင်းသမားဘွဲ့ထူးကိုလည်းကောင်း လိုချင်မက်မောနေသူမဟုတ်ပါ။

သို့သော် ဝူကျူးရိကဲ့သို့ အမှောင်ရာဇာကြီးတစ်ယောက်၏လက်ထဲသို့ ဓားကျိုးရောက်မသွားရလေအောင် တားဆီးရမည်ဖြစ်သလို အများအကျိုးဆောင်ရွက်ရန် သိုင်းလောက၌ ကျင်လည်ကျက်စားလိုစိတ်ရှိနေသည်။

ထို့ကြောင့် ယွဲ့ဖိန်း၏စကားကို လက်ခံလိုက်ရလေတော့သည်။

“ကောင်းပြီလေ၊ ဝူကျူးရိရဲ့လက်ထဲ ဓားကျိုးပါမသွားရလေအောင် တားဆီးကြတာပေါ့”

ယွဲ့ဖိန်း ကျေနပ်သွား၏။

“မုယုံကျင်း..သူ့လက်ထဲပါမသွားဖို့ကြိုးစားတာထက် မင်းကိုယ်တိုင်ရယူဖို့ ကောင်းတယ်ကွ၊ ဒါမှ ဆရာရသေ့စကားကို နာခံပြီးသားဖြစ်မှာ”

“အေးပါကွာ ငါကြိုးစားသွားပါ့မယ်”

မုယုံကျင်း လက်ခံလိုက်၏။

ပညာသင်ဘက် ညီအစ်ကိုနှစ်ယောက် ပြန်လည်တွေ့ဆုံမိကာပြေလည်သွားကြသကဲ့သို့ သိုင်းလောက တာဝန်ဆက်လက်ထမ်းဆောင်ကြတော့မည်ဖြစ်လေသည်။



စားသောက်၍လည်း ပြီးစီးသွားကြပြီဖြစ်၍ ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေပေးချေလိုက်လေသည်။

သို့သော်...

“အစ်ကိုလေးတို့အတွက် ကျသင့်ငွေကို ပေးချေပြီးပါပြီခင်ဗျာ”

ဟုဆိုင်လုလင်က ပြောလာခြင်းကြောင့် မုယုံကျင်းနှင့်ယွဲ့ဖိန်းတို့အံ့သြသွားကြလေသည်။

မုယုံကျင်းက...

“ညီလေး..မင်းဟာက ဟုတ်မှဟုတ်ရဲ့လား၊ ငါတို့တစ်ပြားတစ်ချပ်မှမပေးရသေးဘူးကွ၊ မင်းလူမှားနေပြီထင်တယ်”

ဆိုင်လုလင်က...

“အစ်ကိုလေးတို့နှစ်ယောက်အတွက် ပေးပြီးပါပြီခင်ဗျာ”

“မင်း သေချာတယ်နော်”

“ဟုတ်ကဲ့ သေချာပါတယ်”

“ဒါဖြင့် ဘယ်သူက ကြားဝင်ရှင်းပေးသွားတာလဲ ပြောစမ်းပါဦး”

ယွဲ့ဖိန်းက ဆိုင်လုလင်အား မေးမြန်းနေသည်။

မုယုံကျင်းလည်း စိတ်ဝင်စားနေ၏။

သူတို့က ဝူကျူးရိအား စိတ်ဝင်စားနေကြသကဲ့သို့ သူတို့အားစိတ်ဝင်စားနေသူတစ်ယောက် ရှိနေပြီမဟုတ်ပါလား။

မည်သူဖြစ်ပါသနည်း။

ထူးခြားသော လျှို့ဝှက်ဆန်းပြားမှုများ စတင်လာပြီဖြစ်

လေသည်။

ဆိုင်လုလင်က....

"အစ်မလေး 'မိန်စင်းယိ' ပါခင်ဗျာ"

ကြားဝင်ငွေစိုက်ရှင်းပေးသွားသူ၏အမည်ကို ပြောပြလေသည်။

ထိုလူကား မိန်းကလေးတစ်ယောက် ဖြစ်နေပါသည်။

"လက်စသတ်တော့ သူကိုး"

ယွဲ့ဖိန်း လွှတ်ခနဲ ရေရွတ်လိုက်သည်။

မုယုံကျင်း မျက်မှောင်ကုပ်သွား၏။

"မင်းက သူတို့ကိုသိလို့လား"

ယွဲ့ဖိန်း ရယ်မောလိုက်လေသည်။

"သူ့ကိုမသိတဲ့လူ ဘယ်နှစ်ယောက်ရှိမလဲ၊ လူတိုင်းသိတယ်ကွ၊ သူဟာ ဂူကျုံးရိုထက်တောင် နာမည်ကြီးသေးတယ်"

မုယုံကျင်း ကြောင်အမ်းအမ်း ဖြစ်သွားကော့သည်။

ယွဲ့ဖိန်းက ဆိုင်လုလင်ဘက်သို့ လှည့်လိုက်သည်။

"မိန်စင်းယိက ငွေရှင်းပေးသွားတယ်ဆိုတာ သေချာတယ်နော်"

"ဟုတ်ကဲ့"

"ကောင်းပြီ..သူဘာကြောင့် မဆီမဆိုင်ငွေရှင်းနေတာလဲ၊ ဘာသဘောလဲ ပြောစမ်းပါဦး"

"အစ်မလေးမိန်စင်းယိက အကြောင်းစုံသိချင်ယင် သူ့ဆီကို လာခဲ့ဖို့ မှာထားပါတယ်ခင်ဗျာ"



"သည်လိုကိုး"

ယွဲ့ဖိန်းက တေးသံသာများ ထွက်ပေါ်နေသော ခန်းမဆောင်ကြီးဘက်သို့ လှည့်ကြည့်လိုက်လေသည်။

ထိုခန်းမဆောင်ကြီးထဲ၌ မိန်းမချော မိန်းမလှလေးများက တေးသံသာများဖြင့် ဖျော်ဖြေနေကြလေသည်။

ထိုမိန်းကလေးများကား ကြေးစားပျော်တော်ဆက်မယ်ကလေးများဖြစ်ကြလေသည်။

ယွဲ့ဖိန်းက ပျော်တော်ဆက်မယ်ကလေးများ ရှိနေသော ခန်းမဆောင်ကြီးဘက်သို့ ကြည့်လိုက်ခြင်းကြောင့် မုယုံကျင်း အံ့သြသွား၏။

မိန်စင်းယိမှာ ကြေးစားပျော်တော်ဆက်မယ်လေး တစ်ယောက် ဖြစ်နေသည်လော။

ယွဲ့ဖိန်းက ဆိုင်လုလင်ကို ကြည့်လိုက်ပြန်သည်။

"မိန်စင်းယိက.."

"အစ်မလေးမိန်စင်းယိ ခန်းမဆောင်ထဲမှာ မရှိပါဘူးခင်ဗျာ"

"သူက.."

"အစ်မလေး အိမ်ပြန်သွားပါပြီ"

"ကောင်းပြီ"

ယွဲ့ဖိန်းတို့ ထိုင်ရာမှထကာ မုယုံကျင်းအား ပြောလိုက်၏။

"တို့လိုက်သွားကြတာပေါ့"

မုယုံကျင်းက မေးလိုက်သည်။

"သူ့အိမ်ကို မင်းသိ.."

မုယုံကျင်း၏စကား မဆုံးမီယွဲဖိန်းခေါင်းညိတ်ပြလိုက်သဖြင့် ဆက်မမေးဖြစ်တော့ချေ။

နှစ်ယောက်သား မိန်စင်းယိအကြောင်း ပြောပြခဲ့သည့် ဆိုင်လုလင်အားကျေးဇူးတင်စကားပြောပြီး ဆိုင်ထဲမှထွက်လာခဲ့ကြလေတော့သည်။

♣ ♣ ♣

## ညှော်ကြို

ယွဲ့ဖိန်းနှင့်မုယုံကျင်းတို့ စားသောက်ဆိုင်အပြင်ဘက်သို့ ရောက်ရှိလာခဲ့ကြပြီ ဖြစ်လေသည်။

ယွဲ့ဖိန်းက... .

"ရွာအရှေ့ပိုင်းကို သွားကြမယ်"

ဟုပြောပြီး လှမ်းသွားရာ မုယုံကျင်းလည်း လိုက်သွားရလေသည်။

နှစ်ယောက်သား ပခုံးချင်းယှဉ်ကာ လျှောက်သွားယင်းယွဲ့ဖိန်းက ပြောလေသည်။

"မိန်စင်းယိဟာ နတ်မိမယ်လေးတစ်ယောက်လို ချောမော

လှပတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ကြေးစားပျော်တော် ဆက်မယ်လေး တစ်ယောက်ဖြစ်ပေမယ့် စာပေပညာ သိုင်းပညာအဆင့်မြင့်တယ်၊ သဘောမနောကောင်းတယ်၊ ဂူကျူးရိတောင် သူ့ဆီကိုလာရတယ်လို့ ငါသိထားတယ်ကွ"

မုယုံကျင်းက...

"အမှောင်ရာဇာကြီးတစ်ယောက်ကိုတောင် ဆွဲဆောင်နိုင်တယ်ဆိုတော့ အာဂမိန်းကလေးတစ်ယောက်ပဲ၊ ဒါထက် ဂူကျူးရိက ထိပ်သီးတစ်ယောက် မဟုတ်လား၊ သူလိုချင်ယင် ဘာမဆိုရနိုင်တာပဲမဟုတ်လား၊ မိန်စင်းယိကိုလိုချင်ယင် သူ့ဆီခေါ်လိုက်လို့မဖြစ်ဘူးလား၊ ဘာကြောင့် သူကသွားရတာလဲ၊ သူ့အကြောင်းကို သိသွားမှာမစိုးရိမ်ဘူးလား"

ယွဲ့ဖိန်း ပခုံးတွန့်လိုက်လေသည်။

"ဒါတွေ သိချင်ယင် မိန်စင်းယိနဲ့တွေ့မှမေးတာ ပိုကောင်းမယ်၊ ငါ့ထက်စာယင် သူကပိုပြီး ပြည့်ပြည့်စုံစုံဖြေနိုင်တာပေါ့ကွာ"

မုယုံကျင်း ရယ်မောလိုက်လေသည်။

နှစ်ယောက်သား ရှေ့ဆက်လျှောက်သွားယင်း လမ်းကြားလေးတစ်ခုအတွင်းသို့ ရောက်ရှိလာကြလေသည်။

လမ်းကြားကလေး၏ ဝဲယာတစ်ဘက်တစ်ချက်၌ ခြံဝင်းကျယ်ကြီးများရှိနေပြီး အိမ်များမှာလည်း တစ်အိမ်နှင့်တစ်အိမ် အလှမ်းကွာဝေးလျှက် တိတ်တိတ်ဆိတ်ဆိတ် ရှိနေသည်ကိုတွေ့ရလေသည်။

"မိန်စင်းယိက သည်လမ်းကြားထဲမှာ နေတာလား"



ဟုမေးလိုက်သည်။

ယွဲ့ဖိန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်...လမ်းအဆုံးက ခြံဝင်းထဲမှာနေတာ၊ သူ့ခြံက ဆက်သွားယင် မြို့ပြင်ကိုရောက်သွားဖို့ပဲရှိတော့တယ်"

"နေပါဦး..သူဟာ နာမည်ကျော်တစ်ယောက် မဟုတ်လား ဘာကြောင့် သည်လိုနေရာမျိုးမှာ လာနေရတာလဲ"

"နားအေးပါးအေး နေချင်လို့ဖြစ်မှာပေါ့ကွာ"

မုယုံကျင်း ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

လမ်းကြားလေးအဆုံး၌ ပန်းပေါင်းစုံဝေဝေဆာဆာဖူးပွင့်နေသော ခြံဝင်းကြီးတစ်ခုရှိနေသည်ကို တွေ့ရလေသည်။

မိန်စင်းယိ၏ခြံဝင်းပင် ဖြစ်ရမည်ဟု မုယုံကျင်း အကဲခတ်မိလေသည်။

ထိုစဉ် လမ်းဘေးသစ်ပင်ကြီးတစ်ပင်အောက်၌ အဘွားအိုတစ်ယောက်နှင့် ကောင်လေးနှစ်ယောက် ရှိနေကြသည်ကိုတွေ့လိုက်ရလေသည်။

မုယုံကျင်းက တစ်ချက်လှမ်းကြည့်မိသည်။

အရပ်တကာလှည့်ကာ တောင်းရမ်းစားသောက်ကြသူများ ဖြစ်ပုံရလေသည်။

ယခုလည်း အဘွားအိုက ကောင်လေးနှစ်ယောက်အား ပေါက်စီတစ်လုံး ထုတ်ပေးနေ၏။

"သူဌေးကြီးတွေဖြစ်ပြီး ပေးကမ်းစွန့်ကြဲဖို့ နှမြောတွန့်တိုနေလိုက်ကြတာ လူသုံးယောက်ကို ပေါက်စီတစ်လုံးပဲပေးတယ်"

မကျေမနပ် ပြောဆိုနေသံကို မုယုံကျင်းတို့ အတိုင်းသား ကြားနေရလေသည်။

ရှေ့ဆက်လှမ်းသွားကြယင်း အဘွားအိုတို့အနီးသို့ ရောက်မှန်းမသိရောက်ရှိလာကြလေသည်။

အဘွားအိုက..

"ကဲ ငါမစားတော့ဘူး၊ နင်တို့ပဲစားကြပေတော့"

ပေါက်စီကို ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ပေးလိုက်လေသည်။

ကောင်လေးနှစ်ယောက်မှာ အဘွားအိုအား သနားရကောင်းမှန်းမသိကြချေ။

ပေါက်စီကို လုယူလိုက်ကြသည်။

ကောင်လေးနှစ်ယောက်ရှိပြီး ပေါက်စီကတစ်လုံးထဲ ဖြစ်နေခြင်းကြောင့် အဝေမတည့်ကြတော့ချေ။

"ငါစားလိုက်မယ်"

"ဟင့်အင်း..မင်းမစားနဲ့ ငါစားမယ်"

ပေါက်စီကို သူစားမယ် ငါစားမယ် ငြင်းခုန်နေကြလေတော့သည်။

အဘွားအိုက...

"ဟဲ့ကောင်တွေ ဘာကြောင့်လုနေကြတာလဲ၊ တစ်ယောက်တစ်ဝက်စားလိုက်ကြယင် ပြီးတာပဲမဟုတ်လား"

ဟုငေါက်လိုက်သည်။

ပေါက်စီရထားသော ကောင်လေးကား လူကြီးမိဘစကား



နားမထောင်သည့် ကောင်ဆိုးလေးဖြစ်ပုံရသည်။

"တစ်ယောက်တစ်ဝက်ဆိုယင် မစားတော့ဘူး"

ပေါက်စီအားလွှင့်ပစ်လိုက်ရာ မုယုံကျင်းရှေ့သို့ ဖုတ်ခနဲကျလာတော့သည်။

မုယုံကျင်း စိတ်မကောင်းဖြစ်သွားလေသည်။

ပေါက်စီကိုကောက်ယူရန် ဟန်ပြင်လိုက်၏။

ယွဲ့ဖိန်းက...

"သတိထား"

အော်ပြောယင်း မုယုံကျင်းအား တွန်းထုတ်လိုက်သကဲ့သို့ မြေပေါ်မှပေါက်စီကိုလည်း ခြေထောက်ဖြင့်ကန်ကျောက်လိုက်လေသည်။

"ဝှီး"

ပေါက်စီမှာ အဘွားအိုနှင့်ကောင်လေး နှစ်ယောက်ရှိရာသို့ ပြန်လည်ပစ်လွင့်သွားကာ...

"ဝုန်း"

ကျယ်လောင်စွာ မြည်ဟီးပေါက်ကွဲသွားလေတော့သည်။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် မုယုံကျင်း ပါးစပ်အဟောင်းသားဖြစ်သွားပါတော့သည်။

"အမယ်လေး"

အဘွားအို၏ အထိတ်တလန့်အော်ဟစ်သံထွက်ပေါ်လာလေသည်။

ပေါက်ကွဲမှုကြောင့် မီးခိုးလုံးများ ထွက်ပေါ်လာ၏။

မုယုံကျင်းနှင့်ယွဲ့ဖိန်းတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

လေဝှေ့ယမ်း တိုက်ခတ်လာသောအခါ မီးခိုးလုံးများလွင့်ပါးပျောက်ကွယ်သွား၏။

ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်းဖြစ်သွား၏။

ထိုအခါ မြေပေါ်လဲကျကာ မလှုပ်မယှက်ဖြစ်နေသောကောင်လေးနှစ်ယောက်ကို တွေ့ရ၏။

ကောင်လေးများ၏ အဝတ်အစားများ စုတ်ပြဲ၍ တစ်ကိုယ်လုံး သွေးအလိမ်းလိမ်းပေကျံကာ သေဆုံးနေကြချေပြီ။

အဘွားအိုမှာ သစ်ပင်နောက်သို့ အချိန်မီခုန်ဝင်ပြီး အကာအကွယ်ပြုလိုက်နိုင်ခြင်းကြောင့် ကံကောင်းသွားပုံရသည်။

ယွဲ့ဖိန်းက....

"ခင်ဗျား ဘာကြောင့် ထွက်မလာသေးတာလဲ"

ဟုငေါက်လိုက်သည်။

အဘွားအိုလည်း သစ်ပင်နောက်ကွယ်မှ ခုန်ထွက်လာလေသည်။

အပြင်ဘက်သို့ရောက်လျှင် လက်နှစ်ဘက်ဝှေ့ယမ်းလိုက်လေသည်။

"ဝှစ်...ဝှစ်...ဝှစ်"

လက်နက်ပုန်းကလေးများ ထွက်ပေါ်လာပြီး ယွဲ့ဖိန်းတို့ထံသို့ ပစ်လွှင့်လာလေတော့သည်။

မုယုံကျင်း ခုံပြင်းသွား၏။



"သည်အချိန်အထိတောင် ဒုက္ခပေးဖို့ကြိုးစားနေတုန်းပါပဲလား"

ယွဲ့ဖိန်းက...

"ကိစ္စမရှိဘူး၊ ကျုပ်တာဝန်ယူလိုက်မယ်"

သူ၏လက်နှစ်ဘက် ဝှေ့ယမ်းလိုက်ရာ လေပွေလှိုင်းများဖြစ်ပေါ်လာပြီး လက်နက်ပုန်းကလေးများအား လာရာလမ်းသို့ပြန်လည်ပစ်လွှင့်သွားစေတော့သည်။

"ဟင်"

အဘွားအို မျက်လုံးပြူးသွားသည်။

ယွဲ့ဖိန်း ယခုကဲ့သို့ တုန့်ပြန်လာလိမ့်မည်ဟု မျှော်လင့်မထားပုံ ရှိလေသည်။

"မင်း"

ယွဲ့ဖိန်းအား အော်ငေါက်ရန် ဟန်ပြင်ပြီးမှ ရှောင်တိမ်းဖို့ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

လက်နက်ပုန်းကလေးများမှာ အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် အဘွားအို၏ခန္ဓာကိုယ်၌ စိုက်ဝင်သွားတော့သည်။

"အမယ်လေး"

အဘွားအို ညည်းတွားယင်း မြေပေါ်လဲကျသွားလေတော့သည်။

♣ ♣ ♣

ကောင်လေးနှစ်ယောက်နှင့် အဘွားအိုမှာ လဲကျကာ မလှုပ်မယှက်ရှိနေကြချေပြီ။ မုယုံကျင်း သက်ပြင်းချလိုက်သည်။

"သူတို့ ဘယ်သူတွေလဲ ဘာကြောင့်လုပ်ကြံချင်ရတာလဲ"

ဟုလည်း ညည်းတွားလိုက်လေသည်။

ယွဲ့ဖိန်း ပြုံးလိုက်သည်။

"ဂူကျူးရိက လူတကာကို ဒုက္ခပေးနေတာ သူ့ကိုဒုက္ခပေးချင်တဲ့လူကို လက်ပိုက်ကြည့်ပေ့ါမလား"

"သူတို့ဟာ ဂူကျူးရိရဲ့လူတွေလို့ မင်းပြောချင်တာလား"

"အေးလေ..ဂူကျူးရိရဲ့လူမဟုတ်ယင် ငါတို့ကိုဒုက္ခပေးစရာအကြောင်းရှိပါ့မလား"

မုယုံကျင်း ငိုင်သွား၏။ ယွဲ့ဖိန်းက...

"သည်ရွာမှာတွေ့ရတဲ့လူ ထက်ဝက်လောက်က အမှောင်လောကနဲ့မကင်းတဲ့လူတွေ၊ ဂူကျူးရိနဲ့ပတ်သက်နေကြသူတွေပဲကွ"

မုယုံကျင်းက...

"ဂူကျူးရိကို မတွေ့ရသေးဘူး၊ နာမည်ကြားရတာနဲ့တောင် ကြောက်စရာကောင်းနေပြီ"

ယွဲ့ဖိန်း ရယ်မောလိုက်သည်။

"မပူပါနဲ့ကွာ၊ သူ့ကိုငါတို့ ဆုံးမနိုင်မှာပါ"

အဘွားအိုအား ညွှန်ပြယင်း ဆက်ပြောလိုက်လေသည်။

"သည်အဘွားကြီးက အင်မတန်ရက်စက်ကြမ်းကြုတ်တာ ကောက်ကျစ်စဉ်းလဲတဲ့ နည်းလမ်းတွေနဲ့ ဒုက္ခပေးလေ့ရှိတာကြောင့် လူတွေက 'ကဝေမကြီး' လို့ခေါ်ကြတယ်၊ ဟိုကောင်လေးနှစ်ယောက်ကိုလည်း သူငယ်နှပ်စားလေးတွေလို့ မထင်နဲ့ ကလေးတွေ မဟုတ်ဘူး"



"သူတို့က..."

"ကလေးလူကြီးဆိုတဲ့ ကြေးစားလူသတ်သမား နှစ်ယောက်ပေါ့၊ သူတို့ကြောင့် သေဆုံးသွားရသူတွေလည်း မနည်းဘူးလေ"

ရက်စက်ကြမ်းကြုတ်ပြီး အကြင်နာတရားကင်းမဲ့လှသော ကြေးစားလူသတ်သမားများ ဖြစ်နေကြောင်းသိရမှ မုယုံကျင်း စိတ်သက်သာရာရသွားလေသည်။

ယွဲ့ဖိန်းက မုယုံကျင်း၏ အကြောင်းကိုသိထားရကား...

ပခုံးပုတ်၍ အားပေးနှစ်သိမ့်လိုက်လေသည်။

"သူငယ်ချင်း ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ သူတို့ကို မဆုံးမယင် သူတို့က ဒုက္ခပေးကြမှာပဲ၊ လူဆိုးလူမိုက်တွေ လျော့ပါးသွားတာ လူကောင်းတွေအတွက် သက်သာရာရတာပေ့ါ မဟုတ်ဘူးလား"

မုယုံကျင်း ခေါင်းညိတ်လိုက်လေသည်။ ယွဲ့ဖိန်းက....

"သူတို့ထက် မိန်စင်းယိက ပိုပြီးအရေးကြီးတယ်"

"ဒါ အမှန်ပဲ"

"ကဲ သွားရအောင်"

"ကောင်းပြီလေ"

ထို့နောက် နှစ်ယောက်သား မိန်စင်းယိ၏ခြံဝင်းဆီသို့ ဦးတည်လှမ်းသွားလိုက်ကြလေတော့သည်။

♣ ♣ ♣

## လမ်းပြ

ခြံဝင်းအတွင်း၌ ပန်းပေါင်းစုံ ဝေဝေဆာဆာဖူးပွင့်ကာ သာယာလှပနေ၏။

သစ်ကြီးဝါးကြီးများလည်း ရှိနေသဖြင့် အေးချမ်းနေသည်။

မုယုံကျင်းနှင့် ယွဲ့ဖိန်းတို့သည် ခြံဝင်းကြီးရှေ့သို့ရောက်ရှိလာကြပြီ ဖြစ်လေသည်။

ခြံဝင်းတံခါး ဟာလာဟင်းလင်းဖွင့်ထား၏။

ကျောက်ပြားခင်းထားသော လမ်းကလေးအဆုံး၌ ရှေးပုံစံအဆောက်အဦးကြီး တစ်လုံးရှိနေသည်ကို မြင်တွေ့ရလေသည်။

ယွဲ့ဖိန်းက...



"မိန်စင်းယိက ရွှင်ပျော်ပျော်စားသောက်ဆိုင်မှာတော့ ကြေးစား ပျော်တော်ဆက်မယ်လေး တစ်ယောက်ပါပဲ၊ ဒါပေမယ့် သည်ခြံဝင်းမှာဆိုယင် သခင်မလေးတစ်ယောက်လိုနေတာကွ"

မုယုံကျင်း ပြုံးလိုက်သည်။

ယွဲ့ဖိန်းက....

"မိန်စင်းယိက တကယ်ကိုလည်း သခင်မလေးတစ်ယောက် ဖြစ်ထိုက်တဲ့ မိန်းကလေးပါကွာ"

မုယုံကျင်း မေးလိုက်သည်။

"မင်း သည်လောက်တောင် ချီးကျူးပြောဆိုနေပုံထောက်ယင် မိန်စင်းယိဆီကို မကြာခဏရောက်ဖူးပြီး ရင်းနှီးနေလို့ပဲဖြစ်ရမယ်ထင်တာပဲ၊ ဟုတ်ရဲ့လားကွ"

"ဟား...ဟား...ဟား"

ယွဲ့ဖိန်းအရှက်ပြေ ရယ်မောလိုက်လေသည်။

မုယုံကျင်းက...

"ယွဲ့ဖိန်း ငါကသူဌေးမြေး သူဌေးသားတစ်ယောက်ဆိုတော့ သည်လိုပေါ့ကွာ"

နှစ်ယောက်သား စကားတပြောပြောဖြင့် ခြံဝင်းထဲဝင်ရောက်သွားကြလေသည်။

ခြံဝင်းထဲ၌ တိတ်ဆိတ်ငြိမ်သက်နေသကဲ့သို့ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။

သို့သော် အဆောက်အဦးကြီးရှေ့သို့ ရောက်ရှိသွားလျှင် မိန်းကလေးတစ်ယောက် ထွက်လာလေသည်။

မိန်းကလေးက ယွဲ့ဖိန်းနှင့်မုယုံကျင်းတို့အား ဦးညွှတ်ကာ ကြိုဆိုလေသည်။

"ဧည့်သည်တော်ကြီးတွေ ရောက်လာပြီကိုး ကြွပါ..ကြွပါ"

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့ အချင်းချင်းကြည့်ကာ ပြုံးလိုက်ကြသည်။

"ကျုပ်တို့ ကျိန်းသေရောက်လာကြမယ်လို့ တွက်ဆထားတာပဲ"

"ဒါပေါ့"

"မိန်စင်းယွဲ့ဆီက ဂူကျူးရိအကြောင်း သိရနိုင်မယ်ထင်သလား"

"အင်း..သိရဖို့တော့ရှိတယ်၊ သူနဲ့တွေ့မှပဲပြောနိုင်လိမ့်မယ်"

နှစ်ယောက်သား အိမ်ဖော်မိန်းကလေးနောက်သို့ လိုက်သွားကြလေသည်။

မိန်းကလေးသည် ခန်းနားကျယ်ဝန်းသော ဧည့်ခန်းမဆောင်ကြီးအတွင်းသို့ ခေါ်ဆောင်သွားပြီး နေရာထိုင်ခင်းပေးကာ ဧည့်ခံလေသည်။

"သခင်မလေးကို ကျွန်မသွားပြီးအကြောင်းကြားလိုက်ပါဦးမယ်"

"ကောင်းပြီ...ကောင်းပြီ"

မုယုံကျင်းတို့ ဧည့်ခန်းမဆောင်ထဲ၌ ထိုင်စောင့်နေလိုက်ကြလေသည်။

စားပွဲပေါ်တွင် အရက်နှင့်စားသောက်ဖွယ်ရာများ အသင့်



ပြင်ထားလေသည်။

အိမ်ဖော်မိန်းကလေး အတွင်းဘက်ဝင်သွားပြီး တော်တော်နှင့်ပြန်ထွက်မလာပါချေ။

မုယုံကျင်းတို့ ပျင်းရိလာကြလေသည်။

"သူက ဘာကြောင့် သည်လောက်တောင်ကြာနေရတာလဲ ခုထိ ထွက်မလာသေးပါလား"

ယွဲ့ဖိန်း ရယ်မောလိုက်သသည်။

မုယုံကျင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"မင်း ဘာရယ်တာလဲ"

"သဘောကျလို့ပေါ့ကွာ"

"ဘာကို သဘောကျတာလဲ ပြောစမ်းပါဦး"

"ဧည့်သည်ရောက်လာမှန်း သိလျက်နဲ့ မိန်စင်းယိက ချက်ချင်းထွက်မတွေ့တာကို မကျေမနပ်ဖြစ်နေတာလား"

မုယုံကျင်း ဘာမှမပြောဘဲ နေလိုက်လေသည်။

ယွဲ့ဖိန်းက...

"မိန်စင်းယိက အတော်ကိုချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ကွ၊ သူက အမြဲလိုလို ကိုယ့်ကိုကိုယ်လှသည်ထက်လှအောင် အလှပြင်နေတတ်တာကွ၊ ဧည့်သည်ရောက်လာတယ်ဆိုယင် အလှပြင်ပြီးသားဖြစ်နေယင်တောင် ထပ်ပြီးအလှပြင်တတ်တဲ့ အကျင့်ရှိတယ်လေ"

မုယုံကျင်းက...

"သူက အလှပြင်နေတာကြောင့် ချက်ချင်းထွက်မတွေ့နိုင်

တာလို့ မင်းဆိုလိုချင်တာပေါ့"

"ဆိုလိုတာ မဟုတ်ဘူး၊ သည်အတိုင်းပဲ"

မုယုံကျင်း သက်ပြင်းချလိုက်လေတော့သည်။

ယွဲ့ဖိန်းက...

"ငါတို့ရောက်နေပြီဆိုတော့ သူအမြန်ဆုံး ထွက်လာမှာသေချာပါတယ်၊ ကဲ သူ့ကိုစောင့်ယင်း အရက်တစ်ခွက်စီသောက်လိုက်ကြတာပေါ့ကွာ"

ပြောပြောဆိုဆို စားပွဲပေါ်ရှိ အရက်အိုးကိုယူကာ အရက်နှစ်ခွက်ငှဲ့လိုက်လေသည်။

မုယုံကျင်း အကဲခတ်နေပြီးမှ...

"အရက်မသောက်ဘဲနေယင် ကောင်းမယ်ကွ"

ဟုပြောလိုက်သည်။

ယွဲ့ဖိန်းက...

"ဘာဖြစ်လို့လဲ"

မုယုံကျင်းက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်။

"ဧည့်ခန်းထဲမှာ တို့နှစ်ယောက်ပဲရှိတယ်၊ စားစရာ သောက်စရာတွေလည်း အဆင်သင့်ချထားတယ်၊ မိန်စင်းယိကလည်း ရုတ်တရက်ထွက်မလာသေးဘူး၊ ကြာတော့ ပျင်းရိလာတယ်၊ အခုဦးဆုံး အရက်တစ်ခွက်လောက်ငှဲ့သောက်ချင်တဲ့ စိတ်ပေါ်လာနိုင်တာပေါ့"

ယွဲ့ဖိန်း မျက်မှောင်ကုပ်သွားလေသည်။

"မိန်စင်းယိက ငါတို့စားသောက်ဖို့ တမင်ပြင်ဆင်ပေးထား



တာမဟုတ်လား၊ သူက စေတနာ..."

"သူက စေတနာထားယင် တို့က စားရမှာပေါ့"

မုယုံကျင်း ကြားဖြတ်ပြောလိုက်ခြင်းကြောင့် ယွဲ့ဖိန်းပါးစပ်ပိတ်ထားလိုက်လေသည်။

မုယုံကျင်းက ဆက်ပြောလိုက်သည်။

"ဧည့်သည်က အိမ်ရှင်ကိုလေးစားရမှာပဲ မဟုတ်လား"

"အင်း..ဒါတော့ဟုတ်တယ်"

ယွဲ့ဖိန်းက မုယုံကျင်းအား အကဲခတ်လိုက်သည်။

"ဒါပေမယ့် မင်းရဲ့လေသံက သင်္ကာမကင်းဖြစ်နေပုံမျိုးပဲ"

မုယုံကျင်း ခေါင်းညိတ်လိုက်သည်။

"ကိုယ်တိုင်ထွက်ပြီး ဧည့်မခံဘဲ ငါတို့ကိုစားသောက်စေချင်တာ အကြောင်းရှိရမှာပေါ့"

"မင်း ဘယ်လိုထင်လို့လဲ"

"ရှင်းပါတယ်၊ သူဟာ ဂူကျူးရိုနဲ့ပတ်သက်နေနိုင်တယ်ဆိုယင် ငါတို့ကိုကျွေးမွေးတဲ့ စားသောက်စရာတွေထဲမှာ အဆိပ်ခတ်ထားနိုင်တာပေါ့"

ယွဲ့ဖိန်း မကျေမနပ် ဖြစ်သွားလေသည်။

"ငါ့ကို သည်လိုပြောလို့ရမလား"

ချက်ချင်းပင် ငှဲ့ထားသော အရက်ခွက်ကိုယူကာ ကြမ်းပြင်ပေါ်လောင်းချလိုက်လေသည်။

ကြမ်းပြင်ပေါ်၌ ခန်းလုံးပြည့်ကော်ဇော ခင်းထားပါသည်။ အရက်များကျသွားသည်နှင့် ကော်ဇော၌ မီးလောင်ကျွမ်း

သက္ကဲ့သို့ အညိုကွက်ကြီး ဖြစ်ပေါ်လာတော့သည်။

အရက်ထဲ၌ အဆိပ်ခတ်ထားသည်မှာ သေချာနေပါတော့သည်။

"တောက်"

ယွဲ့ဖိန်း တက်ခေါက်လိုက်လေသည်။

မုယုံကျင်း ပြုံးလိုက်သည်။

"ဘယ်လိုလဲ"

"သူနဲ့စာရင်းရှင်းမှ ဖြစ်မယ်"

ယွဲ့ဖိန်း ထိုင်ရာမှထရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ခစ်ခနဲ ရယ်မောသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မုယုံကျင်းနှင့်ယွဲ့ဖိန်းတို့ လှမ်းကြည့်လိုက်လျှင် နတ်မိမယ်လေးအလား ချောမောလှပသော မိန်းကလေးတစ်ယောက် ဧည့်ခန်းထဲလှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးကား ကြေးစားပျော်တော်ဆက်မယ်လေး မိန်စင်းယီဖြစ်ပါတော့သည်။

♣ ♣ ♣



မုယုံကျင်းနှင့်ယွဲ့ဖိန်းတို့သည် ချောမောလှပလွန်းသည့် မိန်စင်းယီကို ငေးမောကြည့်နေမိကြလေသည်။

မုယုံကျင်းက နတ်သမီးလေးတစ်ပါးကို တွေ့လိုက်ရသည် ထင်မိ၏။

သို့သော် သူမ၏အလှအပမှာ မုယုံကျင်း၏အသည်းနှလုံး လှုပ်ရှားလာအောင် ဆွဲဆောင်နိုင်စွမ်းမရှိခဲ့ပါချေ။

မိန်စင်းယီသည် သူမ၏ရုပ်ရည်ဖြင့် သူဌေးသူကြွယ်ကုန်သည်ပွဲစား ကြေးရေတတ်အထက်တန်းလွှာမှ တစ်ယောက်ယောက်အားရယူနိုင်မည်ဖြစ်သော်လည်း အဘယ်ကြောင့် ပျော်တော်ဆက်မယ်လေးဘဝဖြင့် ကျင်လည်နေသည်ကို နားမလည်နိုင်အောင်ဖြစ်ကာ ငေးကြည့်နေမိခြင်းလည်း ဖြစ်လေသည်။

ယွဲ့ဖိန်း သတိဝင်လာလေသည်။

"မိန်စင်းယီ မင်းက ကျုပ်ကိုအဆိပ်နဲ့လုပ်ကြံဖို့ကြံစည်ထားတယ် ဟုတ်လား"

ဒေါသသံဖြင့် မေးလိုက်လေသည်။

မိန်စင်းယီ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ လုပ်တာမဟုတ်ပါဘူးရှင့်"

"ဒါဖြင့် ဘယ်သူလုပ်တာလဲ ပြောစမ်းပါဦး"

"ဂူကျူးရိပါရှင်"

"ဘာ"

ယွဲ့ဖိန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

မုယုံကျင်း သက်ပြင်းချလိုက်သည်။

ဂူကျူးရိ၏အမည်ကို နေရာတိုင်း၌ ကြားနေရသည် မဟုတ်ပါလား။

ယွဲ့ဖိန်းက...

"ဂူကျူးရိလုပ်တာလို့ မင်းဘာကြောင့် ပြောရတာလဲ၊ ဒါဟာ မင်းရဲ့အိမ်ပဲမဟုတ်လား"

မိန်စင်းယိက....

"ဂူကျူးရိက သူလိုချင်ယင် ဘာမဆိုရယူနိုင်တယ်၊ သူလုပ်ချင်ယင် ဘာမဆိုလုပ်နိုင်စွမ်းရှိပါတယ်ရှင်"

"ဘာလဲ မင်းအိမ်က ဂူကျူးရိရဲ့အိမ်ဖြစ်သွားနိုင်တယ်လို့ ပြောချင်တာလား"

"ကျွန်မဟာ ပျော်တော်ဆက်မယ်လေးတစ်ယောက်ဆိုတာ လူတိုင်းသိကြပါတယ်ရှင် ဂူကျူးရိကလည်း တကယ့်အမှောင်ရာဇာကြီးတစ်ယောက်ပါ၊ ကျွန်မအနေနဲ့ သူ့ကိုဘယ်လိုလုပ်ပြီး လွန်ဆန်နိုင်မှာလဲရှင်"

ယွဲ့ဖိန်း ငိုင်သွားလေသည်။

မိန်စင်းယိက...

"ရှင်တို့နှစ်ယောက်ကို ကျွန်မဆီကိုဖိတ်ခေါ်ဖို့လည်း သူပဲစီစဉ်ခဲ့တာပါရှင်"

ယွဲ့ဖိန်းက...

"သည်ကိုဖိတ်ခေါ်ပြီး အဆိပ်အရက်နဲ့ဧည့်ခံခိုင်းတာပေါ့ဟုတ်လား"

မိန်စင်းယိ ခေါင်းခါယမ်းလိုက်သည်။



"ဒါက ရှင်တို့ကို စမ်းသပ်ကြည့်တဲ့သဘောပါ"

"ဪ"

"ရှင်တို့နှစ်ယောက်ဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ ခံကျူးရသေ့ရဲ့တပည့်တွေဆိုတာကော ၊ ရှင်တို့က သူ့ကိုရင်ဆိုင်ဖို့ ကြံစည်ထားကြတယ်ဆိုတာကော သူသိထားပါတယ်"

မုယုံကျင်းနှင့်ယွဲ့ဖိန်းတို့ အချင်းချင်းကြည့်လိုက်ကြ၏။

မိန်စင်းယိ စကားဆက်လိုက်လေသည်။

"ရှင်တို့နှစ်ယောက် သတိ ဘယ်လောက်ကောင်းသလဲဆိုတာ အရက်ထဲအဆိပ်ခတ်ပြီး စမ်းသပ်ကြည့်တာပါရှင်"

"ဒါဖြင့် မင်းဆီကိုရောက်အောင် ဖိတ်ခေါ်ခိုင်းတဲ့ တခြားကိစ္စတစ်ခုရှိမှာပေါ့"

"ဟုတ်ပါတယ်ရှင်"

"ကဲ...ဘယ်လိုကိစ္စလဲ ပြောပါဦး"

မိန်စင်းယိက...

"သူ့ကိုယ်စား ရှင်တို့ကို စကားတစ်ခွန်းပြောပြစေချင်လို့ပါ"

ယွဲ့ဖိန်း မဲ့ပြုံးပြုံးလိုက်သည်။

"တော်တော် စိတ်ဝင်စားစရာကောင်းတာပဲ၊ ဘယ်လိုစကားမျိုးလဲ ပြောစမ်းပါဦး"

မိန်စင်းယိက...

"သူဟာ ဓားကျိုးကို ရအောင်ယူပြမယ်ဆိုတဲ့ စကားပါရှင်"

"ဘာ"

ယွဲ့ဖိန်း ဒေါသထွက်သွားပြန်လေသည်။

မိန်စင်းယိက ပြောစရာရှိသည်ကို ဆက်ပြောနေသည်။

"ဓားကျိုးကို သူရယူမယ်၊ ရှင်တို့ ဘယ်လောက်ဟန့်တားနိုင်မလဲဆိုတာ သိချင်တယ်လို့ ပြောခိုင်းပါတယ်ရှင်"

"ဟား..ဟား...ဟား"

ယွဲ့ဖိန်း ခံပြင်းစွာ ရယ်မောလိုက်လေသည်။

မုယုံကျင်း မနေနိုင်တော့ဘဲ မေးလိုက်သည်။

"ဓားကျိုး ဘယ်မှာရှိတယ်ဆိုတာ သူသိထားလို့လား"

မိန်စင်းယိ ခေါင်းညိတ်လိုက်သည်။

"သူ သတင်းရထားပါပြီ"

မုယုံကျင်းက ယွဲ့ဖိန်းကို ပြောလိုက်သည်။

"ကျုပ်တို့ အမြန်ဆုံးလိုက်သွားမှ ဖြစ်မယ်"

"ဟုတ်တယ်"

ယွဲ့ဖိန်း သဘောတူလိုက်သည်။

နှစ်ယောက်သား ထွက်သွားရန်ပြင်ဆင်လိုက်ကြလေသည်။

မိန်စင်းယိက...

"ဓားကျိုး ဘယ်မှာရှိတယ်ဆိုတာ ရှင်တို့သိနေလို့လားရှင်"

ယွဲ့ဖိန်းက...

"ဘာကြောင့် မသိရမှာလဲ၊ သံတူပန်းပဲပစ္စည်း အရောင်းဆိုင်မှာ ရှိတာပေါ့"

"ဒါဆို ရှင်တို့မှားသွားပြီ"

"ကျုပ် ဘာကြောင့်မှားရမှာလဲ"



"အဲသည်ဆိုင်မှာ မရှိတော့လို့ပေါ့ရှင်"

ယွဲ့ဖိန်းက မုယုံကျင်းအား လှမ်းကြည့်လိုက်သည်။

မုယုံကျင်း ပခုံးတွန့်လိုက်သည်။

မိန်စင်းယိ ဆက်ပြောသည်။

"ရှင်တို့ဟာ ဓားကျိုးနဲ့ပတ်သက်ယင် တခြားလူတွေထက် ပိုပြီးရင်းနှီးတယ်၊ အခွင့်အရေးရှိတယ်ဆိုတာ ဂူကျူးရိသိပါတယ်၊ ဒါပေမယ့် ခုံကျူးရသေ့ တောင်ပေါ်ကမဆင်းဘဲနေခဲ့တဲ့ နောက်ပိုင်းနှစ်တွေမှာ အခြေအနေတွေ ပြောင်းလဲသွားခဲ့ပြီလို့ ဂူကျူးရိက ပြောသွားတယ်ရှင့်"

ယွဲ့ဖိန်း မေးလိုက်သည်။

"ဘယ်လိုပြောင်းလဲသွားတာလဲ ပြောစမ်းပါဦး"

မိန်စင်းယိက...

"သိုင်းလောကမှာ တဖြည်းဖြည်းကျော်ကြားလာနေတဲ့ ဖူးယို့ဆိုတဲ့လူငယ် သိုင်းသမားတစ်ယောက် ထွက်ပေါ်လာခဲ့ဖူးတယ် ရှင်တို့ကြားမိမှာပေါ့"

မုယုံကျင်းနှင့်ယွဲ့ဖိန်းတို့ အင်းမလှုပ် အဲမလှုပ်နေကြလေသည်။

မိန်စင်းယိက...

"ဖူးယို့ဟာ ဓားကျိုးကိုရယင် ပြိုင်ဘက်ကင်းသိုင်းသမားတစ်ယောက်ဖြစ်လာနိုင်တယ်လို့ တွေးမိပြီး သွားရှာခဲ့တယ်ရှင်"

ယွဲ့ဖိန်းက...

"ဆက်ပြောပါဦး"

မိန်စင်းယိက...

"ဓားကျိုးရဲ့ရာဇဝင်ကို သိုင်းလောကတစ်ခုလုံး သိထားကြတာပဲ၊ အကျော်ကြားဆုံး ပန်းပဲဆရာကြီး 'သံတူ' ဟာ သူရဲ့မိတ်ဆွေတစ်ယောက်က 'သံသုံးမျိုး' ပေးပြီး ဓားတစ်လက်ထုလုပ်ခိုင်းတာကို တာဝန်ယူပြီး ထုလုပ်ပေးခဲ့တယ်"

ဓားကျိုးသည် ပန်းပဲဆရာသံတူ ပိုင်ဆိုင်သောပစ္စည်းမဟုတ်ပါချေ။

သူ၏ပန်းပဲဖိုသို့ ဓားလုံလက်နက်ပစ္စည်းများ လာရောက်အပ်နှံထားရှိသည့် မိတ်ဆွေ သိုင်းသမားကြီးတစ်ယောက်က ထုလုပ်ခိုင်းသဖြင့် ထုလုပ်ပေးခဲ့သော ဓားတစ်လက်ဖြစ်ပါသည်။

သံတူ၏မိတ်ဆွေသည် ပင်လယ်ရေအောက်မှ သံရိုင်းတစ်မျိုး၊ မီးတောင်မှသံရိုင်းတစ်မျိုးနှင့် အကောင်းစား သံမဏိတစ်မျိုးကိုပေါင်းစပ်ကာ ဓားတစ်လက်ထုလုပ်ခိုင်းခဲ့ခြင်း ဖြစ်သည်။

သံတူ၏လက်စွမ်းဖြင့် ထိပ်တန်းဓားတစ်လက်ရရှိလာမည်ဟုမျှော်လင့်ခဲ့သည်။

သို့သော် သံတူထုလုပ်ပြီးရလာသော ဓားကို မိတ်ဆွေသိုင်းဆရာလက်ထဲအပ်လိုက်သောအခါ သိုင်းဆရာလက်တွေ့ အသုံးပြုရာ၌ မျှော်လင့်သလို ဓားကောင်းတစ်လက် ဖြစ်မလာဘဲ ထက်ပိုင်းကျိုးသွားခဲ့လေသည်။

သိုင်းဆရာလည်း သံတူကို အလွန်စိတ်ဆိုးသွားလေသည်။

သံတူက ဓားကျိုးကို ပြန်လည်လက်ခံပြီး ထိပ်တန်းဓားတစ်လက်ဖြစ်လာစေရန် အမျိုးမျိုးကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့



ချေ။ မိတ်ဆွေသိုင်းဆရာလည်း လက်လျှော့ပြီး ဓားကျိုးကို လှည့်မကြည့်တော့ဘဲ လျစ်လျူရှုထားလိုက်လေသည်။

သံတူသည် သူကြိုးစားခဲ့သော်လည်း အရာမထင်သဖြင့် ဓားကျိုးကို လွှင့်ပစ်ရမည်ကိုလည်း နှမြော၊ အသုံးပြု၍လည်းမရသဖြင့် ပန်းပဲပစ္စည်းဆိုင်၌ ရောင်းချသောပစ္စည်းများနှင့်အတူ ထားရှိခဲ့လေသည်။

ကြိုက်နှစ်သက်သူ တစ်ယောက်ယောက်ပေါ်လာပါက ရောင်းချလိုက်မည်ဟု စိတ်ကူးခဲ့ပြီး ရောင်းရသည့်ငွေဖြင့် မိတ်ဆွေသိုင်းဆရာအား အလျော်ပေးရန် ရည်ရွယ်ထားလေသည်။

ဓားကျိုးသည် ပန်းပဲပစ္စည်းရောင်းသောဆိုင်၌ မျက်နှာငယ်စွာ ရှိခဲ့လေသည်။ မိန်စင်းယိက....

"လူငယ်သိုင်းသမားဖူယို့ဟာ ဓားကျိုးမှာ အစွမ်းရှိတဲ့အကြောင်းကို သိနေတယ်၊ သူက 'သံတူ'ဆိုင်ကို အရောက်သွားခဲ့တယ်"

ယွဲ့ဖိန်း စိတ်လှုပ်ရှားသွားသည်။

"ဒါဖြင့် ဖူးယို့က ဓားကျိုးကိုရသွားမှာပေါ့ ဟုတ်လား"

မိန်စင်းယိ ခေါင်းခါယမ်းလိုက်လေသည်။

"ဟင့်အင်း..မရခဲ့ဘူး"

"ဘာဖြစ်လို့လဲ"

"သူသေသွားတယ်"

"ဟာ"

ယွဲ့ဖိန်း နားမလည်နိုင်အောင် ဖြစ်သွားလေတော့သည်။

မုယုံကျင်း ကြားဝင်မေးလိုက်လေသည်။

"ဖူးယို့က ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

မိန်စင်းယိက...

"ဓားကျိုးကို ထုလုပ်နိုင်းတဲ့ သိုင်းဆရာရဲ့နာမည်ဟာ 'လင်းချီ' လို့ခေါ်တယ်၊ သူ့မှာ စိတ်သိပ်မနှံ့တဲ့ 'လင်းလျံ'ဆိုတဲ့မြေးမလေးတစ်ယောက်ရှိတယ်၊ လင်းလျံဟာ ငယ်စဉ်ကတည်းက မိဘတွေကွယ်လွန်သွားလို့ အဘိုးဖြစ်သူနဲ့အတူတူ နေထိုင်ခဲ့ရတယ်၊ အဘိုးဖြစ်တဲ့ လင်းချီဟာ မြေးကိုချစ်ပေမယ့် စည်းကမ်းတင်းကြပ်လွန်းတာကြောင့် လင်းလျံခမြာ လှောင်အိမ်ထဲကငှက်လိုဖြစ်ရပြီး ယဉ်ယဉ်လေးရှူးနေရှာတာ"

မုယုံကျင်းနှင့်ယဲ့ဖိန်းတို့၏ စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။ မိန်စင်းယိ စကားဆက်လိုက်သည်။

"လင်းလျံရဲ့စိတ်ထဲမှာ တစ်နေ့ကျယင် ချောမင်းသားလေးတစ်ယောက်နဲ့ဆုံစည်းမိပြီး သူ့ကိုပျော်ရွှင်အောင်ထားလိမ့်မယ်လို့ စွဲမှတ်နေတယ်၊ ဒါကြောင့် ယောကျ်ားပျိုလေးတွေတွေ့ယင် သူကပဲ မိတ်ဆက်ပြီး အရောဝင်လွန်းလို့ သူ့အဘိုးလင်းချီကရှက်ပြီး ရိုက်နှက်ဆုံးမနေရတယ်၊ လင်းလျံကို သံတူဆိုင်မှာလိုတဲ့ပစ္စည်း သွားမှာခိုင်းတာကလွဲယင် တခြားဘယ်မှမလွှတ်ဘဲ အိမ်မှာပဲထားတာ"

မိန်စင်းယိသည် ဓားကျိုးပိုင်ရှင် အစစ်အမှန်ဖြစ်သော သိုင်းသမားလင်းချီ၊ လင်းလျံတို့မြေးအဖိုးနှင့် လူငယ်သိုင်းသမားဖူးယို့တို့ မမျှော်လင့်ဘဲ ဆုံတွေ့မိပြီး ဝမ်းနည်းကြေကွဲစရာများ ဖြစ်ပေါ်လာခဲ့ပုံကို ပြောပြလိုက်လေတော့သည်။

♣ ♣ ♣

## · ဆုံဆည်းခြင်း

ရွှေဘဲစားသောက်ဆိုင်...။

ဆိုင်၏အပြင်ပန်း အပြင်အဆင် အတော်ကလေးခေတ်ဆန်လွန်းလှပေသည်။

ဆိုင်ထဲဝင်လိုက်သည့်အခါ ပို၍စိတ်ချမ်းသာသရာ ကောင်းလှသည်။

ဆိုင်၏ဖွဲ့စည်းပုံ စားပွဲကုလားထိုင်များ စားသောက်စရာပစ္စည်းများထားသိုပုံများသည် သဘောကျစရာကောင်းသည်။

ဖူးယို့ဆိုင်ထဲရောက်တော့ စားပွဲထိုးကလေးက ကိုယ်ကလေးညွှတ်ကာ အရိုအသေပြုသည်။

"ကြွပါ ခင်ဗျာ"

ချိုသာစွာ ခရီးဦးကြိုပြုသည်။

ဆိုင်ထဲတွင် လူက များများစားစား မရှိပေ။

လူကြီးတစ်ယောက် ထမင်းစားနေသည့် စားပွဲတစ်ဝိုင်းနှင့် လူငယ်တစ်သိုက်၏စားပွဲ တစ်ဝိုင်းသာရှိသည်။

ဖူးယို့ ယာဘက်ထောင့်စွန်း စားပွဲတွင် နေရာယူလိုက်၏။

ဆိုင်ထဲသို့ အဝင်အဝဘေးဘက်ရှိ စားပွဲမှလူကြီးက ဖူးယို့ကို အကဲခတ်ကြည့်သည်။

ထို့နောက် စားစရာများ မှာကြားစားသောက်လိုက်၏။

ထိုစဉ် ဆူညံပူညံအသံများ ကြားလိုက်ရသည်။

နိုက်ရန်ဒေါသ တစ်စုံတစ်ရာဖြစ်နေကြောင်းကို ဖော်ပြနေသည့်အသံများပင် ဖြစ်သည်။

ဖူးယို့ကြည့်လိုက်သောအခါ ရန်ဖြစ်နေသည်မှာ လူရွယ်တစ်သိုက်နှင့် စောစောက ဖူးယို့ကိုလှမ်းအကဲခတ်လိုက်သည့် အဘိုးကြီး ဖြစ်သည်။

"အဘိုးကြီး...ဘယ်လိုလဲ၊ ခင်ဗျားမပေးဘူးလား"

လူငယ် အသံဖြစ်သည်။

"မင်းတို့ ငါ့ကိုအနိုင်ကျင့်တာလား"

"ထင်ချင်သလိုထင်ဗျာ၊ ကျုပ်တို့လိုချင်တာ ငွေပဲ"

"ဟေ့..လုတုံး အဘိုးကြီးကပ်နေယင် အကြောင်းပြလိုက်ကွာ"

"မင်းတို့ လုပ်ပုံက တရားမဲ့လှချည်လား"



"တရားတယ်၊မဲ့ တရားဘူးဆိုတာ ကျုပ်တို့မသိဘူးဗျ"

ဖူးယို့ သဘောမကျ ဖြစ်သွားသည်။

လူငယ်တစ်သိုက်က အဘိုးကြီးအား အနိုင်ကျင့်နေသည့်အဖြစ်က သိသာလွန်းသည်။

"ကဲကွာ..ခေါင်းမာဦး"

"ဖြန်း"

"အား"

အဘိုးကြီး နောက်သို့လန်ကျသွားသည်။

ပိုးလို့ပက်လက် မြင်မကောင်းအောင် ကြမ်းပြင်ပေါ်သို့ ကျသွား၏။

ဖူးယို့ ထိုင်ရာမှထလိုက်၏။

လုတုံးဆိုသော လူငယ်သည် ရှေ့သို့တိုးလာပြန်သည်။

ထိုအခါ သူ၏လက်တွင် ဓားတိုတစ်ချောင်းရှိနေသည်။

လက်အားကိုး အနိုင်ကျင့်ရာမှ ယခုဆိုလျှင် လက်နက်အားကိုးအနိုင်ကျင့်တော့မည် ဖြစ်သည်။

ဆိုင်ရှင်နှင့်စားပွဲထိုးများသည် မလှုပ်ရဲကြချေ။

ပြောလည်း မပြောရဲကြဘဲ ချောင်တွင် ကုပ်နေကြသည်။

လဲကျနေသည့် အဘိုးကြီး လူးလဲထသည်။

လုတုံးက အဘိုးကြီးနားသို့ ရောက်လာပြီးရပ်လိုက်သည်။

ဖူးယို့ လက်ပိုက်ကြည့်မနေနိုင်တော့ပေ။

လှုပ်ရှားမှုတစ်ခု ပြုလိုက်သည်။

"ဝိုး"

"အား"

လုတုံး ခြေလှမ်းတုံ့သွားသည်။

နာနာကျင်ကျင် အော်လိုက်သည်။

ညာဘက်မှဆုပ်ကိုင်ထားသည့် ဓားတိုလွတ်ကျသွားပြီး ကြမ်းပြင်ပေါ်တွင် စိုက်နေ၏။

လက်ကောက်ဝတ်ကို ဘယ်လက်နှင့် လုတုံးက တင်းကျပ်စွာဆုပ်ကိုင်လိုက်သည်။

လက်ကြားမှ စေးထန်းထန်း အရည်များ ယိုစီးထွက်လာသည်။

သွေးများပင် ဖြစ်သည်။

ဖူးယို့ ပြုံးလိုက်သည်။

လုတုံးတို့လူစုဆီသို့ လှမ်းသွားလိုက်သည်။

လက်တွင် ဒဏ်ရာရသွားသည့် လုတုံးနှင့်အတူ ကျန်လူငယ်များက ဖူးယို့ကိုမကျေမနပ် ကြည့်နေကြသည်။

ဒေါသနှင့် မကျေနပ်မှုများက သူတို့မျက်လုံးတွင် အတိုင်းသားပေါ်နေသည်။

ဖူးယို့ ပြုံးလိုက်သည်။

"ကျုပ် စိတ်မကောင်းပါဘူး"

လုတုံးက...

"မလိုပါဘူး ဒါထက် ခင်ဗျားကိုယ့်ကိစ္စမဟုတ်ဘဲ ဘာလို့ဝင်ရှုပ်တာလဲ၊ ကျုပ်တို့အကြောင်း ခင်ဗျားမသိသေးဘူးထင်တယ်"

"ကျုပ်သိတာက မတရားမှုကို လက်ပိုက်ကြည့်မနေသင့်



ဘူးဆိုတာပဲ"

ဖူးယို့သည် ဘာမှဂရုမစိုက်သလို လဲနေသည့်အဘိုးကြီးထံ လျှောက်သွားသည်။

အဘိုးအိုကို မ ထူလိုက်သည်။

အဘိုးကြီး အားယူထလာ၏။

"ကျေးဇူးပါပဲကွယ်"

"ကိစ္စမရှိပါဘူးဗျာ၊ ဦးသည်နေရာကသွားယင် ကောင်းပါလိမ့်မယ်"

အဘိုးကြီး ချက်ချင်းပင် သုတ်သုတ်ပျာပျာ ဆိုင်ထဲမှထွက်ခွာသွားလေသည်။

အဘိုးကြီး အပြင်သို့ရောက်သွားတော့ ဖူးယို့က လုတုံးတို့လူစုနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

လူငယ်တစ်သိုက်ထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသည့် လူငယ်က ရှေ့တိုးလာသည်။

လူငယ်က လက်နက်တစ်ခုကို ထုတ်လိုက်သည်။

သူကိုင်တွယ်သော လက်နက်သည် သူ၏ပညာအဆင့်တစ်ခုကို ပြသလိုဖြစ်နေသည်။

အဆင့်မြင့် သိုင်းသမားမဟုတ်သော်လည်း အဆင့်နိမ့်သူမဟုတ်ချေ။

"ကဲ..သေပေတော့"

"ဝိုး"

"ကျား"

ဖူးယို့ ညာသံပြုလိုက်သည်။

ကြောင်တစ်ကောင်၏ပေါ့ပါးလျင်မြန်ခြင်းမျိုးနှင့် ကြမ်းပြင်ကို ခြေဖြင့်ကန်ကာ နောက်ကျွမ်းပစ်လိုက်သည်။

ဖူးယို့ ထုတ်တန်းတွင် လင်းဆွဲတစ်ကောင်လို တွဲလောင်းကျ လျှက်ရှိသည်။

တိုက်ပွဲတစ်ခုကို သူနိုင်ကိုယ်နိုင် တိုက်ခိုက်နေသည်နှင့် မ တူကစားနေသည်နှင့် တူနေသေးသည်။

ခေါင်းဆောင်လူငယ် ဒေါသဖြစ်လာဟန်တူသည်။

အကွက်ကျကျ အချက်ကျကျ တိုက်ခိုက်နေရာမှ မုန်တိုင်း တိုက်ခတ်သလို ပြင်းထန်စွာ တိုက်ခိုက်လာလေသည်။

"ဗိုး...ဗိုး"

ဖူးယို့ ရယ်မောလိုက်သည်။

သူ၏လက် လှုပ်ရှားလိုက်လျှင်...

"ဗိုး"

"အား"

ခေါင်းဆောင်လူငယ်သည် ဗိုက်ကိုလက်နှင့်ဖိကာ ရှေ့သို့ ငိုက်ကျသွားသည်။

ဖူးယို့က ဘာမှမဖြစ်သလို ကျသင့်ငွေကို စားပွဲပေါ်သို့ ချ လိုက်၏။

ပြီးနောက် ဆိုင်ထဲမှထွက်ခဲ့လေတော့သည်။

♣ ♣ ♣



သံတူပန်းပဲဖိုထွက်ပစ္စည်း ရောင်းသည့်ဆိုင်ရှေ့သို့ ရောက်လျှင် ဖူးယို့ အကဲခတ်ပြီး ဆိုင်ထဲဝင်ခဲ့သည်။

ဤဒေသ ဤမြို့၏ပန်းပဲဖိုထွက် ပစ္စည်းအရောင်းဆိုင်များ အနက်အကြီးမားဆုံး ဆိုင်တစ်ဆိုင် ဖြစ်ပေသည်။

ဖူးယို့ ဆိုင်ထဲရောက်သွားလျှင်...

အခန်းထောင့်တစ်နေရာတွင် ငြိမ်သက်စွာ ထိုင်နေသည့်လူကြီးတစ်ယောက်ကို တွေ့ရသည်။

ဖူးယို့ ဆိုင်ထဲဝင်လိုက်ချိန်တွင် သူက ခေါင်းမော့ကြည့်လာသည်။

အကြည့်ချင်းဆုံသွားသောအခါ...

"ဟင်"

အံ့ဩသွားပုံရသည်။

ဖူးယို့ကိုယ်တိုင်လည်း အံ့သြသွားလေသည်။

"ဟင်…ဦးကြီး"

ဖူးယို့က နှုတ်ဆက်လိုက်သည်။

ဆိုင်ထဲတွင် တွေ့လိုက်သူက အခြားသူ မဟုတ်ပါချေ။

စားသောက်ဆိုင်ထဲတွင် ဖူးယို့ကိုယ်တိုင် ကူညီလိုက်သည့် အဘိုးကြီးဖြစ်နေသည်။

"သူငယ်ပါလား၊ ဘာပစ္စည်းလိုချင်လို့လဲ"

သူက မေးသည်။

"ကျွန်တော် ဆိုင်ရှင်နဲ့တွေ့ချင်လို့ပါဦး ကူညီနိုင်ယင် ဆိုင်ရှင်နဲ့တွေ့နိုင်ဖို့ ကူညီပါ"

"ကူညီပါ့မယ်၊ သူငယ်ထိုင်ပါဦး၊ ဖြည်းဖြည်းပေါ့ကွယ်၊ မင်း ဦးကိုကူညီခဲ့သလို ဦးကလည်း မင်းကိုပြန်ပြုစုပါရစေလားကွာ"

"နေပါစေဦး၊ ကျွန်တော် ဦးကိုကူညီချင်တာ တုံ့ပြန်မှုလိုချင်လို့မဟုတ်ပါဘူး စေတနာသက်သက်ပါ"

"ဦးနားလည်ပါတယ်ကွယ်၊ ထိုင်ပါဦး၊ ဒါထက် ဆိုင်ရှင်နဲ့ မင်းတွေ့ချင်တာ ဘာကြောင့်ဆိုတာ ဦးသိပါရစေကွယ်"

ဖူးယို့ စဉ်းစားသလို ငြိမ်သက်သွားသည်။

ပြီးမှ…

"ဓားတစ်လက် လိုချင်လို့ပါဦး"

"ဓား…ဟုတ်လား၊ နေပါဦးကွယ် မင်းလိုချင်တာ ဘယ်လိုဓားမျိုးလဲ"

"အကြမ်းဖျဉ်းပြောရယင်တော့ ရှေးဟောင်းဓားတစ်လက်



ပါပဲ၊ အတိအကျဆိုယင်တော့ ဓားကျိုးဆိုပါတော့ဗျာ"

"ဓားကျိုး"

"ဟုတ်ပါတယ်"

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"ဒါဆိုယင်တော့ သူငယ်အနေနဲ့ သည်ဓားမျိုးကို သည်မှာ လာရှာမနေနဲ့တော့ကွယ့်၊ သည်ဓားမျိုး သည်မှာမရှိဘူး"

ဖူးယို့ စိတ်ပျက်သွား၏။

"ဓားကျိုးကို သည်ဆိုင်မှာလာပြီး ရောင်းမယ်လို့ ကျွန်တော် သတင်းရခဲ့တယ်"

"မောင်ရင် မယုံဘူးကိုး"

အဘိုးအိုက ရှင်းပြသည်။

"ဦးရှင်းရှင်းပြောရယင် သည်ဆိုင်က ဦးဆိုင်ပဲကွ၊ သည်ဓားကျိုးဟာ သိုင်းလောကရဲ့အဓိပတိ ဓားပွဲကွယ့် ဒါကြောင့် သည်ဓား ဦးဆီမှာမရှိတာတော့ အမှန်ပဲ"

ဖူးယို့ စိတ်ပျက်သွားသည်။

ထိုစဉ် ဆိုင်၏ထောင့်တစ်ထောင့်တွင် မိန်းကလေးတစ်ယောက်ရှိနေသည်ကို တွေ့ရ၏။

မိန်းကလေးသည် အလွန်လှပသည်။

ဖြူစင်သန့်ရှင်းသည့် ဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားသည်။

ဆံထုံးကို သေသပ်စွာ ထုံးထားသည်။

သူမ ရောက်ရှိနေသောနေရာနှင့် ဖူးယို့တို့ စကားပြောနေ

သည့်နေရာသည် မဝေးကွာလှပေ။

ထို့ကြောင့် အားလုံးသောစကားများကို ကြားနေရသည်။

သူမက ဖူးယို့ကို အကဲခတ်နေသည်။

သူတို့ပြောသောစကားကို သူမကြားနေရသည်။

ဓားကျိုးအကြောင်းပင် ဖြစ်သည်။

သည်ဆိုင်တွင် သည်ဓားမျိုးမရှိဟုဆိုသောအခါ မျက်နှာ ညှိုးသွားသည်။

"သူဘာလို့များ သည်ဓားကိုလိုက်ရှာနေပါလိမ့်"

သူမ ဖြတ်ခနဲ သတိရလိုက်သည်။

ဓားတစ်ချောင်းနှင့် ပတ်သက်၍ဖြစ်သည်။

ထိုစဉ် ဖူးယို့မှာ ဓားကျိုးအကြောင်း နောက်ထပ်မေး၍ရ မည် မဟုတ်သဖြင့် လက်လျှော့လိုက်သည်။

"ကဲ...ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ"

ဖူးယို့က နှုတ်ဆက်ပြီး လှည့်ထွက်ခဲ့သည်။

ယင်းသို့ ဖူးယို့မထွက်ခင် အလျင်ထွက်သူက မိန်းမရွယ်ဖြစ် သည်။ မိန်းမရွယ် ဆိုင်ထဲမှထွက်သွားသည်ကို ဘယ်သူမှ မသိ လိုက်ပေ။

ဖူးယို့ လေးလံစွာ အပြင်သို့ထွက်ခဲ့သည်။

အပြင်တွင် နေအတော်ကျနေပြီဖြစ်သည်။

နေပူပြင်းသည့်အချိန်က အသွားအလာကျဲနေသော လမ်း မပေါ်တွင် ပြန်လည်စည်ကားနေပေပြီ။

ဖူးယို့သည် မြင်းဇက်ကြိုးကိုဖြုတ်ကာ ထွက်ခဲ့သည်။



ဖူးယို့ မြင်းပေါ်တက်လိုက်သည့်အချိန်တွင် ဖူးယို့မြင်းနား သို့မြင်းတစ်စီး ရောက်လာသည်။

မြင်းက မြင်းဖြူကြီးဖြစ်သည်။

ဖူးယို့သည် မိန်းမရွယ်ကို တွေ့လိုက်ရသောအခါ များစွာ အံ့ဩသွားသည်။

"ဟင်....မင်း"

မိန်းမချောလေးသည် ဖူးယို့အား ရင်းနှီးလိုပုံရ၏။

သူမ မိတ်ဆက်စကားပြောလေသည်။

"ကျွန်မဟာ သည်မြို့ဇာတိပါပဲ၊ ကျွန်မနာမည်ကတော့ လင်းလျှံပါရှင်"

"အခုလိုသိရတာ ဝမ်းသာပါတယ်ဗျာ၊ ကျုပ်နာမည်က ဖူးယို့ပါ ဧည့်သည်ဆိုပါတော့"

"သိရတာ ဝမ်းသာပါတယ်ရှင်၊ ဒါထက် ရှင်ဓားတစ်လက် ကို လိုက်ရှာနေတာကိုး"

"ဟုတ်ပါတယ်ဗျာ"

"ဒါဆို ကျွန်မကူညီနိုင်မယ် ထင်ပါတယ်"

"ဟင်..မင်းကူညီမယ် ဟုတ်လား"

လင်းလျှံက အပြုံးဖြင့် ခေါင်းညိတ်ပြသည်။

ဖူးယို့ စိတ်လှုပ်ရှား လာသည်။

လင်းလျှံက အဘယ်ကြောင့် ရင်းနှီးချင်ပါသနည်း။

အဘယ်ကြောင့် ဓားတစ်လက်အကြောင်း ပြောရပါသ နည်း။ ဖူးယို့က လင်းလျှံကိုကြည့်သည်။

"ညီမက ဓားကျိုးဘယ်မှာရှိတယ်ဆိုတာ သိလို့လားဟင်"

"ကျွန်မ သိထားတာကတော့ သည်ဓားဟာ ရှင်အပူတပြင်း လိုက်ရှာနေတဲ့ ဓားကျိုး ဟုတ်မဟုတ်ဆိုတာတော့ အတိအလင်းမပြောနိုင်ဘူး၊ ဒါပေမယ့် ကျွန်မသိသလောက်ဆိုယင် သည်ဓားဟာ ထိပ်တန်းဓားတစ်လက်တော့ အမှန်ပဲ"

"အဲသည်ဓားဟာ ဘယ်မှာရှိလဲဟင် သည်နေရာကို လင်းလျှံသိသလား"

"ကျွန်မ သိပါတယ်"

"ဟုတ်လား ညီမ၊ ဘယ်မှာလဲဟင်"

"ဘယ်မှာလဲဆိုတော့ ကျွန်မရဲ့အဘိုးဆီမှာလေ၊ အဘိုးဟာ သည်ဓားကို သိပ်မြတ်နိုးရှာတယ်၊ အဖိုးထိုက်ရတနာတစ်ခုလို တယုတယထားတယ်ရှင့်"

"ဩော်"

ဖူးယို့၏မျက်လုံးများ တောက်ပလာသည်။

"သည်လိုဆို ကျွန်တော့ကို ညီမရဲ့ဘိုးဘိုးနဲ့တွေ့ပေးမယ် မဟုတ်လားဟင်"

လင်းလျှံက ခေါင်းညိတ်လိုက်ပြန်သည်။

"ကျွန်မနဲ့ လိုက်ခဲ့ပါရှင်"

"ကျေးဇူးပါပဲဗျာ"

ထို့နောက် လင်းလျှံခေါ်ဆောင်ရာသို့ ဖူးယို့ လိုက်သွားလေတော့သည်။

♣ ♣ ♣



မြို့အရှေ့ဘက်တွန်းတွင် မို့မောက်သော တောင်ကလေး တစ်လုံးရှိသည်။

ယင်းခြံထဲတွင် အိမ်ကလေးတစ်လုံးရှိသည်။

ယင်းအိမ်ကလေးက ခမ်းခမ်းနားနား မရှိပေ။

ကျဉ်းကျဉ်းကျုတ်ကျုတ်နှင့် ဖြစ်ကတတ်ဆန်း ဆောက်ထားလေသည်။

ယင်းအိမ်ကလေးသို့ သွားလိုလျှင် တောင်ကမ်းပါးယံ စွန်းတွင် တွယ်ကပ်ကာ လုပ်ထားသည့် မြေနီလမ်းကလေးအတိုင်း သွားရသည်။

လမ်းက ကြမ်းသည်။

လင်းလျှံတို့သည် ကွေ့ကောက်သော လမ်းကလေးအတိုင်း ကွေ့ပတ်ကာတက်လာကြသည်။

လင်းလျှံ မြင်း၏နောက်တွင်ကပ်လျှက် မြင်းတစ်စီးပါရှိပေသည်။

မြင်းပေါ်မှ လှုရွယ်သည် ငြိမ်သက်လှသည်။

တစ်စုံတစ်ရာကို တွေးတောစဉ်းစားနေပုံရသည်။

ဤသို့လာကြရာမှ မကြာမီ တောင်ထိပ်သို့ရောက်ရှိလာလေသည်။

တောင်ထိပ်ရှိခြံထဲမှ အိမ်ကလေးနားတွင် မြင်းကိုရပ်လိုက်သည်။

အမြင့်ကိုရောက်လာသလို အအေးကလည်း ပိုလာ၏။

လေအတိုက်က ကြမ်းလာသည်။

လင်းလျှံ ဖူးယို့ကို ကြည့်လိုက်သည်။

လေအသင့်ဝယ် လင်းလျှံ၏ဆံပင်များ တလူလူလွင့်နေ၏။

"ဟောသည်အိမ်ဟာ ကျွန်မအဘိုးအိမ်ပဲရှင်"

လင်းလျှံက ပြောသည်။

ပြောပြီးနောက် လင်းလျှံမြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်လေသည်။

လင်းလျှံ မြင်းပေါ်မှခုန်ဆင်းလိုက်သည်နှင့်ဖူးယို့ကလည်း ခုန်ဆင်းလိုက်သည်။

ဖူးယို့ မြေပေါ်သို့ရောက်သောအခါ လင်းလျှံက...

"လိုက်ခဲ့ပါရှင်"

"ကောင်းပြီ"

လင်းလျှံ မြင်းဇက်ကြိုးကိုကိုင်ကာ အိမ်နားသို့ကပ်သွားသ



လို ဖူးယို့ကလည်း မြင်းဇက်ကြိုးကိုဆွဲကာ လိုက်ပါသွား၏။

မကြာမီ အိမ်ကလေးနားသို့ ရောက်ခဲ့သည်။

ဖူးယို့နှင့်လင်းလျှံ အိမ်ကလေးနားသို့ရောက်သည့် အချိန်တွင် အိမ်ကလေးတွင်းမှလူ တစ်ယောက် ထွက်လာသည်။

ထွက်လာသည့်လူသည် အသက်ငါးဆယ်ခန့်ရှိ အဘိုးကြီးတစ်ယောက်ဖြစ်နေသည်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးနှင့် ဆံပင်များသည် ပြောင်းဖူးမွေးလိုဖွာဆန်ကြဲနေပြီး ဆွတ်ဆွတ်ဖြူနေသည်။

အဘိုးကြီးသည် တုန်ချိချိနှင့် အားအင်ကုန်ခမ်းနေပုံပေါက်သည်။

နေးကွေးလေးလံသည့် ခြေလှမ်းများနှင့်လျှောက်လာပြီး ဖူးယို့တို့ရှေ့တွင် ရပ်သည်။

"ဟော..သမီးကလေးပါလား"

အဘိုးကြီးသည် လင်းလျှံကို နှုတ်ဆက်လိုက်ယင်း လင်းလျှံနောက်တွင်ကပ်ပါလာသည့် ဖူးယို့ကို အကဲခတ်ကြည့်လိုက်ကြောင်း သိလိုက်သော်လည်း မသိဟန်ပြုလိုက်ရသည်။

လင်းလျှံသည် အဘိုးအိုအကဲခတ်နေသည်ကို သိလိုက်သည်နှင့်တပြိုင်နက် အဘိုးအိုနားပြေးကပ်သွားပြီး ကလေး ငယ်တစ်ဦးလို ချွဲနေလိုက်သည်။

ပြီးနောက် အဘိုးအိုကို အပြုံးနှင့်ကြည့်ယင်း...

"ဘိုးဘိုး..ဒါ ကျွန်မရဲ့မိတ်ဆွေလေ၊ ဘိုးဘိုးနဲ့တွေ့ပေးရအောင်လို့ ခေါ်လာတာ၊ သူ့နာမည်က ဖူးယို့တဲ့"

လင်းလျှံက မိတ်ဆက်ပေးသည်။

ဖူးယို့က အရိုအသေပေးယင်း...

"ဟုတ်ကဲ့...ကျွန်တော့်နာမည်က ဖူးယို့ပါ"

အဘိုးကြီး ခေါင်းတညိတ်ညိတ်နှင့်...

"ထိုင်ကြပါ"

အဘိုးအိုက လင်းလျှံနှင့်ဖူးယို့အား အနားယူရန်အတွက် ညွှန်ပြပြောဆိုလိုက်သည်။

အဘိုးအိုက ထိုင်ရန်ညွှန်ပြလိုက်သည့်နေရာက အိမ်ကလေး၏ခြေရင်းဘက် ကွက်လပ်လေးတွင်ဖြစ်သည်။

အိမ်ခြေရင်း ကွက်လပ်ကလေးအား အသေအချာခုတ်ထွင် ရှင်းလင်းထားပြီး ဝါးဖြင့်ရက်လုပ်ထားသည့် ကုလားထိုင်များ စားပွဲများချထားလေသည်။

စားပွဲပေါ်တွင် အဖန်အိုးနှင့်ဝါးခွက်များချထားသည်။

အဘိုးအိုလင်းလျှံနှင့်ဖူးယို့တို့ သုံးဦးသား ဗိုခနောက်ဆိုင် နေရာယူကြပါသည်။

အဘိုးအိုက ဝါးခွက်အတွင်းသို့ အဖန်ရည်များလောင်းထည့်ယင်း...

"ဒါထက် မင်းသည်မြို့နယ်က မဟုတ်ဘူးလို့ထင်တယ်"

အဘိုးအိုက မေးလိုက်သဖြင့် ဖူးယို့က...

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် သည်ကိုကိစ္စတစ်ခုနဲ့ရောက်လာတဲ့ဧည့်သည်ပါ"

"ဪ...ဧည့်သည်ကိုး"



ဟုရေရွတ်လိုက်၏။

"အဖန်ရည်လေး သောက်ပါဦး"

ဟုဧည့်ဝတ်ပြုသဖြင့် ဖူးယို့က အဖန်ရည်ကို တစ်ကျိုက် သောက်လိုက်သည်။

ထိုစဉ် အဘိုးအိုက...

"ဒါထက် မင်းအဘိုးဆီလာတာ မင်းလာရင်းကိစ္စနဲ့များ ပတ်သက်နေသလား"

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်လာယင်းကိစ္စနဲ့ပတ်သက်ပြီး အဘိုးကို မေးစမ်းအကူအညီတောင်းချင်လို့ပါ"

အဘိုးအို မျက်လုံးဝေ့ကြည့်သည်။

"မင်းကိစ္စက ဘာကိစ္စလဲ ဘာမှအားမနာနဲ့နော်"

"ဟုတ်ကဲ့အဘိုး ကျွန်တော်သည်ကိုလာတာ ပစ္စည်းတစ်ခုကို ရှာဖွေဖို့ဆိုပါတော့ အဘိုး၊ ကျွန်တော်လိုက်ရှာတဲ့ပစ္စည်းဟာ စားကျိုးတစ်ချောင်းပါ"

အဘိုးအို တအံ့တဩဖြစ်နေစဉ် လင်းလျှံ ကြားဝင်ပြော လိုက်သည်။

"ဟုတ်ပါတယ်အဘိုး၊ သူလိုက်ရှာနေတာ စားတစ်ချောင်း ပါ၊ အဲသည်စားက ဘာစားလဲဆိုယင် စားကျိုးပါ အဘိုး"

"ဘာ စားကျိုးဟုတ်လား"

အဘိုးအိုက ကျယ်လောင်သောအသံဖြင့် မေးလိုက်လေ သည်။

ပြီးနောက် ဖျတ်လတ်စွာ မတ်တတ်ရပ်လိုက်သည်။

ထိုအခါ လင်းလျှံသည်လည်းကောင်း၊ ဖူးယို့သည်လည်းကောင်း အဘိုးအိုကို ကြည့်လိုက်မိတော့သည်။

အဘိုးအို၏အခြေအနေသည် ထူးခြားစွာ ပြောင်းလဲသွားသည်။

အဘိုးအို မေးကြောကြီးများ ထောင်တက်လာကာ မျက်ပေါက်ကျဉ်းသွားသည်။

"ငါ့ဆီမှာမရှိဘူး၊ ဘာစားမှမရှိဘူး"

အဘိုးအိုက ကျယ်ကျယ်လောင်လောင် အော်ပြောပါသည်။

အမှတ်တမဲ့ကြည့်လျှင် အဘိုးအို၏အသွင်သည် စိတ်မမှန်သည့်သူရူးတစ်ယောက်နှယ်ဖြစ်နေသည်။

သို့သော် ဖူးယို့သည် စိတ်ကိုတည်ငြိမ်အောင် ထားလိုက်ကာအဘိုးအိုအား ကြည့်လိုက်ပြီး...

"ကျွန်တော့်ကိုယုံပါ အဘိုး၊ ကျွန်တော် သည်ဓားကို သိပ်ပြီးစိတ်ဝင်စားနေလို့ပါ၊ အဘိုးရောင်းမယ်ဆိုယင် အဘိုးနှစ်သက်တဲ့လိုချင်တဲ့ အဖိုးအခပေးပြီး ဝယ်ဖို့အသင့်ပါ၊ တကယ်လို့ မရောင်းဘူးဆိုယင်လည်း သည်ဓားကို ကျွန်တော်ကြည့်ပါရစေအဘိုး"

အောက်ကျို့အသနားခံသောအကြည့်ဖြင့် ပြောလိုက်ပါသည်။

သို့ပါသော်လည်း အဘိုးကြီးက လုံးဝလက်ခံခြင်း မပြုပေ။

"ငါပြောနေပြီပဲ၊ ငါ့မှာဘာဓားမှမရှိဘူး၊ ရောင်းဖို့ဖယ်ထား ငါ့မှာပြဖို့လည်းမရှိဘူး၊ ငါ့မှာ ဘာမှမရှိဘူး"

ခါးသီးစွာ ငြင်းဆိုသည်။



ပြီးနောက် အဘိုးကြီး ထိုင်ရာမှ ဆတ်ခနဲထလိုက်ပါသည်။

ယင်းနောက် အိမ်ကလေးထဲသို့ ခပ်သုတ်သုတ် ဝင်သွားပါတော့သည်။

လင်းလျှံသည်လည်းကောင်း၊ ဖူးယို့သည်လည်းကောင်း ကြက်သေသေနေသည်။

ရုတ်တရက် အပြောင်းအလဲမြန်သော အဘိုးကြီး၏အသွင်က နားလည်ရခက်လှသည်။

အဘယ်ကြောင့် အဘိုးကြီး ဤမျှခါးသီးစွာ ငြင်းဆိုနေရပါသနည်း။

အားလုံး နားမလည်နိုင်အောင် ဖြစ်နေသည်။

သို့သော် အဘိုးကြီးနှင့် ပတ်သက်၍ နားလည်လိုက်ရသောအကြောင်းသည် တစ်စုံတစ်ရာသော လျှို့ဝှက်ချက်ရှိနေပြီ ဆိုခြင်းပင်။

အဘိုးကြီး ထသွားသည့်နောက် နှစ်ယောက်စလုံး ကျောက်ရုပ်တွေလို တွေတွေငေးငေးနှင့် ကြောင်နေကြသည်။

အတန်ကြာမှ သက်ဝင်လှုပ်ရှားလာသူက ဖူးယို့သာဖြစ်ပေသည်။

ဖူးယို့သည် သက်ပြင်းချလိုက်ပြီး တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက် လေးကန်စွာ ထိုင်ရာမှထလိုက်၏။

ဖူးယို့၏လှုပ်ရှားမှုမှာ မျက်နှာအသွင်အပြင်ကိုကြည့်ရုံနှင့်ဖူးယို့တစ်ယောက် အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားကြောင်းခန့်မှန်းရပေသည်။

လင်းလျံပင် အတော်ကလေး စိတ်လက်မကြည်မသာ ဖြစ်ရသည်။

ထိုင်ရာမှထလိုက်ကာ ဖူးယို့အနားတွင် ရပ်လိုက်လေသည်။

"ကျွန်မ စိတ်မကောင်းပါဘူးရှင်"

"ဘာတတ်နိုင်မလဲဗျာ၊ ညီမက ကျုပ်ကိုစေတနာအပြည့်နဲ့ကူညီခဲ့တာကိုပဲ ကျေးဇူးတင်လှပါပြီ ကျုပ်သွားမယ်"

ဖူးယို့သည် လင်းလျံကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက် မြင်းရှိရာသို့ ခြေလှမ်းကျဲကြီးဖြင့် ထွက်သွားလေသည်။

သို့သော်လည်း ဖူးယို့သည် မြင်းနားသို့မရောက်မီပင် ခြေလှမ်းကိုတုံ့ခနဲ ရပ်လိုက်ရပြန်သည်။

"အစ်ကို"

လင်းလျံသည် ဖူးယို့ရှိရာ အပြေးကလေးလိုက်လာသည်။

"ဘာများပြောစရာရှိလို့လဲ ညီမ"

ဖူးယို့က မေးလိုက်သည်။

"အစ်ကို သိပ်စိတ်မကောင်းဖြစ်သွားလားဟင် သည်ဓားကို ပြရမှာနဲ့ ပတ်သက်လို့ ဘိုးဘိုး ဘာဖြစ်လို့ သည်လောက်ခါးသီးနေတယ်ဆိုတာ ကျွန်မ မတွေးတတ်အောင်ပါပဲရှင်၊ စိတ်မကောင်းပါဘူး"

"ကျွန်တော့်ကို ကူညီခဲ့တဲ့ညီမကို ကျေးဇူးတင်နေတယ်ဆိုတာယုံပါ"

လင်းလျံ သက်ပြင်းချလိုက်သည်။

"သည်အတွက် ကျွန်မကူညီချင်တယ်၊ ဘိုးဘိုး သိပ်ပြီးစိတ်



ဆိုးမှာလည်း စိုးတယ်၊ ဒါပေမယ့် ကျွန်မကူညီပါ့မယ်"

"ဟင်"

"ည အုံးမောင်းသုံးချက်ခေါက်ယင် ချင်မင်ရွှမ်ဘုံကျောင်းကစောင့်နေပါ"

ထို့နောက် လင်းလျံသည် အိမ်ကလေးဆီသို့ ပြန်ပြေးသွားတော့သည်။

ဖူးယို့ ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

♣ ♣ ♣

လရောင်အောက်မှ လေတိုးသံနှင့်အတူ သစ်ရွက်ရိုက်ခတ်သံ၊ ငှက်အော်သံသည် ညဏ်တေးတစ်ပုဒ်အလားရှိနေ၏။

အချိန်ကား သန်းခေါင်ယံကူးစပြုပြီ ဖြစ်သည်။

လင်းလျှံသည် အိပ်ရာပေါ်တွင် လဲလျောင်းနေရာမှ ထလိုက်လေသည်။

ယခုအချိန်ထိ တမှေးမျှ မအိပ်ဖြစ်သေးပေ။ ,

ညည့်ယံကူးပြီဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်မှုများက စိုးမိုးနေသည်။

တစ်ချက်တစ်ချက် ကြားလိုက်ရသည့် သစ်ရွက်ရိုက်ခတ်သံ ငှက်အော်သံများကမူ သတ္တဝါကြီးတစ်ကောင် အော်ညည်းလိုက်သကဲ့သို့ ကျယ်လောင်စွာ ကြားနေရပါသည်။



လင်းလျှံသည် အသက်ကို ပြင်းပြင်းမရှူရဲပေ။

ခြေသံလုံလုံနင်းကာ အဘိုးဖြစ်သူ၏အခန်းနားသို့ ကပ်လာခဲ့သည်။

လင်းလျှံသည် တံခါးကို အသာဖွင့်ကာ အဘိုးအိုဖြစ်သူ လင်းချီအား ချောင်းကြည့်လိုက်ပါသည်။

အခန်းထဲတွင် အလင်းရောင်ပါးပါးသာရှိပြီး ငြိမ်သက်တိတ်ဆိတ်နေသည်။

သို့သော် တိတ်ဆိတ်မှုကြားမှ အသံတစ်သံသည် လေးလေးမှန်မှန်ပေါ်နေခဲ့၏။

လင်းချီ၏ ဟောက်သံကို ကြားလိုက်ရသည်။

လင်းလျှံ များစွာဝမ်းသာသွားသည်။

လင်းချီ နှစ်ခြိုက်စွာ အိပ်မောကျနေလေပြီ။

အဘိုး၏နံဘေးတွင် ချထားသည့်ဓားကို လှမ်းကြည့်ယင်း အကဲခတ်လိုက်သည်။

အခြေအနေသည် ထူးထူးခြားခြားမရှိချေ။

အဘိုးသည် နှစ်ခြိုက်စွာ အိပ်နေဆဲပင်ဖြစ်လေသည်။

လင်းလျှံ ခပ်သွက်သွက်လှုပ်ရှားလိုက်ရာ လက်ထဲသို့ ဓားရောက်လာတော့သည်။

အမှန်တော့ လင်းလျှံ အခန်းထဲကူးဝင်ခဲ့စဉ်တွင် အဘိုးနိုးနေခဲ့သည်။

လင်းလျှံ၏အခြေအနေကို အကဲခတ်နေခဲ့သည်။

ထင်သည့်အတိုင်းပင် လင်းလျှံ ဓားကိုခိုးယူခဲ့သည်။

ရုတ်တရက် နီးထဟန်ပြုရကောင်းနိုး စဉ်းစားပြီးမှအိပ်ဟန်ဆောင်မြဲဆောင်ခဲ့သည်။

ယခုမူ လင်းလျှံသည် ဓားကိုရယူသွားလေသည်။

အဘိုးအို သက်ပြင်းရှိုက်လိုက်လေသည်။

"လင်းလျှံ မင်းသိပ်မိုက်တယ်"

ဝမ်းနည်းစွာ ညည်းညူလိုက်သည်။

ဓားကျိုးနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်ရမည်ကို သူဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

♣ ♣ ♣



ည....။

လကွေးကွေးသာနေသည်။

နေရာကား ချင်မင်ရွှမ်ဘုံကျောင်း...။

ချင်မင်ရွှမ်ဘုံကျောင်းသည် 'ချင်မင်းဆက်' ကောင်းစားစဉ်အခါက တည်ဆောက်ခဲ့သည့် ဘုံကျောင်းဖြစ်သည်။

ချင်မင်ရွှမ်ဘုံကျောင်းကား ချင်မင်းဆက်၏ အနုလက်ရာများနှင့် ချင်မင်းဆက်၏ပြယုဂ်ဆိုလည်း မမှားပေ။

ချိန်းဆိုရာ ချင်မင်ရွှမ်ဘုံကျောင်းသို့ ဦးစွာရောက်လာသူကဖူးယို့ဖြစ်ပေသည်။

အအေးလွန်ကဲကာ လရောင်အောက်မှ နှင်းမှုန်များ ဝေ့ဝဲပြေးလွှားနေသည်ကို မြင်ရလေသည်။

ဖူးယို့က ချင်မင်ရွှမ်ဘုံကျောင်း၏ အရှေ့ဘက်မှောင်ရိပ်

တွင်ခိုကာ မှုန်ဝါးဝါးနှင်းပွင့်နှင့် လရောင်အောက်တွင် မပီပိုးတဝါး အရိပ်တစ်ခုမြင်လိုက်သည်။

အရိပ်ရှင်သည် ချင်မင်ရွှမ်ကျောင်းဆီသို့ ခပ်သုတ်သုတ်နှင့် လာနေပြီ။

ဖူးယို့သည် လင်းလျံသာဖြစ်မည်ဟု တထစ်ချယုံကြည်ထား လိုက်သည်။

အရိပ်ရှင်သည် ဝေးရာမှတဖြည်းဖြည်း နီးကပ်လာသည်။

လင်းလျံသည် အမောတကော ချင်မင်ရွှမ်ဘုံကျောင်းနား သို့အပြေးတပိုင်းလာနေ၏။

လင်းလျံ ချင်မင်ရွှမ်ဘုံကျောင်းရှေ့သို့ရောက်သည်နှင့်တ ပြိုင်နက် ဖူးယို့ မှောင်ရိပ်မှထွက်လိုက်သည်။

ဖူးယို့က ခရီးဦးကြိုပြုသည့်အနေနှင့် လင်းလျံ၏ ပျော့ ပျောင်းသောလက်ကလေးကို အသာအယာ ဆုပ်ကိုင်လိုက်လေ၏။

"အစ်ကို စောင့်နေတာ ကြာပြီလားဟင်"

ဖူးယို့ ဦးခေါင်းခါယမ်းပြီးမှ...

"မကြာသေးပါဘူး ညီမ၊ ဒါထက် ဓားယူလာခဲ့တယ် မဟုတ်လား"

"ယူခဲ့တယ်ရှင့်"

လင်းလျံက ဓားကို ဖူးယို့ထံကမ်းပေးလိုက်သည်။

ဖူးယို့ ဓားကိုအလောတကြီးယူလိုက်ကာ အလျှင်အမြန် ကြည့်လိုက်သည်။

ထိုစဉ် အသံတစ်ခုကြားလိုက်သဖြင့် နှစ်ယောက်သား လှမ်း



ကြည့်လိုက်သည့်အခါ ဝတ်စုံနက်ဝတ်လူတစ်ယောက်ကို လှမ်းမြင် လိုက်ရသည်။

ထိုဝတ်စုံနက်သည် မယုံကြည်နိုင်အောင် လျှင်မြန်လှသည်။

ဓားကို ဖြတ်ခနဲလုယူပြီး ဇွေ့ခနဲ တစ်ချက်ခုန်လိုက်လေ သည်။

"ဟာ"

ဖူးယို့ အံ့သြသွားလေသည်။

သူကား လင်းလျံနှင့်ဖူးယို့တို့ လုံးဝမျှော်လင့်မထားသည့် အဘိုးအိုလင်းချီဖြစ်နေသည်။

လင်းချီသည် လင်းလျံနှင့်ဖူးယို့နားတွင်ရပ်လိုက်သည်။

အဘိုးဖြစ်သူကို မြင်လိုက်ရသည့်အခါ လင်းလျံသည် ဝမ်း နည်းစိတ်ပိုကာ ကျုံ့ကျုံ့ပါအောင် ငိုချလိုက်လေတော့သည်။

♣ ♣ ♣

## ဆုံးဖြတ်ချက်

တိတ်ဆိတ်နေသောညတွင် လင်းလျှံ၏ငိုကြွေးသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

အဘိုးအို လင်းချီက ချော့မော့လိုက်သည်။

"တိတ်ပါ ငါ့မြေးရယ်၊ ငိုမနေပါနဲ့တော့ ငါ့မြေးအတွက် အကောင်းဆုံးဖြစ်အောင် ဘိုးဘိုးစီစဉ်ပေးပါ့မယ်"

လင်းလျှံ၏ငိုသံ ချက်ချင်းရပ်တန့်သွားလေသည်။

"ဘိုးဘိုး တကယ်ပြောတာလားဟင်"

"တကယ်ပေါ့ကွာ"

လင်းလျှံ၏မျက်နှာ ချက်ချင်းပြုံးရွှင်လာလေတော့သည်။



"ဒါဖြင့် ကျွန်မတောင်းဆိုတာ နှစ်ခုကို ဘိုးဘိုးလိုက်လျောရမယ်"

လင်းချီက...

"ငါ့မြေးက ဘာတွေများ တောင်းဆိုချင်လို့လဲ"

လင်းလျှံက လက်ညှိုးတစ်ချောင်းထောင်လိုက်သည်။

"ပထမအချက်က ဓားကျိုးကို အစ်ကိုဖူးယို့ကို ပေးလိုက်ရမယ်"

လင်းချီက ဖူးယို့အားလှမ်းကြည့်လိုက်လေသည်။

ဖူးယို့ မချိပြုံးပြုံးနေ၏။

သူက လင်းလျှံနှင့်ပတ်သက်ပြီး ဓားကျိုးကိုရယူဖို့ ကြိုးစားမိခဲ့သည် မဟုတ်ပါလား။

အညာလွယ်သလိုဖြစ်နေသော လင်းလျှံအား စည်းရုံးသိမ်းသွင်းကာ ရယူသည်ဟု လင်းချီအပြစ်တင်မှာကို ဖူးယို့စိုးရိမ်နေပုံရလေသည်။

လင်းချီက လင်းလျှံဘက်သို့ ပြန်လှည့်လိုက်သည်။

"ဒုတိယအချက်ကကော"

လင်းလျှံက...

"အစ်ကိုဖူးယို့နောက်ကို ကျွန်မလိုက်သွားတော့မယ်၊ ဘိုးဘိုးမတားရဘူးနော်"

"ဟား...ဟား...ဟား"

လင်းချီ တဟားဟားရယ်မောလိုက်သဖြင့် လင်းလျှံ ကမျာကယာနောက်ဆုတ်လိုက်လေသည်။

လင်းချိုကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်လိုက်သည်။

"ဘိုးဘိုး ဘာရယ်တာလဲဟင်"

"သဘောကျလို့ပေါ့ ငါ့မြေးရယ်"

"ကျွန်မအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမယ် ဆိုလို့ ကျွန်မလည်း ပြောလိုက်တာ"

"စိတ်ချ…ဘိုးဘိုးစီစဉ်ပေးမှာပါ၊ ကဲ ငါ့မြေးခဏနေဦး ဘိုးဘိုးသူနဲ့စကား ပြောလိုက်ဦးမယ်"

လင်းချို ရှေ့တိုးလိုက်ရာ လင်းလျံ နောက်ဆုတ်လိုက်လေသည်။

ဖူးယို့က မလှုပ်မယှက်ရပ်နေ၏။

သူ့ထံသို့လှမ်းလာနေသည့် လင်းချိုကို ငေးကြည့်နေသည်။

လင်းချိုက ဖူးယို့နှင့် လက်တစ်ကမ်းအကွာ၌ ခြေလှမ်းရပ်လိုက်လေသည်။

ဖူးယို့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"မင်းက ဓားကျိုးကိုလိုချင်တယ် ဟုတ်လား"

ဖူးယို့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

"အေး…ဘာကြောင့်လိုချင်ရတာလဲ ပြောစမ်းပါဦး"

ဖူးယို့က တည်ကြည်သောမျက်နှာထားဖြင့် ရှင်းပြ၏။

"ဓားကျိုးဟာ အင်မတန်အစွမ်းထက်တဲ့ ဓားတစ်လက်ဖြစ်တာကြောင့် ဓားကျိုးကိုရယင် သိုင်းလောကမှာ ထိပ်တန်းရောက်မယ်ဆိုတာ သိထားလို့ပါခင်ဗျာ"



လင်းချိုက….

"ဒါဆိုယင်တော့ မင်းမှားနေပြီထင်တယ်"

ဖူးယို့ မျက်မှောင်ကုပ်သွားလေသည်။

"ကျွန်တော် ဘာမျှားမှားနေတာလဲဗျာ"

လင်းချိုက…

"ဓားကောင်းတစ်လက်တုန်းကတောင် အသုံးမဝင်ဘဲ ဓားကျိုးဖြစ်သွားမှ ဘယ်လိုလုပ်ပြီး အသုံးဝင်မှာလဲ ပြောစမ်းပါဦး"

"ဒါက"

"ဓားကျိုးဟာ ဘာမှအသုံးမဝင်ဘူး၊ သူများပြောတာ မယုံနဲ့၊ ငါဟာ ဓားပိုင်ရှင်ပဲ ငါပြောတာထက် ဘယ်သူကပိုမှန်ဦးမှာလဲ"

ဖူးယို့ မချင့်မရဲဖြစ်သွားလေသည်။

"သိုင်းလောကမှာတော့ ဓားကျိုးဟာ ပြိုင်ဘက်ကင်းတဲ့ ဓားတစ်လက်လို့ သတင်းကြီးနေပါပြီခင်ဗျာ"

"ထင်ရာမြင်ရာ လျှောက်ပြောတဲ့စကားတွေကို မင်းကယုံကြည်နေတာကိုး"

"သည်လိုလည်း မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က.."

လင်းချိုသည် ဖူးယို့၏စကားဆုံးအောင် မစောင့်ဘဲ ကြားဖြတ်ပြောလိုက်လေသည်။

"မင်းက ငါ့မြေးအကြောင်းကိုကော ဘယ်လောက်သိလို့လဲ ပြောစမ်းပါဦး"

"ကျွန်တော်.."

"မင်း အခုမှသည်ကို ရောက်လာတာပဲကွ"

ဖူးယို့ ပါးစပ်ပိတ်ထားလိုက်လေသည်။

လင်းချိုသည် ပြောယင်း ဒေါသထွက်လာကြောင်း ထင်ရှား နေ၏။

"ငါမြေးဟာ ယဉ်ယဉ်လေးနဲ့ရူးသွပ်နေတဲ့ မိန်းကလေးတစ် ယောက်ဆိုတာ မင်းသိထားတယ် မဟုတ်လား၊ သူ့ကို ဖူးစာရှင် တစ်ယောက်က လာခေါ် လိမ့်မယ်လို့ ယုံကြည်နေတယ်ဆိုတာလည်း မင်းသိထားတယ် မဟုတ်လား"

ဖူးယို့ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် ဘာမှမသိပါဘူးဗျာ"

လင်းချိုက...

"မသိယင် ဘာကြောင့် သူနဲ့ရင်းနှီးအောင်လုပ်ပြီး ဓားကျိုး ကိုယူလာခိုင်းရတာလဲ ပြောစမ်းပါဦးကွ"

ဖူးယို့က...

"ကျွန်တော်က ဓားကျိုးကိုလာရှာတာ မှန်ပါတယ်၊ ဒါပေ မယ့်လင်းယျံအကြောင်းကို ဘာမှမသိပါဘူး၊ သူကပဲ ကျွန်တော်နဲ့ ရင်းနှီးမှုရအောင် ကြိုးစားပြီး၊ ဓားကျိုးယူလာပေးတာပါ"

"ဟား...ဟား...ဟား"

လင်းချို ဟားတိုက်ရယ်မောလိုက်လေသည်။

ဖူးယို့သည် အခြေအနေ မကောင်းတော့မှန်း ရိပ်မိ၍မသိ မသာ နောက်ဆုတ်လိုက်လေသည်။

လင်းချိုက....

"မင်းမှာနဂိုကတည်းက အကြံအစည်ရှိတယ်ဆိုတာ ငါရိပ်မိ ပါတယ်၊ ဓားကျိုးကို လွယ်လွယ်နဲ့ရမယ်ထင်ယင် မှားသွားမှာပေါ့"



စကားဆုံးလျှင် ဓားကျိုးကိုဝှေ့ယမ်းကာ စတင်တိုက်ခိုက် လိုက်လေသည်။

ဖူးယို့ ထိတ်လန့်သွားသည်။

ကပျာကယာ ဓားဆွဲထုတ်၍ခုခံလိုက်သည်။

"ခြွမ်း"

ဓားနှစ်လက် ပြင်းထန်စွာထိတွေ့မိကာ မီးပွင့်လေးများ ထွက်ပေါ်လာသည်။

ဓားကျိုးနှင့်ထိတွေ့မိသော ဖူးယို့၏ဓား ထက်ပိုင်းကျိုးသွား လေတော့သည်။

"ဟာ"

ဖူးယို့ အထိတ်တလန့် ဖြစ်သွားလေသည်။

"ဟား...ဟား...ဟား"

လင်းချို လှောင်ပြောင်ရယ်မောလိုက်သည်။

"မင်းက ဓားကျိုးလိုချင်တယ် မဟုတ်လား၊ အခု မင်းလက် ထဲမှာ ဓားကျိုးရောက်နေပြီလေကွာ"

ဖူးယို့ ဒေါပွသွားလေသည်။

"ခင်...ခင်ဗျား"

လင်းချို၏မျက်နှာ ခက်ထန်သွားသည်။

"အေး..ငါ့လက်ထဲက ဓားကျိုးကိုတော့ မင်းဘယ်တော့မှ မရဘူးမှတ်ထား၊ ငါ့ရဲ့ဓားကို ရယူဖို့ကြိုးစားလာယင် ငရဲပြည် သွားရလိမ့်မယ်ကွ"

ဓားကျိုးအား တဝီဝီမြည်အောင် ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

ဖူးယို့ ပြန်လည်ခုခံပါသော်လည်း လင်းချီအား မယှဉ်နိုင်အောင်ဖြစ်နေ၏။

အခြေအနေ မဟန်တော့သဖြင့် ထွက်ပြေးရှောင်တိမ်းသွားရန်ကြိုးစားလိုက်ရလေသည်။

သို့သော် လင်းချီက အလွတ်မပေးပါ။

"မင်း ဘယ်ပြေးမလဲ"

အနီးသို့ ရိပ်ခနဲ ရောက်လာပြီး တိုက်ခိုက်လိုက်လျှင်...

"အား"

ဖူးယို့ ဒဏ်ရာရကာ မြေပြင်ပေါ် လဲကျသွားတော့သည်။

လင်းချီကား ရှူးသွပ်နေသူတစ်ယောက်နှင့်ပင် တူနေပြီဖြစ်ပါသည်။

"ကဲကွာ...ကဲကွာ"

လဲကျနေသော ဖူးယို့အား ဓားဖြင့်တရစပ်ခုတ်ချလိုက်လေတော့သည်။

♣ ♣ ♣



ဖူးယို့ သွေးအိုင်ထဲလဲကျကာ အသက်ပျောက်နေပြီ ဖြစ်ပါသည်။

လင်းချီက သွေးစွန်းနေသော ဓားကျိုးကို လေထဲဝှေ့ယမ်းကာတဟားဟား ရယ်မောလိုက်လေသည်။

"ဓားကျိုးကို လိုချင်ယင် ငရဲပြည်မှာသွားစောင့်နေပေတော့"

ထို့နောက် လင်းလျံဘက်သို့ လှည့်လိုက်လေသည်။

လင်းလျံသည် ကျောက်ရုပ်အလား မလှုပ်မယှက်ဖြစ်နေသည်။

ဖူးယို့ကိုတလှည့် လင်းချီကိုတလှည့် မျက်လုံးကြီးပြူးကာကြည့်နေသည်။

လင်းချီက..

"သူသေသွားပြီ'

ဟုပြောလိုက်သည်။

လင်းလျံ ခေါင်းညိတ်လိုက်သည်။

လင်းချီက..

"အခု သူက ဓားကျိုးကိုလည်း ယူမသွားနိုင်တော့ဘူး၊ ငါ့မြေးကိုလည်း ခေါ်မသွားနိုင်တော့ဘူး"

လင်းလျံ ခေါင်းညိတ်လိုက်ပြန်သည်။

လင်းချီက...

"ငါ့မြေးက ဓားကျိုးအကြောင်း သူများတွေသိအောင်လျှောက်ပြောခဲ့တယ်"

"ဟုတ်...ဟုတ်ပါတယ် ဘိုးဘိုး"

"ဘိုးဘိုးက ငါ့မြေးကို တင်းတင်းကြပ်ကြပ် အုပ်ချုပ်ခဲ့တယ်လို့ထင်နေတယ်"

"ကျွန်မ.."

"ဘိုးဘိုးဟာ ငါ့မြေးဒုက္ခရောက်မှာ စိုးရိမ်လို့ ငါ့မြေး အမေလိုဖြစ်မှာစိုးရိမ်လို့ ဂရုစိုက်ခဲ့တာဆိုတာ နားလည်သင့်တာပေါ့"

လင်းလျံ ခေါင်းညိတ်လိုက်သည်။

"ကျွန်မ နားလည်ပါတယ် ဘိုးဘိုး"

"အေး...နားလည်တယ်ဆိုယင် ဘာကြောင့် ခုလိုလုပ်ရတာလဲ"

"ကျွန်မ...ကျွန်မ"

လင်းလျံ ထိတ်လန့်လာသည်။

မျက်ဝန်းတစ်စုံမှ မျက်ရည်များ စီးကျလာသည်။

ရုတ်တရက် လင်းချီအား ကျောခိုင်းကာ တဟုန်ထိုးပြေးထွက်သွားလေသည်။

လင်းချီ မဲ့ပြုံးပြုံးလိုက်သည်။

ခန္ဓာကိုယ် တစ်ချက်လှုပ်ရှားလိုက်ရာ လင်းလျံရှေ့သို့ရိပ်ခနဲရောက်သွားသည်။

လင်းချီ လမ်းပိတ်ထားလိုက်သဖြင့် လင်းလျံ ခြေလှမ်းတုန့်ခနဲရပ်သွားလေသည်။

လင်းချီက...

"ငါ့မြေး ထွက်ပြေးတော့မယ် ဟုတ်လား"



လင်းလျံ ခေါင်းငုံ့ထားလိုက်သည်။

လင်းချီ အလွန်ပမ်းနည်းကြေကွဲနေပါသည်။

"သမီးက ထွက်ပြေးသွားပြီး ဒုက္ခရောက်ခဲ့တယ်၊ အခုတစ်ခါမြေးက ထွက်ပြေးဦးမယ်"

သူ၏မျက်နှာတွင် ထူးခြားသော အရိပ်အယောင်များ ပေါ်ပေါက်လာပြီး ခေါင်းခါယမ်းလိုက်လေသည်။

"သည်လို အဖြစ်ဆိုးမျိုးတွေကို ဘယ်နည်းနဲ့မှ လက်မခံနိုင်တော့ပါဘူး"

သူက လင်းလျံအား စိုက်ကြည့်လိုက်သည်။

"ငါမြေး ဘိုးဘိုးကို စိတ်မဆိုးရဘူးနော်"

"ရှင်"

"ဘိုးဘိုးကို လွှင့်လွှတ်ရမယ်နော်"

လင်းလျံသည် အဘိုးဖြစ်သူကိုကြည့်ယင်း တစ်ကိုယ်လုံးတုန်တုန်ယင်ယင် ဖြစ်လာလေတော့သည်။

လင်းချီက...

"ငါ့မြေးသွားနှင့်ပါ၊ ဘိုးဘိုးလိုက်ခဲ့မယ်"

လင်းလျံ အခြေအနေကို နားလည်သဘောပေါက်လိုက်ပြီဖြစ်လေသည်။

သူမ ထွက်ပြေးလိုသော်လည်း လွတ်မြောက်နိုင်တော့မည်မဟုတ်ပါ။

ဓားကျိုး ကိုင်ထားသော လင်းချီလက်က ရိပ်ခနဲ အပေါ်မြောက်တက်သွားသည်ကို တွေ့လိုက်ရလေသည်။

ထို့နောက်...

"အမယ်လေး"

ရူးရူးဝါးဝါး အော်ဟစ်လိုက်သော လင်းလျှံ၏အသံနက်ကြီး ထွက်ပေါ်လာလေတော့သည်။

♣ ♣ ♣



ပန်းပဲဖိုသည်လည်းကောင်း၊ ပန်းပဲပစ္စည်းအရောင်းဆိုင်သည်လည်းကောင်း လူသူကင်းရှင်းကာ တိတ်ဆိတ်နေသည်။

အရောင်းဆိုင်ထဲ၌ အဘိုးအိုတစ်ယောက် ထိုင်နေ၏။

ဖူးယို့ ကူညီခဲ့သော အဘိုးအိုမဟုတ်ပါ။

အခြားအဘိုးအိုတစ်ယောက် ဖြစ်သည်။

ပန်းပဲဖိုပိုင်ရှင် ပန်းပဲဆရာသံတူ(ဝါ) မုံစန်းဖြစ်ပါသည်။

မုံစန်းက မလှုပ်မယှက်ထိုင်ယင်း ဆိုင်အပေါက်ဝသို့ ငေးကြည့်နေ၏။

ဆိုင်ထဲဝင်လာသူ မရှိပါ။

မည်သူကမျှ ပစ္စည်းအပ်နှံခြင်း၊ လာရောက်ဝယ်ယူခြင်းမရှိတော့ပါ။

သံတူ၏ပန်းပဲဖိုမှ လက်စွမ်းပြထုလုပ်ထားသောဓား ထက်ပိုင်းကျိုးသွားသည့် သတင်းထွက်ပေါ်လာပြီးနောက် သံတူ၏ ပန်းပဲ

ဖိုမှပစ္စည်းများကို မည်သူမျှမသုံးကြတော့ချေ။

ထို့ကြောင့် ပန်းပဲပစ္စည်းရောင်းသည့် တာဝန်ယူသည့် အဘိုးအိုသည်လည်း အလုပ်ထွက်ကာ ရွာပြန်တော့မည်ဖြစ်၍ မုံစန်းကိုယ်တိုင် ရောက်လာရခြင်းဖြစ်လေသည်။

မုံစန်းသည် ဓားကျိုးနှင့်ပတ်သက်ပြီး အလွန်စိတ်ထိခိုက်နေပါသည်။

ပန်းပဲဖိုလုပ်ငန်းကိုပင် စွန့်လွှတ်ရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

တစ်သက်လုံးနာမည်ရခဲ့ပြီးမှ ဓားကျိုးကြောင့် သိက္ခာကျခဲ့ရပြီ မဟုတ်ပါလား။

ရုတ်တရက် ခြေသံများထွက်ပေါ်လာသည်။

လူတစ်ယောက် ဆိုင်ထဲလှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူ၏ တစ်ကိုယ်လုံးသွေးများပေကျံကာ လက်ထဲ၌လည်းသွေးစွန်းနေသော ဓားတစ်လက်ကို ကိုင်ဆောင်ထားလေသည်။

"ဟာ"

မုံစန်း သတိဝင်လာပြီး လွှက်ခနဲ အော်လိုက်မိလေသည်။

ထိုင်ရာမှလည်း ငေါက်ခနဲ ထလိုက်မိလေသည်။

ဝင်လာသူမှာ လင်းချီဖြစ်ပါသည်။

မုံစန်း မျက်လုံးပြူးကာ မေးလိုက်သည်။

"လင်းချီ ခင်ဗျားဘယ်လိုဖြစ်လာတာလဲ"



လင်းချီက စားပွဲပေါ်သို့ သွေးစွန်းနေသော ဓားကျိုးကိုတင်လိုက်သည်။

"ခင်ဗျား စီရင်ခဲ့တဲ့ဓား ခင်ဗျားလက်ထဲ ပြန်အပ်လိုက်တာပဲ"

"ဓားကျိုးက..."

"ဟုတ်တယ် ဓားကျိုးဟာ သွေးစွန်းသွားပြီးတဲ့နောက် မကောင်းဆိုးဝါးဝိဉာဉ်တွေ ပူးကပ်သွားပြီး ကျုပ်တို့မျှော်လင့်ထားသလို ပြိုင်ဘက်ကင်းတဲ့ ဓားတစ်လက်ဖြစ်သွားပြီဗျ"

မုံစန်း နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

လင်းချီက...

"ကျုပ်က ဓားကောင်းတစ်လက်လိုချင်တာပဲ သိခဲ့တယ်၊ နောက်ဆက်တွဲပြဿနာတွေ ပေါ်ပေါက်လာမှာကို မတွေးမိခဲ့ဘူး"

မုံစန်းက...

"မိတ်ဆွေကြီး ခင်ဗျားဘာတွေ ဖြစ်လာတာလဲဗျာ၊ ကျုပ်ကိုပြောပြစမ်းပါဦး"

လင်းချီ ခေါင်းခါယမ်းလိုက်သည်။

"ခုချိန်မှာ ပြောစရာဘာမှ မရှိတော့ပါဘူးလေ၊ ဓားကျိုးဟာပြိုင်ဘက်ကင်းတဲ့ ဓားကောင်းတစ်လက်ဖြစ်သွားပြီဆိုတာကလွဲလို့ပေါ့လေ"

မုံစန်း နားမလည်နိုင်အောင် ဖြစ်နေသည်။

လင်းချီက...

"ဓားကျိုးကို မသမာသူတွေလက်ထဲ ရောက်မသွားအောင်

ဂရုစိုက်ပါဗျာ”

ထို့နောက် ချာခနဲ လှည့်ကာ ဆိုင်ထဲမှပြန်ထွက်သွားလေတော့သည်။

“မိတ်ဆွေကြီး”

မုံစန်း ဟန့်တားသော်လည်း မရတော့ချေ။

သို့သော် မကြာမီ အချိန်အတွင်းမှာပင် လင်းချီကိုယ့်ကိုကိုယ်အဆုံးစီရင်သွားသည့်သတင်းကိုလည်းကောင်း၊ ဖူးယို့နှင့်လင်းလျံတို့၏သတင်းဆိုးကိုလည်းကောင်း ကြားသိလိုက်ရလေသည်။

မုံစန်းသည် ပန်းပဲဖိုနှင့် အရောင်းဆိုင်ကို လုံးဝပိတ်ပစ်လိုက်ပြီး ဓားကျိုးနှင့်ပတ်သက်၍ ခုံကျူးရသေ့ထံသွားရောက် တွေ့ဆုံရန် ဆုံးဖြတ်လိုက်လေတော့သည်။

♣ ♣ ♣ •

## ညှို့ဖွက်ချက်

အခန်းတွင်း၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေသည်။

မိန်စင်းယိသည် ဓားကျိုးနှင့်ပတ်သက်ပြီး ပုံပြင်ဆန်လှသောကိစ္စတစ်ခုကို ပြောပြခဲ့လေသည်။

ယွဲ့ဖိန်းကော မုယုံကျင်းပါ စိတ်ဆင်းရဲသွားကြသည်။

သို့သော် မိန်စင်းယိ၏စကားသည် မရှင်းမလင်းဖြစ်နေသည်ဟု နားလည်ထားလေသည်။

ယွဲ့ဖိန်းက…

“သိုင်းဆရာလင်းချီဟာ ထင်ရှားတဲ့သိုင်းသမားတစ်

ယောက်ဆိုတာကော ဖူးယို့ဟာ နာမည်ရလာတဲ့ လူငယ်သိုင်းသမား တစ်ယောက်ဆိုတာကော ကျုပ်ကြားဖူးထားပါတယ်"

မုယုံကျင်း ဘာမှမပြောပါ။

စစ်လိန်တောင်မှဆင်းလာပြီး သိုင်းလောက၌ ကျင်လည်ကျက်စားရန် အားခဲထားသော်လည်း ယွဲ့ဖိန်းနှင့်အဆင်မပြေဖြစ်ခဲ့ခြင်းကြောင့် ဇာတိကျေးရွာသို့ပြန်ခဲ့သည်။

ထို့ကြောင့် သိုင်းလောကအကြောင်း ဆရာရသေ့ပြောပြထားသည်မှလွဲပြီး အခြားဘာမှမသိပါချေ

ယွဲ့ဖိန်းကား မုယုံကျင်းနှင့် လမ်းခွဲပြီးနောက်သိုင်းလောက၌ အနည်းနှင့်အများဆိုသလို ကျင်လည်ကျက်စားခဲ့ပေသည်။

ထို့ကြောင့် မုယုံကျင်းထက်စာလျှင် ယွဲ့ဖိန်းက သိုင်းလောကအကြောင်းပို၍ သိနေလိမ့်မည် ဖြစ်လေသည်။

ယွဲ့ဖိန်း စကားဆက်လိုက်သည်။

"သိုင်းဆရာလင်းချီနဲ့ လူငယ်သိုင်းသမားဖူးယို့တို့ ပတ်သက်ခဲ့ကြတာကိုတော့ မင်းပြောမှသိရတာ၊ စားကျီးပိုင်ရှင်အစစ်ဟာ သံတူမဟုတ်ဘဲ လင်းချီဖြစ်တယ်ဆိုတာကောပေါ့လေ"

မိန်စင်းယိက...

"ကျွန်မစကားကို မယုံယင် ပန်းပဲဆရာသံတူနဲ့တွေ့တဲ့အခါ မေးကြည့်နိုင်ပါတယ်ရှင်"

ယွဲ့ဖိန်း ခေါင်းခါယမ်းလိုက်သည်။

"မယုံကြည်လို့မဟုတ်ပါဘူး၊ ကျုပ်နားထောင်ရတာ မရှင်းမလင်းဖြစ်နေတယ်"



"ရှင်ဘာတွေ မရှင်းလို့လဲ၊ ကျွန်မ သေသေချာချာရှင်းပြမယ်လေ"

"ကျုပ်မရှင်းတာက သိုင်းဆရာလင်းချီနဲ့သူ့ရဲ့မြေးမလေး လင်းလျံအကြောင်းပဲ"

"ဪ"

"လင်းလျံက ဖူးယို့ကိုတွေ့တာနဲ့ ချက်ချင်းခင်မင်ရင်းနှီးအောင် ကြိုးစားတဲ့အပြင် စားကျီးကိုပါ ခိုးယူပေးတာ သိပ်ကို..."

ယွဲ့ဖိန်း၏စကားမဆုံးမီ မိန်စင်းယိက ကြားဖြတ်ပြောလိုက်လေသည်။

"လင်းလျံဟာ အဘိုးဖြစ်သူရဲ့ တင်းကြပ်တဲ့စည်းကမ်းအောက်မှာ နေထိုင်ခဲ့ရတာကြောင့် လှောင်ချိုင့်ထဲက ငှက်ငယ်လေးလိုဖြစ်နေတယ်၊ သူမ အပြင်လောကကို ထွက်ပြေးသွားချင်တယ်၊ တစ်ယောက်ယောက်က သူ့ကိုကူညီနိုင်လိမ့်မယ်လို့ ယုံကြည်နေတယ်ရှင့်"

ယွဲ့ဖိန်းက...

"သူ့ကိုလင်းချီက ဘာကြောင့် တင်းကြပ်ထားရတာလဲ၊ သူကကော ဘာကြောင့်စိတ်မနှံ့ဘဲ ယဉ်ယဉ်လေးရူးသွားရတာလဲ"

မုယုံကျင်း ပြုံးလိုက်သည်။

ယွဲ့ဖိန်းက မိန်စင်းယိ၏ပုံပြင်မှ မရှင်းလင်းသည့်အချက်များကိုထောင့်စေ့အောင် မေးနေခြင်းဖြစ်ကြောင်း နားလည်မိသည်။

မိန်စင်းယိပြောသည့် ပုံပြင်မှာ သူတို့အတွက်ရေးပါသောကိစ္စဟုမဆိုနိုင်ပါ။

ဓားကျိုးနှင့်ပတ်သက်ပြီး ပြည့်ပြည့်စုံစုံသိထားရမည် မဟုတ်ပါလား။

မိန်စင်းယိလည်း ပြုံးလိုက်သည်။

"ရှင်ဟာ သူဌေးသားတစ်ယောက်နဲ့ မတူဘဲ မင်းမှုထမ်းတစ်ယောက်နဲ့ တူနေပြီ၊ လင်းလျံကို သူ့အဘိုးလင်းချီက တင်းကြပ်ထားတာ တခြားကြောင့်မဟုတ်ပါဘူး၊ သူ့အမေ လင်းလင်းကြောင့်ပါရှင်"

ယွဲ့ဖိန်း ရယ်မောလိုက်လေသည်။

"မင်းပြောတာ လင်းလင်းဆိုတဲ့ အမျိုးသမီးတစ်ယောက် ပေါ်လာပြန်ပြီ"

မိန်စင်းယိက....

"လင်းလင်းဟာ အရေးကြီးတဲ့လူတစ်ယောက်ဆိုတာ ရှင်နောက်ပိုင်းမှာ သိလာပါလိမ့်မယ်ရှင်"

"ထားပါတော့လေ"

"သိုင်းဆရာလင်းချီဟာ သူ့သမီးလင်းလင်းကို သိပ်ချစ်တာရှင့်၊ အစစအရာရာ အလိုလိုက်ထားခဲ့တယ်၊ လင်းလင်းဟာ ချောမောလှပတဲ့ အမျိုးသမီးဖြစ်လို့ လက်ထပ်ချင်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေတာပေါ့၊ ဒါပေမယ့် လင်းလင်းဟာ လူဆိုးကြီးတစ်ယောက်ကိုမှ တမ်းတမ်းစွဲဖြစ်ပြီး သိုင်းဆရာလင်းချီဆုံးမတာကို လက်မခံဘဲ လူဆိုးကြီးနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားတယ်လေ"

တစ်ချိန်လုံး တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေသော



မုယုံကျင်း သက်ပြင်းချလိုက်လေသည်။

မိန်စင်းယိ၏ပုံပြင်သည် တစ်စထက်တစ်စ ရှုပ်ထွေးလာပြီဖြစ်ကြောင်း နားလည်လိုက်သည်။

သို့သော် ဘာမှမပြောဘဲ စိတ်ရှည်လက်ရှည် နားထောင်နေလိုက်လေသည်။

မိန်စင်းယိက...

"လူဆိုးကြီးနောက်ကို လိုက်သွားပြီး သုံးလေးနှစ်လောက်ကြာတော့ လင်းလင်းဟာ သမီးလေးတစ်ယောက်ကို လက်တွဲပြီး အိမ်ပြန်ရောက်လာတယ်၊ လူဆိုးကြီးက စွန့်ပစ်လိုက်လို့ စားရမဲ့သောက်ရမဲ့ဘဝရောက်နေပြီး ကျန်းမာရေးလည်း ချို့ယွင်းနေပြီ၊ လင်းလင်းဟာ သမီးလေးလင်းလျံကို ဖခင်ကြီးလက်ထဲအပ်ပြီး သေဆုံးသွားခဲ့တယ်လေ"

ယွဲ့ဖိန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်သဘောပေါက်ပြီ၊ လင်းချီဟာ လင်းလျံကို သူ့အမေလိုဖြစ်မှာကို စိုးရိမ်ပြီး တင်းကြပ်ခဲ့တာမဟုတ်လား"

"မှန်ပါတယ်ရှင်၊ လင်းလျံဟာ ငယ်စဉ်ကတည်းက ဒုက္ခအမျိုးမျိုးကြုံတွေ့ခဲ့တော့ စိတ်ထိခိုက်လွန်းလို့ သူ့ရဲ့စိတ်တွေ မှုမမှန်တော့ဘူးလေ၊ ဒုက္ခရောက်ရတဲ့ဘဝက ကယ်တင်မယ့်လူရှိယင် သိပ်ကောင်းမယ်လို့ မျှော်လင့်ထားတာ"

လင်းလျံက ဖူးယို့သည် မျက်နှာစိမ်းလူစွယ်တစ်ဦးဖြစ်ပြီး သူမကသာ ကူညီနိုင်လျှင် သူမအားပြန်၍ကူညီမည်ဟု ယုံကြည်ခဲ့ပုံရသည်ဟု ထင်ရလေသည်။

"ဖူးယို့က ဓားကျိုးအကြောင်း ဘယ်လိုလုပ်သတင်းရသွားတာလဲ ပြောပါဦး"

ယွဲ့ဖိန်းက မေးလိုက်လေသည်။

မိန်စင်းယိက...

"သည်ကိစ္စကိုလည်း ရှင်းရှင်းလင်းလင်း ဖြစ်ဦးမှာမဟုတ်ဘူးဆိုတာ ကျွန်မသဘောပေါက်ပါတယ်ရှင်"

သူမသည် ဓားကျိုးနှင့်ပတ်သက်ပြီး ထပ်မံရှင်းပြလိုက်လေသည်။

"သိုင်းဆရာလင်းချီဟာ အင်မတန်ရှားပါးတဲ့ 'သံ'ကောင်းသုံးမျိုးကိုပေါင်းစပ်ပြီး ပြိုင်ဘက်ကင်းတဲ့ဓားတစ်လက် ထုလုပ်ဖို့ကြိုးစားခဲ့တယ်၊ 'မုံစန်း' ဆိုတဲ့လူဟာ ပန်းပဲလုပ်ငန်းမှာ ပြိုင်ဘက်မရှိကျော်ကြားတယ်၊ သူ့ရဲ့ပန်းပဲဖိုက ထွက်တဲ့ဓားလှံလက်နက်ပစ္စည်းတွေကို သိုင်းလောကသားတွေ အင်မတန်ကြိုက်နှစ်သက်ကြတယ်"

ယွဲ့ဖိန်းက...

"ကျုပ်အဘိုးကလည်း ပန်းပဲဆရာ'မုံစန်း' သံတူတစ်လက်ကိုင်ပြီး မွေးလာသလားထင်ရအောင် ပန်းပဲပညာမှာ ပြိုင်ဘက်မရှိကျွမ်းကျင်တယ်လို့ ချီးကျူးပြောဆိုဖူးပါတယ်"

မိန်စင်းယိ၏စကားကို ထောက်ခံပြောဆိုလိုက်လေသည်။

မိန်စင်းယိ ကျေနပ်သွားသည်။

"ဖြစ်ချင်တော့ သိုင်းဆရာလင်းချီနဲ့ပန်းပဲဆရာသံတူဆိုတဲ့ မုံစန်းတို့ဟာ တစ်မြို့ထဲနေထိုင်ပြီး ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေဖြစ်နေကြတယ်၊ ဒါနဲ့ပဲ လင်းချီက သံတူဆီမှာ 'သံ'သုံးမျိုးပေးပြီး ဓားတစ်



လက်ထုလုပ်ခိုင်းခဲ့တယ်"

ယွဲ့ဖိန်းက...

"သံတူက ထုလုပ်ပေးခဲ့ပေမယ့် မျှော်လင့်သလို ဓားကောင်းတစ်လက်ဖြစ်မလာဘူးလို့ မင်းပြောပြခဲ့ပြီးပါပြီ"

"ဟုတ်ပါတယ်ရှင်၊ သံတူက ကြိုးစားပြီး အကောင်းဆုံးဖြစ်အောင်ထုလုပ်ပေးခဲ့ပေမယ့် မျှော်လင့်သလိုဖြစ်မလာခဲ့ဘူး၊ လင်းချီလက်ထဲအပ်လိုက်တော့ လင်းချီက လက်တွေ့စမ်းသပ်ကြည့်တဲ့အခါ ထက်ပိုင်းကျိုးသွားခဲ့တယ်လေ"

"သံတူ နာမည်ပျက်သွားတာပေါ့နော်"

"ဒါပေါ့ လင်းချီ အကြီးအကျယ် စိတ်ဆိုးသွားတယ်၊ သံတူက ကောင်းအောင်ပြန်ပြီးပြုပြင်ပေးပါ့မယ်လို့ ကတိပေးပြီး ဓားကျိုးကိုပြုပြင်ခဲ့တယ်၊ ဒါပေမယ့် ဘယ်လိုလုပ်စိတ်တိုင်းကျနိုင်တော့မှာလဲရှင်"

"လင်းချီကကော ဘာပြောသေးသလဲ"

"လင်းချီက သံတူ ဘာလုပ်ပေးနိုင်မလဲ၊ စောင့်ကြည့်ပြီး ဘာမှထူးခြားမလာတော့ စိတ်ပျက်ပြီး လှည့်ကိုမကြည့်တော့ဘဲ မေ့ထားလိုက်တော့တာ၊ သံတူက အမျိုးမျိုးကြိုးစားလို့ မအောင်မြင်တဲ့အဆုံးလက်လျှော့လိုက်တယ်လေ၊ ဓားကျိုးကို ပန်းပဲပစ္စည်းရောင်းတဲ့ဆိုင်မှာ အမှတ်တရ ချိတ်ဆွဲထားလိုက်တာ"

မိန်စင်းယိက သံတူ၏သဘောထားကို သုံးသပ်လိုက်လေသည်။

"သံတူဟာ ပန်းပဲပညာပြိုင်ဘက်ကင်းတယ်၊ သူ့ရဲ့လက်

ရာတိုင်းကို လူတိုင်းချီးမွမ်းရတယ်၊ ဒါပေမယ့် သူ့ဘဝမှာအပင်ပန်းခံပြီးကြိုးစားအားထုတ်ခဲ့ရတဲ့ ဓားကျိုးကျမှ အရှက်ကွဲစရာဖြစ်ခဲ့ရတာကို သံဝေဂရပြီး၊ အမြဲတမ်းချီးမွမ်း မခံရဘူး၊ ကွဲ့ရဲ့ခံရစရာမျိုး ဖြစ်တတ်တယ်ဆိုတာ သတိရှိနေအောင်၊မြင်သာထင်သာတဲ့နေရာမှာ ချိတ်ဆွဲထားခဲ့တာ"

ယွဲ့ဖိန်းက....

"ဒါထက် ဓားကျိုးက လင်းချီလက်ထဲ ဘယ်လိုလုပ်ပြန်ရောက်သွားတာလဲ"

မိန်စင်းယိက...

"လင်းချီဟာ 'သံ' သုံးမျိုးရထားတော့ ဓားကောင်းတစ်လက်ထုလုပ်မယ်လို့ ဆုံးဖြတ်ထားတာ လူတွေသိကြတယ်၊ ဒါပေမယ့် ထင်သလိုဖြစ်မလာတော့ ရှက်စရာကောင်းနေတာပေါ့၊ ပန်းပဲပစ္စည်းအရောင်းဆိုင်မှာ ချိတ်ဆွဲထားလို့ လူတွေမြင်တိုင်း သူ့အတွက်သိက္ခာကျစရာဖြစ်နေတယ်၊ ဒါနဲ့ သံတူဆီက ပြန်တောင်းယူသွားတာ"

ယွဲ့ဖိန်း ကျေနပ်သွားသည်။

"သည်လောက်ဆို အတော်ရှင်းသွားပါပြီ၊ ဒါပေမယ့် ကျုပ်သိချင်သေးတာက"

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်ခြင်းကြောင့် မိန်စင်းယိက...

"ဖူးယို့အကြောင်းလား"

"ဟုတ်တယ်"



"ဖူးယို့ဟာ သိုင်းလောကမှာ နာမည်ရလာပေမယ့် လူကောင်းတစ်ယောက်တော့ မဟုတ်ဘူး၊ သူဟာ လူကောင်းတစ်ယောက်အဖြစ် ဟန်ဆောင်ထားတဲ့ လူဆိုးတစ်ယောက်ပဲရှင့်"

"ဩော်"

"သူ့ဆရာကိုယ်တိုင်က လူဆိုးကြီးဖြစ်နေတယ်လေ"

ယွဲ့ဖိန်းက မိန်စင်းယိကို စိုက်ကြည့်လိုက်သည်။

"မင်းက ဖူးယို့ရဲ့ဆရာအကြောင်း သိနေတယ် ဟုတ်လား"

မိန်စင်းယိ ပြုံးလိုက်သည်။

"ဖူးယို့ရဲ့ဆရာဟာ လင်းချီရဲ့သမီး၊ လင်းလျံရဲ့အမေလင်းလင်း အားကိုးတကြီး လိုက်သွားမိတဲ့ လူဆိုးကြီးပေါ့"

ယွဲ့ဖိန်း ပခုံးတွန့်လိုက်သည်။

"သူက လင်းချီက ဓားကောင်းတစ်လက်ထုလုပ်ထားတယ်ဆိုတာသိလို့ တပည့်ဖြစ်တဲ့ ဖူးယို့ကိုလွှတ်လိုက်တာပဲ၊ ဖူးယို့ကလည်း လင်းလျံအကြောင်းကို သိထားတော့ တကယ့်ကိုရိုးသားတဲ့လူ ဟန်ဆောင်ပြီး ချဉ်းကပ်ခဲ့တာ"

ယွဲ့ဖိန်း အပြစ်တင်လိုက်သည်။

"ဒါဖြင့် လူဆိုးကြီးက တော်တော်ဆိုးတာပေါ့၊ လင်းလင်းတို့သားအမိနှစ်ယောက်စလုံးကို ဒုက္ခပေးခဲ့တာပဲ"

"ဒါတင် ဘယ်ကမလဲရှင်၊ သိုင်းဆရာလင်းချီလည်း သူ့ကြောင့်သေသွားရတာပဲ"

"ကျုပ်က အဲသည်လူဆိုးကြီးကိုတွေ့ယင် ဆုံးမလိုက်မှာပဲ"

မိန်စင်းယိ ရယ်မောလိုက်သည်။

"ရှင်ဆုံးမရမှာပါ၊ မပူပါနဲ့ရှင်"

ယွဲ့ဖိန်းက...

"မင်းရဲ့စကားက သူ့ကိုသိနေသလိုပါပဲလား"

မိန်စင်းယိ ပြုံးလိုက်သည်။

"သေချာတာပေါ့ရှင်"

"ကောင်းပြီ...သူဘယ်သူလဲဆိုတာ ပြောစမ်းပါဦး"

"ဘယ်သူရှိရမလဲ ဝူကျူးရိပေါ့ရှင်"

"ဟင်"

ယွဲ့ဖိန်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မုယုံကျင်းကိုလည်း လှမ်းကြည့်လိုက်လေသည်။

မုယုံကျင်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေလေသည်။

"နောက်ဆုံးတော့လည်း အရာရာအားလုံးက ဝူကျူးရိကိုပဲညွှန်ပြနေတာပါပဲလား"

ယွဲ့ဖိန်း မှတ်ချက်ချလိုက်သည်။

မိန်စင်းယိက...

"ဝူကျူးရိဟာ အမှောင်ရာဇာကြီးတစ်ယောက်ပဲမဟုတ်လား ရှင်၊ တစ်နေ့ကျယင် သိုင်းလောကတစ်ခုလုံး သူ့ကိုဦးညွှတ်ရမှာပဲရှင့်"

ယွဲ့ဖိန်းက...

"မင်းကိုကြည့်ရတာ ဝူကျူးရိကို တော်တော်အထင်ကြီးနေပုံရတယ်"



မိန်စင်းယိ ပြုံးလိုက်သည်။

"ကျွန်မက လူအတော်များများနဲ့ တွေ့ဆုံဆက်ဆံခဲ့ရပါတယ်၊ ဒါပေမယ့် ဝူကျူးရိလောက် အရည်အချင်းရှိတဲ့လူစားမျိုး မတွေ့ရသေးဘူး၊ ဒါကြောင့် အထင်ကြီးမိတာပါရှင်"

"သူဟာ လူကောင်းတစ်ယောက်မှ မဟုတ်လာ"

"လူကောင်းပဲဖြစ်ဖြစ် လူဆိုးပဲဖြစ်ဖြစ် သူများထက်ပိုပြီး ထူးချွန်ထက်မြက်တဲ့လူတစ်ယောက်ကို ချီးကျူးရမှာပဲ မဟုတ်လားရှင်"

ယွဲ့ဖိန်း ခေါင်းခါယမ်းလိုက်သည်။

"မင်း မှားနေပြီ"

"ဩော် ကျွန်မ ဘယ်လိုမှားနေတာလဲ ပြောပါဦးရှင်"

"ဝူကျူးရိထက်ပိုပြီးတော်တဲ့လူ တစ်ယောက်ရှိနေလို့ပေါ့"

မိန်စင်းယိက...

"ဘယ်သူလဲ ရှင်လား"

ယွဲ့ဖိန်းက...

"ကျုပ်က ပမွှားလေးတစ်ယောက်ပါဗျာ"

"ဒါဖြင့်.."

"ကျုပ်ရဲ့ပညာသင်ဘက် သွေးသောက်ညီအစ်ကိုမုယုံကျင်းပါ"

မုယုံကျင်းအား ညွှန်ပြလိုက်သည်။

တဖန်...

"သူက ကျုပ်နဲ့ပညာအတူသင်ခဲ့ပေမယ့် ကျုပ်ထက်ပိုတော်

တယ်၊ ဝူကျူးရိကို သူဆုံးမလိမ့်မယ်”

ဟုထပ်ပြောလိုက်သည်။

မိန်စင်းယိ အားရပါးရ ပြုံးလိုက်သည်။

“ရှင်က သူ့ရဲ့ကောင်းတစ်ယောက်ကိုး၊ ချီးကျူးပါတယ်ရှင်၊ ဝူကျူးရိကိုသာ ရှင်ဆုံးမနိုင်မယ်ဆိုယင် ကျွန်မရှင့်ကို တော်တော်အထင်ကြီးမိမှာ သေချာပါတယ်”

မုယုံကျင်းသည် မိန်စင်းယိနှင့် စတင်ဆုံတွေ့ချိန်မှစ၍ ပထမဦးဆုံး စကားတစ်လုံးပြောလိုက်သည်။

“ကျေးဇူးတင်ပါတယ်ဗျာ”

မိန်စင်းယိက..

“ရှင်တို့နှစ်ယောက်ကို မိတ်ဖြစ်ဆွေဖြစ် ကျွေးမွေးပြုစုပါရစေရှင်”

သူမသည် အိမ်ဖော်များခေါ်ကာ စားသောက်ဖွယ်ရာများ ထပ်မံပြင်ဆင်ခိုင်းသော်လည်း မုယုံကျင်းတို့က စားသောက်ခြင်းမပြုကြချေ။

“ကျုပ်တို့ ရွှင်ပျော်ပျော်စားသောက်ဆိုင်မှာ စားသောက်ပြီးစီးခဲ့ကြပြီမို့ မစားတော့ပါဘူးဗျာ၊ ခုလိုဧည့်ခံတဲ့အပြင် ကျွေးမွေးပြုစုတာကို ကျေးဇူးတင်ပါတယ်”

မိန်စင်းယိ စိတ်မကောင်းဖြစ်သွားလေသည်။

“ကျွန်မ အဆိပ်ခတ်ထားမှာကို စိုးရိမ်လို့လားရှင်၊ ရှင်တို့ကို ကျွန်မဒုက္ခမပေးပါဘူးရှင်”

မုယုံကျင်းက...



“ကျုပ်တို့ကို ကျွေးမွေးတာထက် ဓားကျိုးအကြောင်း ဆက်ပြီးရှင်းပြတာက ပိုပြီးကျေးဇူးတင်စရာကောင်းမှာပါဗျာ”

မိန်စင်းယိ မျက်မှောင်ကုပ်သွားလေသည်။

“ကျွန်မက ဓားကျိုးနဲ့ပတ်သက်ပြီး အားလုံးရှင်းပြပြီးပြီမဟုတ်လားရှင်”

မုယုံကျင်းက...

“သိုင်းဆရာလင်းချီ၊ ဖူးယို့နဲ့လင်းလျံတို့အကြောင်းက ရှင်းရှင်းလင်းလင်း ဖြစ်သွားပါပြီ၊ ဒါပေမယ့် ပန်းပဲဆရာသံတူအကြောင်းကိုသိရဦးမှဖြစ်မယ်ထင်တယ်”

ယွဲ့ဖိန်း ထောက်ခံလိုက်သည်။

“ဟုတ်သားပဲ၊ လင်းချီက ဓားကျိုးကို သံတူရဲ့လက်ထဲအပ်လိုက်ပြီးတဲ့နောက် သံတူဟာ သူ့ရဲ့ပန်းပဲဖိုနဲ့ပစ္စည်းအရောင်းဆိုင်ကို ပိတ်ပြီးဇာတ်မြုပ်သွားတယ်လို့ မင်းပဲပြောခဲ့တာ မဟုတ်လား”

မိန်စင်းယိက..

“ဟုတ်ပါတယ်ရှင်၊ သံတူက ဇာတ်မြုပ်လိုက်တယ်၊ ဒါကြောင့် ရှင်တို့သူ့ကိုသွားရှာလို့ တွေ့မှာမဟုတ်ဘူးလို့ ကျွန်မပြောခဲ့တာပါ”

“သူ ဘယ်မှာရှိနေတယ်ဆိုတာ ပြောပြဦးမှပေါ့ဗျာ”

မိန်စင်းယိ ခေါင်းညိတ်လိုက်လေသည်။

“ပြောပါ့မယ်ရှင်၊ သံတူဟာ ‘ဒေါင်းတောင်ကျေးရွာ’မှာရှိနေပါတယ်”

မုယုံကျင်းနှင့်ယွဲ့ဖိန်းတို့ အချင်းချင်းကြည့်လိုက်ကြသည်။

ပန်းပဲဆရာသံတူ(ဝါ) မုံစန်းဇာတ်မြုပ်နေသည့် ကျေးရွာကိုသိလိုက်ရပြီ ဖြစ်လေသည်။

"ဂူကျူးရိက ဒေါင်းတောင်ကျေးရွာကို သွားနေပြီ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဒါဖြင့် ကျုပ်တို့နောက်ကျနေပြီ ထင်တယ်"

ယွဲ့ဖိန်း မချင့်မရဲညည်းတွားလိုက်ရာ မိန်စင်းယိက နှစ်သိမ့်လိုက်လေသည်။

"သိပ်လည်း စိတ်မပူပါနဲ့ရှင်၊ မုံစန်းဟာ ဓားကျိုးနဲ့ပတ်သက်ပြီး အတွေ့အကြုံရထားပြီးပါပြီ၊ ရုတ်တရက် သူ့ဆီကရယူဖို့မလွယ်ပါဘူး၊ ဂူကျူးရိဟာ ရှင်တို့ထက် အယင် ဒေါင်းတောင်ကျေးရွာကို သွားတယ်ဆိုပေမယ့် ဓားကျိုးကိုရဖို့ဆိုတာ မသေချာသေးပါဘူး"

"ကောင်းပြီလေ၊ ကျုပ်တို့နောက်မှ ပြန်ပြီးဆုံတွေ့ကြတာပေါ့"

ယွဲ့ဖိန်း နှုတ်ဆက်လိုက်လေသည်။

မုယုံကျင်းက မိန်စင်းယိအား တစ်စုံတစ်ခုမေးရန် ဟန်ပြင်ပြီးမှ မမေးဘဲနေလိုက်သည်။

"ကျုပ်ကို ခွင့်ပြုပါဦး"

မိန်စင်းယိအား နှုတ်ဆက်လိုက်လေသည်။

"ကောင်းပါပြီရှင်၊ ဓားကျိုးကို ရှင်တို့နှစ်ယောက် ရယူနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်ရှင်"

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့လည်း မိန်စင်းယိအား နှုတ်ဆက်



ကာထွက်လာခဲ့ကြလေတော့သည်။

♣ ♣ ♣

ယွဲ့ဖိန်းနှင့်မုယုံကျင်းတို့ လမ်းပေါ်သို့ပြန်လည်ရောက်ရှိလာကြပြီဖြစ်လေသည်။

မုယုံကျင်းက ယွဲ့ဖိန်းအား မေးလိုက်သည်။

"ဒေါင်းတောင်ရွာကို ဘယ်လိုသွားရမယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

ယွဲ့ဖိန်း ခေါင်းညိတ်လိုက်သည်။

"အင်း..သိတယ်"

မုယုံကျင်းက ချီးကျူးလိုက်လေသည်။

"မင်းအတော်ကို ပြောင်းလဲသွားတာပဲ"

"ဟေ"

"မင်းကမှ တကယ်သိုင်းသမားတစ်ယောက် ဖြစ်နေတာကွ၊ သိုင်းလောက သိုင်းသမားတွေနဲ့ပတ်သက်ပြီး မင်းမသိတာ ဘာတစ်ခုမှမရှိသလောက်ပဲ"

"ဟား...ဟား...ဟား"

ယွဲ့ဖိန်း သဘောကျစွာ ရယ်မောလိုက်လေသည်။

မုယုံကျင်းက...

"ငါတကယ်ပြောတာ သိုင်းလောကမှာ ကျင်လည်ကျက်စားမယ်ဆိုယင် မင်းဆီက အကြံဉာဏ်နဲ့လမ်းညွှန်မှုကို မဖြစ်မနေရယူမှ

ဖြစ်တော့မယ်”

“မုယုံကျင်း...ငါ့ကိုသည်လောက် အထင်မကြီးပါနဲ့ကွာ၊ မင်းရှာပြန်နေတဲ့အချိန်မှာ ငါက သိုင်းလောကထဲမှာရှိနေခဲ့တာကိုး၊ ကဲ ဒါက အရေးမကြီးပါဘူး၊ မင်းက မိန်စင်းယီကို တစ်ခုခုမေးမလို့ ဟန်ပြင်ပြီးမှ မမေးဘဲနေခဲ့တာ ငါသတိပြုမိလိုက်တယ် ဘာတွေမေးမလို့လဲ ပြောစမ်းပါဦး”

မုယုံကျင်း သက်ပြင်းချလိုက်သည်။

“ပန်းပဲဆရာအကြောင်း၊ သိုင်းဆရာလင်းချီအကြောင်း၊ ဓားကျိုးအကြောင်း စုံစုံလင်လင်သိခဲ့ရပေမယ့် ဓားကျိုးဟာ ဘာမှအသုံးမဝင်တော့တဲ့ ဓားတစ်လက်ဘဝကနေ ပြိုင်စံရှားတဲ့ဓားတစ်လက်ဘာကြောင့်ဖြစ်သွားပြန်ရတာလဲဆိုတာ ငါမရှင်းသေးဘူး”

ယဲ့ဖိန်း မျက်မှောင်ကုပ်သွား၏။

“ဟုတ်သားပဲ၊ ဓားကျိုးကိုလွှင့်ပစ်ရမယ့် အခြေအနေဖြစ်သွားပြီးမှ ဘာကြောင့် ထိပ်တန်းဓားတစ်လက်ဘဝပြန်ရောက်သွားရတာလဲ”

မုယုံကျင်း၏စကားကို သံယောင်လိုက်ကာ ညည်းတွားလိုက်လေသည်။

သို့သော်...

“ကဲ..ဒါကို ခေါင်းခြောက်ခံပြီး တွေးမနေပါနဲ့တော့လေ၊ မုံစန်းကိုတွေ့ရယင် အားလုံးသိရမှာပဲ မဟုတ်လား”

ယဲ့ဖိန်းက အချိန်တန်လျှင် အဖြေသိရမည်ဆိုသောသဘော ပြောရာ မုယုံကျင်း လက်ခံလိုက်လေသည်။



“ကောင်းပြီလေ...သည်ကိစ္စ အမှန်အတိုင်းသိရမယ်လို့ ငါယုံကြည်ပါတယ်”

ထို့နောက် နှစ်ယောက်သား ဒေါင်းတောင်ကျေးရွာသို့ ဦးတည်ခရီးနှင်လိုက်ကြလေတော့သည်။

## မိန်းမပျို

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများနှင့်အတူဒေါင်းတောင် ကျေးရွာသို့ ဦးတည်နေသော လမ်းအတိုင်း မြင်းလှည်းတစ်စီးခရီးနှင်နေသည်။

မြင်းလှည်းပေါ်၌ ယွဲ့ဖိန်းနှင့်မုယုံကျင်းတို့ လိုက်ပါလာခဲ့ကြလေသည်။

ဓားကျိုး၊ ဂူကျူးရိစသည့် ပတ်သက်စရာအကြောင်းများကြောင့် နှစ်ယောက်သား စိတ်လှုပ်ရှားနေကြသည်။



ဒေါင်းတောင်ရွာသို့ အချိန်မီ ရောက်သွားနိုင်ပါမည်လော။

ဂူကျူးရိသည် သူတို့ထက်အယင်ရောက်သွားပြီး ဓားကျိုးအားရယူသွားတော့မည်လော။

ယွဲ့ဖိန်းက မြင်းလှည်းမောင်းကာ မုယုံကျင်းက သက်တောင့်သက်သာ လိုက်ပါလာခြင်းဖြစ်သည်။

ယွဲ့ဖိန်းက အထင်မှားမိခဲ့သည်ကို တောင်းပန်ပြီးသည့်နောက်ပိုင်း အစစအရာရာ မုယုံကျင်းကို ဦးစားပေးခဲ့လေသည်။

ယခုလည်း ဒေါင်းတောင်ရွာသို့ ဦးတည်ခရီးနှင်ယင်း ဓားကျိုးနှင့်ပတ်သက်၍ ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုလိုက်လေသည်။

"မုယုံကျင်း...ဆရာရသေ့က ပြိုင်ဘက်ကင်းသိုင်းသမားကြီးလို့ သတ်မှတ်ခံရတဲ့အတိုင်း သူ့ရဲ့ပညာတွေ မတိမ်ကောရလေအောင် တပည့်တစ်ယောက်မွေးပြီး ပညာအမွေပေးမယ်လို့ ရည်ရွယ်ထားခဲ့တယ် မဟုတ်လား"

မုယုံကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ"

ယွဲ့ဖိန်းက.....

"ဒါပေမယ့် ဆရာရသေ့က တပည့်နှစ်ယောက်လက်ခံ သင်ကြားပေးခဲ့တယ်"

မုယုံကျင်း သက်ပြင်းချလိုက်သည်။

"ငါ့ကို အယင်တွေ့သွားလို့ ငါကံကောင်းခဲ့တာပါကွာ၊ မင်းနဲ့ဆုံဆည်းပြီးပြီဆိုယင် ဘယ်လိုအကြောင်းနဲ့မှ ငါ့ကိုလက်ခံမှာမဟုတ်

တာသေချာပါတယ်"

ယွဲ့ဖိန်း ပြုံးလိုက်သည်။

"ဒါဟာ ငါတို့နှစ်ယောက် ဆုံတွေ့ရအောင် ရေးရေစက်ရှိခဲ့လို့ပေါ့ကွာ"

မုယုံကျင်းနှင့်ယှဉ်လျှင် ယွဲ့ဖိန်းမှာ ဆရာရသေ့ခုံကျူး၏ တပည့်ဖြစ်ဖို့ပို၍ အခွင့်အရေးရှိသူဖြစ်လေသည်။

ခုံကျူးရသေ့က ယွဲ့ဖိန်းသာ အယင်ရောက်လာခဲ့ပါလျှင် နောက်ထပ်တပည့်တစ်ယောက် ရှာဖွေနေတော့မည် မဟုတ်ပါချေ။

သူ၏စိတ်ကြိုက်ရွေးချယ်တော့မည် မဟုတ်သလို လာရောက်ခယတောင်းပန် တပည့်ခံလျှင်လည်း လက်မခံဘဲ မည်သူ့ကိုမဆို ငြင်းပယ်တော့မည်ဖြစ်ပါသည်။

မုယုံကျင်းက တပည့်ဖြစ်ခွင့်ရခဲ့သည်မှာ ယွဲ့ဖိန်းရထိုက်သောအခွင့်အရေးကို ကြားဝင်ခံစားလိုက်သကဲ့သို့ ရှိနေပါတော့သည်။

မုယုံကျင်းက ယွဲ့ဖိန်းအား အကဲခတ်လိုက်၏။

ယွဲ့ဖိန်းမှာ မည်သို့မျှခံစားရပုံမရှိဘဲ ဆက်၍ပြောဆိုနေပါသည်။

"မင်းကံကောင်းတာ မဟုတ်ဘူး၊ ငါလည်း အတော်ကိုကံကောင်းတာကွ၊ ဆရာရသေ့ဆီကိုသွားပြီး သိုင်းပညာသင်ယူဖို့ ငါ့အဖေကတိုက်တွန်းနေတာကြာပြီ၊ ငါက ရှောင်ဖယ်ဖယ်နေခဲ့တာ၊ နောက်မှ စိတ်ကူးပေါက်ပြီး စစ်လိန်တောင်ကိုသွားဖို့ ဆုံးဖြတ်လိုက်တာ"

မုယုံကျင်းက...



"မင်းသည်လိုဆုံးဖြတ်လိုက်တာ သိပ်ကောင်းတာပေါ့၊ ဒါမှမဟုတ်ယင် ငါတို့နှစ်ယောက် ခုလိုတွေ့နိုင်စရာအကြောင်းရှိမှာ မဟုတ်တော့ဘူး"

"အေးကွ..မင်းနဲ့ဆုံဆည်းရတာ ငါ့အဖေကိုကော ငါ့အဘိုးကိုပါ ကျေးဇူးတင်ရမှာ"

"မင်းအဘိုးက.."

"ငါ့အဘိုးက ဆရာရသေ့နဲ့ ငယ်သူငယ်ချင်းလေကွာ"

ခုံကျူးရသေ့သည် ယွဲ့ဖိန်းအဘိုး၏မျက်နှာကို ထောက်ထားပြီးယွဲ့ဖိန်းအား တပည့်အဖြစ် လက်ခံလိုက်ခြင်းဖြစ်လေသည်။

"ငါ့အဘိုးရယ်၊ ဆရာရသေ့ရယ်၊ ပန်းပဲဆရာသံတူဆိုတဲ့ မုံစန်းရယ် ညီအစ်ကိုလိုဖြစ်ခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေပေါ့"

မုယုံကျင်းက ယွဲ့ဖိန်းကို ငေးကြည့်နေပါသည်။

ယွဲ့ဖိန်းက...

"ဆရာရသေ့နဲ့ မုံစန်းဟာ အင်မတန်ဆင်းရဲနွမ်းပါးကြတယ်ဟဲ ဟဲ ငါ့အဘိုးကတော့ ကျိကျိတက်ချမ်းသာကြွယ်ဝတဲ့ သူဌေးသားပေါ့ကွာ၊ ဆရာရသေ့နဲ့မုံစန်းတို့ လိုအပ်သမျှကို ငါ့အဘိုးကပဲ ထောက်ပံ့ခဲ့ရတာ"

ယွဲ့ဖိန်း၏အဘိုးသည် အလွန်သဘော မနောကောင်းပြီး စိတ်ထားဖြူစင်သူဖြစ်သည်။

ဆင်းရဲချို့တဲ့သော သူငယ်ချင်းနှစ်ယောက်အား လိုလေသေးမရှိ ကူညီထောက်ပံ့ပေးခဲ့သည်။

ကြီးပြင်းလာကြသည်အထိ နှစ်ပေါင်းများစွာကူညီပံ့ပိုးခဲ့

ခြင်းဖြစ်သည်။

ယွဲ့ဖိန်း၏အဘိုးကြောင့် မုံစန်းက ပန်းပဲဖိုထောင်နိုင်သည် အထိ အဆင်ပြေခဲ့သည်။

ခုံကျူးရသေ့မှာလည်း သိုင်းပညာကို အေးချမ်းစွာ လေ့လာ နိုင်ခဲ့လေသည်။

ခုံကျူးရသေ့နှင့်မုံစန်းတို့အပေါ်၌ ယွဲ့ဖိန်းအဘိုး၏ ကျေး ဇူးများ ဆပ်မကုန်အောင်ရှိနေသည်ဟု ဆိုနိုင်ပေတော့သည်။

ထို့ကြောင့် ယွဲ့ဖိန်းအား သိုင်းပညာပေးပါဆိုလျှင် ခုံကျူးရ သေ့ငြင်းနိုင်တော့မည် မဟုတ်ပါ။

ဓားကျိုးကို လိုချင်သည်ဆိုလျှင်လည်း မုံစန်းငြင်းနိုင်လိမ့် မည်မဟုတ်ပါချေ။

ယွဲ့ဖိန်းက...

"ဆရာရသေ့က ငါ့ကိုလက်ခံခဲ့တယ်၊ ဓားကျိုးကိုလိုချင် တယ်ဆိုယင်လည်း ပေးမှာသေချာတယ် ဒါကြောင့် မင်းပူစရာမလို တော့ဘူး"

"ငါက..."

"ဓားကျိုးကို ငါရခဲ့ယင် မင်းကိုပေးလိုက်မှာပေါ့ကွာ"

မုယုံကျင်း သက်ပြင်းချမိလေသည်။

ယွဲ့ဖိန်းသည် ကိုယ့်အတွက်ကိုယ်မကြည့်တော့ဘဲ အစစအ ရာရာတိုင်း၌ သူ့ကိုဦးစားပေးနေခြင်းကြောင့် အားတုံ့အားနာဖြစ် လာတော့သည်။

"ဓားကျိုးကို ငါက..."



မုယုံကျင်း စကားဆုံးအောင် မပြောလိုက်ရပါ။

"ကယ်တော်မူပါ"

အော်ဟစ်အကူအညီတောင်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

♣ ♣ ♣

ရတ်တရက် ကြားလိုက်ရသော အကူအညီတောင်းသံကြောင့် မုယုံကျင်း စကားစပြတ်သွားလေသည်။

အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်မိ၏။

ထိုအခါ မိန်းကလေးတစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

အနက်ရောင်ဝတ်ထားသူ ငါးယောက်က မိန်းကလေး၏နောက်သို့ လိုက်လာနေကြသည်။

မုယုံကျင်း မြင်းလှည်းပေါ်မှ ခုန်ဆင်းရန်ဟန်ပြင်လိုက်၏။

ယွဲ့ဖိန်းက…

"မင်းသွားပြီး ကူညီမလို့လား"

"ဟုတ်တယ်လေ၊ မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်နေတာ လက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ"

ယွဲ့ဖိန်း၏မျက်နှာအမူအရာက ထူးထူးခြားခြား ဖြစ်နေ၏။

"ဒါဟာ ထောင်ချောက်တစ်ခု ဆိုယင်ကော"

"ဟင်"

မုယုံကျင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ယွဲ့ဖိန်းက…

"ဂူကျူးရိက ငါတို့ကိုဒုက္ခပေးဖို့ အမျိုးမျိုးကြိုးစားနေတယ်ဆိုတာကို မင်းမေ့ထားလို့ ဘယ်ဖြစ်ပါ့မလဲ"

မုယုံကျင်းက မိန်းကလေးအား လှမ်းကြည့်လိုက်လေသည်။

မိန်းကလေးသည် မုယုံကျင်းတို့အား တွေ့မြင်လိုက်ရသဖြင့် အားတက်သွားလေသည်။



"ကျွန်မကို ကူညီပါရှင်

မုယုံကျင်းတို့ မြင်းလှည်းဆီသို့ ပြေးလာလေသည်။

"မပြေးနဲ့"

"မလွတ်စေနဲ့ဟေ့ မိအောင်ဖမ်းကြ"

အနက်ရောင်ဝတ်ထားကြသူများလည်း ညာသံပေးကာလိုက်လာကြလေသည်။

မိန်းကလေးအား မီလုမီခင်ဖြစ်လာတော့သည်။

မုယုံကျင်း သက်ပြင်းချလိုက်သည်။

"ထောင်ချောက်ဆိုယင်လည်း မတတ်နိုင်တော့ဘူး"

စကားဆုံးလျှင် တစ်ချက်အားယူပြီး မြင်းလှည်းပေါ်မှခုန်ထွက်သွားလေသည်။

"ဟူး"

မုယုံကျင်း ခုန်ထွက်သွားသည်ကို မြင်လျှင်ယွဲ့ဖိန်း ထိတ်လန့်သွားသည်။

"မုယုံကျင်း…မင်း"

ဟန့်တားရန် ကြံရွယ်လိုက်သော်လည်း မမီတော့ချေ။

ထိုစဉ် အနက်ရောင်ဝတ်ထားသူ ငါးယောက်သည် မိန်းကလေးအား မီသွားကြပြီဖြစ်လေသည်။

"လူယုတ်မာတွေ"

မိန်းကလေး အော်ငေါက်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

အနက်ရောင်ဝတ်ထားသူ ငါးယောက်အား သိုင်းပညာ

တတ်မြောက်ထားကြပြီး ရက်စက်ကြမ်းကြုတ်မည့်အသွင်ရှိကြလေသည်။

သို့သော် သူတို့၏တိုက်ခိုက်ပုံကိုကြည့်ရသည်မှာ မိန်းကလေးအား အသေသတ်ပစ်ဖို့ထက် အရှင်ဖမ်းဆီးသွားလိုသည့် သဘောရှိနေကြသည်ကို တွေ့ရ၏။

"ရပ်လိုက်"

မုယုံကျင်းက အော်ငေါက်ယင်း တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေသည်။

မိန်းကလေးမှာ အနက်ရောင်ဝတ်ထားသူ ငါးယောက်၏ လက်ချက်ဖြင့် ဒုက္ခရောက်ရတော့မည့် အချိန်လေး၌ မုယုံကျင်း ရောက်ရှိလာသဖြင့် ကံကောင်းသွားလေသည်။

မုယုံကျင်းက လက်နှစ်ဘက်ဝှေ့ယမ်း၍ တိုက်ခိုက်လိုက်လျှင်

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ထားသူများ ဖရိုဖရဲလွင့်စဉ်သွားကြလေတော့သည်။

ထိုလူများသည် မုယုံကျင်း၏သိုင်းစွမ်းကို မြင်လျှင်ဆက်၍ မတိုက်ခိုက်ဝံ့တော့ဘဲ ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

♣ ♣ ♣



အနက်ရောင်ဝတ်ထားသူ ငါးယောက် ထွက်ပြေးသွားကြသဖြင့် မိန်းကလေး စိတ်သက်သာရာရသွားလေသည်။

မုယုံကျင်းကိုလည်း ဦးညွှတ်လိုက်လေသည်။

"ကျေးဇူးတင်လိုက်တာရှင်၊ အစ်ကိုကြီးရဲ့ ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင်"

မုယုံကျင်း ပြုံးလိုက်သည်။

"ကျုပ်က အရေးမကြီးပါဘူး၊ ညီမဘာမှ မထိခိုက်မိဖို့အရေးကြီးပါတယ်"

မိန်းကလေးက..

"ကျွန်မ ဘာမှမဖြစ်ပါဘူးရှင်"

"ဒါဆိုလည်း ပြီးတာပါပဲ"

မုယုံကျင်းက လှည့်ထွက်ရန် ဟန်ပြင်လိုက်၏။

ဒုက္ခရောက်နေသူတစ်ယောက်အား ကူညီပြီးပြီဖြစ်၍ တာဝန်ကျေသွားပြီ မဟုတ်ပါလား။

"ခဏနေပါဦးရှင်"

မိန်းကလေး ဟန့်တားလိုက်သဖြင့် မုယံကျင်း လှည့်ကြည့်လိုက်လေသည်။

မိန်းကလေးက..

"ကျေးဇူးရှင်အစ်ကိုကြီးရဲ့ နာမည်ကိုသိပါရစေလားရှင်"

ဟုမေးလာလေသည်။

မုယံကျင်းမှာ ယခုမှ မိန်းကလေးအား အကဲခတ်ကြည့်မိလေသည်။

မိန်းကလေးသည် ချည်ကြမ်းအင်္ကျီဝတ်ဆင်ထားသည့် ကျေးတောသူလေးတစ်ယောက် ဖြစ်သည်။

သူမသည် ဖီးလိမ်းပြင်ဆင်ခြင်းမရှိဘဲ နတ်မိမယ်လေးနှင့်မခြားချောမောလှပနေသည်။

မိန်စင်းယိ၏အလှကား ပုလောင်သောအလှမျိုးဖြစ်ပြီး မိန်းကလေး၏အလှကား ဖြူစင်ရိုးသားကာ အေးချမ်းသောအလှမျိုးဖြစ်နေပါတော့သည်။

မုယံကျင်းသည် မိန်းကလေးအား အဖြေမပေးနိုင်သေးဘဲ ငေးမောကြည့်နေမိလေသည်။

ထိုစဉ်...

"ဟား..ဟား..ဟား"

ကျယ်လောင်သော ရယ်မောသံများထွက်လာမှ မုယံကျင်းသတိဝင်လာလေသည်။



ယွဲ့ဖိန်းက အနီးသို့ရောက်လာပြီး ရယ်မောလိုက်ခြင်းဖြစ်ပါသည်။

"မုယံကျင်း မင်းဘယ်လိုဖြစ်သွားတာလဲကွ၊ ဟိုက နာမည်မေးနေတယ် ဖြေလိုက်ဦးလေ"

"ဩော်..ဟုတ်သားပဲ"

မုယံကျင်လည်း ရှက်ရှက်ဖြင့် ရယ်မောလိုက်သည်။

"ကျုပ်က မုယံကျင်းပါ"

သူ၏အမည်ကို ပြောပြလိုက်သော်လည်း မိန်းကလေး၏အမည်ကိုမူ မမေးဖြစ်ခဲ့ချေ။

မိန်းကလေး ဦးညွတ်လိုက်သည်။

"ကျွန်မ မှတ်ထားပါ့မယ်ရှင်"

ယွဲ့ဖိန်းက...

"နေပါဦး ညီမတို့က ဘယ်လိုဖြစ်ကြတာလဲ"

ဟုမေးလိုက်လေသည်။

မိန်းကလေးက...

"ကျွန်မက ဟိုဘက်ရွာမှာ ဈေးဆိုင်ဖွင့်ထားပါတယ်၊ အိမ်ကို ခဏပြန်လာပြီး ဆိုင်ကိုပြန်ဖို့ ထွက်လာယင်း လမ်းမှာသည်ဂူတွေနှောင့်ယှက်လာကြတာပါရှင်"

အနက်ရောင်ဝတ်ထားသူများ၏ နှောင့်ယှက်မှုကိုခံရသဖြင့် အံ့ဩနေပုံရလေသည်။

"အယင်က သည်အရပ်မှာ လူဆိုးဓားပြဆိုတာ မရှိပါဘူးရှင်

အခုမှ ဘယ်ကဘယ်လိုပေါ်လာကြသလဲ မသိဘူး"

"သည်လူတွေကို ညီမ မသိဘူးလား"

"ဟင့်အင်း တစ်ခါမှမတွေ့ဖူးတဲ့ မျက်နှာစိမ်းတွေပါရှင်"

ယွဲ့ဖိန်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကောင်းပြီလေ၊ သူတို့ကို မောင်းထုတ်လိုက်ပြီဆိုတော့ ဘာမှကြောက်စရာမလိုတော့ပါဘူး၊ ညီမ သွားမယ်ဆိုယင် သွားနိုင်ပါပြီ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"

မိန်းကလေးလည်း နှုတ်ဆက်ကာ ထွက်သွားတော့၏။

ယွဲ့ဖိန်းက မုယုံကျင်းဘက်သို့ ပြန်လှည့်လိုက်သောအခါ မုယုံကျင်းမှာ မိန်းကလေးထွက်သွားသည်ကို ငေးမောကြည့်နေသဖြင့် နှာခေါင်းရှုံ့လိုက်သည်။

"မင်းတော်တော် ဣန္ဒြေပျက်တာပဲကွ"

ဟုလည်း အပြစ်တင်လိုက်ရာ မုယုံကျင်း ပြုံးလိုက်လေသည်။

"ငါ့ဘဝတလျှောက်မှာ စိတ်လှုပ်ရှားစရာ အကောင်းဆုံး မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရတာပါပဲကွာ"

"ဘယ်သူဘယ်ဝါမှန်းမသိဘဲ စိတ်ဝင်စားနေလို့ ဘာအကြောင်းထူးမှာလဲ၊ မင်းတစ်ခါထဲ ဘယ်မှာနေတယ်၊ နာမည်ဘယ်လိုခေါ်တယ် မေးထားလိုက်ရမှာ"

"ဟာ"

မုယုံကျင်း ရှက်သွားပြန်လေသည်။



ယွဲ့ဖိန်းက တဟားဟားရယ်မောလိုက်လေသည်။

"ကဲ…တို့နောက်ကျနေမယ် သွားရအောင်"

မုယုံကျင်းက မြင်းလှည်းဆီသို့လှမ်းသွားလျှင် ယွဲ့ဖိန်းလည်း ပြေးလိုက်လာလေသည်။

သို့သော် သူတို့မြင်းလှည်းဖြင့် ခရီးဆက်နိုင်ကြတော့မည် မဟုတ်ပါချေ။

အကြောင်းမှာ ထွက်ပြေးသွားကြသော အနက်ရောင်ဝတ်ထားသူ ငါးယောက် ပြန်လည်ရောက်ရှိလာကြပြီး တိုက်ခိုက်လာကြခြင်းကြောင့် ဖြစ်လေသည်။

♣ ♣ ♣

## လက်ရုံးငါးဖော်

အနက်ရောင်ဝတ်ထားသူ ငါးယောက် ပြန်လည်ရောက်ရှိလာကြလေသည်။

သူတို့အား 'ကျောက်ပေါက်မာ'ကြီးတစ်ယောက်က ဦးဆောင်လာခြင်းဖြစ်သည်။

အနက်ရောင်ဝတ်ထားကြသူများသည် ရုတ်တရက်ထွက်ပေါ်လာကြပြီး မုယုံကျင်းတို့အား တိုက်ခိုက်လိုက်ကြလေသည်။

"ဝှစ်..ဝှစ်..ဝှစ်"

လက်နက်ပုန်းလေးများ တရစပ်ပစ်လွှင့်လာလေသည်။

"သတိထား"



မုယုံကျင်းနှင့်ယွဲ့ဖိန်းတို့ တစ်ယောက်ကိုတစ်ယောက် သတိပေးကာ ကပျာကယာ ရှောင်တိမ်းလိုက်ကြ၏။

လက်နက်ပုန်းကလေးများသည် တဝီဝီမြည်ကာ ဖြတ်ကျော်သွားကြပြီး မြင်းလှည်းဆွဲသည့် မြင်းနှစ်ကောင်အား ထိမှန်သွားတော့သည့်။

"ဟီ...ဟီ...ဟီ"

မြင်းနှစ်ကောင် နာကျင်လွန်းသဖြင့် ကဆုန်ပေါက်ခုန်လိုက်ကြရာ..

"ဝုန်း"

မြင်းလှည်း တိမ်းမှောက်ပျက်စီးသွားတော့သည်။

မြင်းနှစ်ကောင်လည်း မြေပေါ်လဲကျ သေဆုံးသွားတော့သည်။

လက်နက်ပုန်းကလေးများ၌ အလွန်ပြင်းထန်သော အဆိပ်များလူးထားကြောင်း မုယုံကျင်းတို့ ရိပ်မိလိုက်ကြသည်။

အနက်ရောင်ဝတ်ထားသူ ငါးယောက်မှာ ကြောက်လန့်တကြားထွက်ပြေးသွားကြပြီးမှ ပြန်ရောက်လာကြသည်မှာ သူတို့နှင့် အတူပါလာသော ကျောက်ပေါက်မာကြောင့် ဖြစ်ရမည်ဟု မုယုံကျင်းတို့နားလည်လိုက်ကြလေသည်။

ကျောက်ပေါက်မာက...

"တိုက်ကြစမ်း"

အနက်ရောင်ဝတ်ထားကြသူများအား အမိန့်ပေးလိုက်၏။

"ဟေး"

အနက်ရောင်ဝတ်ထားကြသူများလည်း ဓားကိုယ်စီဖြင့် တဟုန်ထိုးပြေးဝင် တိုက်ခိုက်လိုက်ကြလေသည်။

ယွဲ့ဖိန်းက...

"မုယုံကျင်း မင်းနောက်ဆုတ်လိုက်၊ သည်လူတွေကို ငါဆုံးမလိုက်မယ်"

မုယုံကျင်းအား နောက်ဆုတ်ခိုင်းပြီး သူကိုယ်တိုင်က ရှေ့သို့ ခုန်ထွက်ကာ ထိုလူငါးယောက်နှင့် ရင်ဆိုင်လိုက်လေသည်။

အနက်ရောင်ဝတ်ထားကြသူများက ယွဲ့ဖိန်းအား ဝိုင်းရံကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

"ကျုပ်က မင်းတို့ကိုကြောက်နေမယ် ထင်သလား"

လက်နှစ်ဘက်ဝှေ့ယမ်းကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လျှင်...

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

အနက်ရောင်ဝတ်ထားသူ ငါးယောက် ဖရိုဖရဲဖြစ်သွားကြပြန်လေသည်။

"အသုံးမကျတဲ့ကောင်တွေ"

ယွဲ့ဖိန်းသည် ဒေါသတကြီး အော်ငေါက်နေသည့် ကျောက်ပေါက်မာအား စိန်ခေါ်လိုက်လေသည်။

"ခင်ဗျားကော ဘယ်လောက်အသုံးကျလို့လဲဗျ"

ကျောက်ပေါက်မာက...



"မင်းရဲ့ဦးခေါင်းကို ထုချေပြမယ်ကွ"

သံတင်းပုတ်ကြီးတစ်ခုဖြင့် တိုက်ခိုက်လာလေတော့သည်။

အလွန်ခွန်အားကောင်းသူမှသာလျှင် လေးလံလှသော သံတင်းပုတ်ကြီးအား လက်နက်အဖြစ် အသုံးပြုနိုင်လိမ့်မည် ဖြစ်သည်။

ကျောက်ပေါက်မာ၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်

သံတင်းပုတ်ကြီးဖြင့် ထုနှက်ခံရမည်ဆိုလျှင် ယွဲ့ဖိန်း သက်သာမည်မဟုတ်ပါချေ။

ယွဲ့ဖိန်း ခန္ဓာကိုယ် နွဲ့ပြီးပွတ်ကာသီကာ ရှောင်တိမ်းပေးလိုက်သည်။

"ဝှီး...ဝှီး"

သံတင်းပုတ်ကြီး လေထဲလွှဲယမ်းရိုက်ချသံများက ကြက်သီးထစရာဖြစ်နေသည်။

ကျောက်ပေါက်မာသည် သူ၏တိုက်ခိုက်မှု အရာမထင်သဖြင့် ဒေါသထွက်လာပြီး ပိုမိုပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ယွဲ့ဖိန်းအား အနိုင်လိုချင်ဇောများနေခြင်းကြောင့် သူ၏တိုက်ကွက်၌ ဟာကွက်များ အမှားများဖြစ်ပေါ်လာလေတော့သည်။

ယွဲ့ဖိန်းက...

"ခင်ဗျား သတိထားပါ"

သတိပေးယင်း ခါးမှဓားကို ဆွဲထုတ်ပြီး ကျောက်ပေါက်မာ၏ဝမ်းဗိုက်သို့ လျှပ်တပြက် ထိုးသွင်းလိုက်လေသည်။

ယွဲ့ဖိန်း၏တုန့်ပြန်မှုက ကျောက်ပေါက်မာ၏တိုက်ခိုက်လိုက်မှုထက် ပိုပြီးလျင်မြန်နေသည်။

"ဝုစ်"

"အွန့်"

ဝမ်းဗိုက်သို့တိုးဝင်သွားသော ဓားချက်ကြောင့် ကျောက်ပေါက်မာ ညည်းတွားလိုက်သည်။

လက်ထဲမှ သံတင်းပုတ်ကြီးလည်း မြေပေါ် ဝုန်းခနဲ ပြုတ်ကျသွားပြီး ဒယီးဒယိုင်နောက်ဆုတ်သွား၏။

"မင်း...မင်း"

ယွဲ့ဖိန်းအား မျက်လုံးပြူး၍ကြည့်ပြီး လဲကျသွားတော့၏။

အနက်ရောင်ဝတ်ထားသူ ငါးယောက် ထိတ်လန့်သွားကြသည်။

ကျောက်ပေါက်မာ ခံလိုက်ရသည်နှင့် သူတို့လည်း ဆက်၍တိုက်ခိုက်ခြင်းမပြုဝံ့ကြတော့ဘဲ ဒရောသောပါး ထွက်ပြေးသွားကြလေသည်။

သို့သော် ယွဲ့ဖိန်းက အလွတ်မပေးပါချေ။

"မင်းတို့ ဘယ်ပြေးမလဲ"

အော်ငေါက်ယင်း လျင်မြန်သောအဟုန်ဖြင့် လိုက်လံတိုက်ခိုက်လိုက်လျှင်..

"အား"

"အမယ်လေး"

"သေပါပြီဗျ"



စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာပြီး အနက်ရောင်ဝတ်ဆင်ထားကြသူများ မြေပေါ်လဲကျသွားကြလေတော့သည်။

♣ ♣ ♣

ကျောက်ပေါက်မာနှင့် အနက်ရောင်ဝတ်ထားကြသူများ မြေပေါ်လဲကျကာ မလှုပ်မယှက်ဖြစ်နေကြချေပြီ။

မုယုံကျင်း သက်ပြင်းချလိုက်သည်။

"အနက်ရောင်ဝတ်ထားတဲ့လူတွေဟာ တစ်ကြိမ်အရေးနိမ့်သွားပြီးကတည်းက နောက်ထပ်မယှဉ်ဝံ့တော့ဘဲ ထွက်ပြေးသွားကြတာ၊ သူတို့ပြန်ရောက်လာတာ ဟိုကျောက်ပေါက်မာကြောင့်ပဲ၊ တကယ်ဆို ကျောက်ပေါက်မာကို ဆုံးမပြီး ဟိုလူတွေကို ပြန်လွှတ်ပေးလိုက်ဖို့ကောင်းတာ"

ယွဲ့ဖိန်း လက်ကာပြလိုက်သည်။

"ငါ့ကို အပြစ်တင်ယင် မင်းမှားသွားလိမ့်မယ်ကွ၊ ကျောက်ပေါက်မာကိုတွေ့လိုက်တာနဲ့ သူတို့ဟာ ဂူကျူးရှိရဲ့လက်ရုံးငါးဖော်နဲ့ ပတ်သက်နေတယ်ဆိုတာ ငါသိလိုက်တာပဲ"

မုယုံကျင်းက...

"လက်ရုံးငါးဖော် ဟုတ်လား"

"အေး..ဂူကျူးရှိမှာ အားထားရတဲ့ လက်ရုံးငါးယောက်ရှိတယ်၊ ကိုယ်ရံတော်ငါးဦးလို့လည်း ပြောလို့ရတယ်၊ 'အဆိပ်မယ်'၊ 'ဓားသမား'၊ 'မြေခွေးနက်'၊ 'မာယာရှင်'နဲ့'စာပေသမား' ဆိုတဲ့လူ

တွေပဲ အင်မတန် ကြောက်စရာကောင်းတဲ့လူသတ်သမားတွေပေါ့"

မုယုံကျင်း မချိပြုံးပြုံးလိုက်သည်။

ဝူကျူးရိအား ရင်ဆိုင်နိုင်ရန် မလွယ်လှကြောင်း နားလည်မိသည်။

ကိုယ်ရံတော်သိုင်းသမားများပင် ကြောက်စရာကောင်းသူများဖြစ်နေလျှင် ဝူကျူးရိကိုယ်တိုင်ကား ဆိုဖွယ်ရာရှိတော့မည်မဟုတ်ပါချေ။

ယွဲ့ဖိန်းက...

"ငါတို့ ဒေါင်းတောင်ရွာကို လိုက်လာမယ်ဆိုတာသိလို့ တမင်နှောင့်ယှက်ဟန့်တားဖို့ စီစဉ်ထားတာပဲကွ၊ သည်လူတွေဟာ ကိုယ်ရံတော်ငါးဦးရဲ့တပည့်တွေ၊ ဒါကြောင့် နောက်ထပ်ဆိုးသွမ်းလို့မရအောင် စီရင်လိုက်ရတာ"

မုယုံကျင်းက....

"တပည့်တွေကိုတွေ့ရပြီဆိုယင် ဆရာတွေကိုတွေ့ရဖို့ နီးနေပြီပေါ့"

"သေချာတာပေါ့ကွာ"

"အေး..ဒေါင်းတောင်ရွာမှာ အန္တရာယ်တွေစောင့်ကြိုနေပြီမင်း ဘယ်လိုသဘောရသလဲ"

ယွဲ့ဖိန်း မဲ့ပြုံးပြုံးလိုက်သည်။

"ငါက သွားမယ်လို့ဆုံးဖြတ်ပြီးယင် ရောက်အောင်သွားမှာပဲကွ"

မည်သို့သော အခက်အခဲအန္တရာယ်များနှင့်မဆို ရင်ဆိုင်



သွားမည့်သဘောဖြစ်လေသည်။

ထိုစဉ် အက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မုယုံကျင်းတို့ ကြည့်လိုက်သောအခါ မလှမ်းမကမ်း၌ လူတစ်ယောက်ရှိနေသည်ကို တွေ့ရလေသည်။

ယွဲ့ဖိန်းက...

"ခင်ဗျားကကော ကျုပ်တို့ကိုဒုက္ခပေးချင်လို့လား"

ဟုမေးလိုက်သည်။

ထိုလူက...

"ခင်ဗျားတို့ နောက်ကြောင်းလှည့်ပြန်သွားကြတာ အကောင်းဆုံးပဲဗျ"

ယွဲ့ဖိန်းက...

"ကျုပ်က ဒေါင်းတောင်ရွာကို ရောက်အောင်သွားမယ်ဆိုယင်ကော"

"နေပါဦး ခင်ဗျားတို့ ဘာကြောင့် နှောင့်ယှက်ချင်ရတာလဲဗျ"

ထိုလူ၏အမေးစကားကြောင့် ယွဲ့ဖိန်း မကျေမနပ်ဖြစ်သွားသည်။

"ဘယ်သူက နှောင့်ယှက်မယ်ပြောလို့လဲ"

"မင်းတို့က.."

"ကျုပ်နာမည် ယွဲ့ဖိန်း..သူဌေးကြီးနန်းကုန်းရဲ့မြေး နန်းကုန်းယွဲ့ဖိန်းပဲ"

နန်းကုန်းယွဲ့ဖိန်းဆိုသော အမည်ကိုကြားလျှင် ထိုလူလှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"လက်စသတ်တော့ ဆရာကြီးသံတူရဲ့ကျေးဇူးရှင် သူဌေးကြီးနန်းကုန်းနဲ့ ပတ်သက်နေတာကိုး၊ အချင်းချင်းတွေဖြစ်နေတာပဲ"

ယွဲ့ဖိန်းက...

"ခင်ဗျားက ဆရာသံတူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ထိုလူက...

"ကျုပ်က ကျောက်ရိတောင်ပါ ဆရာသံတူရဲ့လက်ရုံးပါ၊ မိတ်ဆွေတို့ကို ဒေါင်းတောင်ရွာက ဖိတ်ခေါ်ပါတယ်ဗျာ"

ပန်းပဲဆရာသံတူ(ဝါ) မုံစန်း၏လူယုံတော်တစ်ဦးနှင့်တွေ့လိုက်ရခြင်းကြောင့် ယွဲ့ဖိန်းတို့ ဝမ်းသာသွားကြလေတော့သည်။

ပထမပိုင်းပြီး၏။

၃-စာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။